ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

# တရားစီရင်ထုံးများ

ဗဟိုတရားစီရင်ရေးအဖွဲ့

စီရင်ချက်များ

## ၁၉၇၅ ခုနှစ်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့တရားသူကြီးအဖွဲ့၏ခွင့်ပြုချက်အရထုတ်ဝေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နံပါတ် 22030
ရက်စွဲ ...............

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
စာကြည့်တိုက်

တရားရုံးများလက်စွဲ အပိုဒ်၉၇၂အရ တစ်ကြိမ်ထုတ်ရမ်းလျှင်
ရက်သတ္တပတ်(၃)ပတ်ထက်မပိုစေရ။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

# တရားစီရင်ထုံးများ

ဗဟိုတရားစီရင်ရေးအဖွဲ့

စီရင်ချက်များ

## ၁၉၇၅ ခုနှစ်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့တရားသူကြီးအဖွဲ့၏ခွင့်ပြုချက်အရထုတ်ဝေသည်။

F. A

ဗဟိုတရားရုံး၊ ဒုတိယညွှန်ကြားရေးမှူး၊ ဦးမြင့်ထွန်း၊ ကင်းလွတ်ခွင့်အမှတ်
(၃၄၉)က မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ပုံနှိပ်တိုက်၊ အမှတ် ၄၂၊
ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်ထုတ်ဝေသည်။

# ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
# ပြည်သူ့ တရားသူကြီးအဖွဲ့

(၁-၁၀-၇၅ နေ့မှ ၃-၁၁-၇၅ နေ့ထိ)

| | | | |
|---|---|---|---|
| ၁။ ဦးတင်အောင်ဟိန်း | ဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ဒုတိယဆင့် | .... | ဥက္ကဋ္ဌ |
| ၂။ သီရိပျံချီဦးတင်အောင် | နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့် | .... | အဖွဲ့ဝင် |
| ၃။ ဦးလှဘုန်း | .... .... | .... | အဖွဲ့ဝင် |
| ၄။ ဦးခင်ဇာမုံ | .... .... | .... | အဖွဲ့ဝင် |
| ၅။ ဦးထွန်းရှိန် | .... .... | .... | အဖွဲ့ဝင် |
| ၆။ ဦးအေးမောင် | ဝါဏိဇ္ဇဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ | .... | အဖွဲ့ဝင် |
| ၇။ ဦးသန့်စင် | ဝါဏိဇ္ဇဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ | .... | အဖွဲ့ဝင် |
| ၈။ ဦးတင်အုန်း | မဟာဝိဇ္ဇာ .... | .... | အဖွဲ့ဝင် |

(၄-၁၁-၇၅ နေ့မှ ၃၁-၁၂-၇၅ နေ့ထိ)

| | | | |
|---|---|---|---|
| ၁။ ဦးတင်အောင်ဟိန်း | ဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ဒုတိယဆင့် | .... | ဥက္ကဋ္ဌ |
| ၂။ ဗိုလ်ချုပ်ကိုကြီး | .... .... | .... | အဖွဲ့ဝင် |
| ၃။ ဗိုလ်ချုပ်ခင်မောင်ကျော် | .... .... | .... | အဖွဲ့ဝင် |
| ၄။ ဝဏ္ဏကျော်ထင် သီရိပျံချီဦးတွမ်မှုန်း | ဝိဇ္ဇာ(ဂုဏ်ထူး) | .... | အဖွဲ့ဝင် |
| ၅။ ဦးထွန်းတင် | နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့် | .... | အဖွဲ့ဝင် |
| ၆။ ဦးဘမော် | ဝိဇ္ဇာ(ဂုဏ်ထူး)၊ ဥပဒေဝိဇ္ဇာ | .... | အဖွဲ့ဝင် |
| ၇။ ဒေါက်တာမောင်မောင်အေး | အမ်၊ဘီ၊ဘီ၊အက်စ်.... | .... | အဖွဲ့ဝင် |
| ၈။ ဦးဝင်းမောင် | ဘီ၊အက်စ်၊စီ၊အင်ဂျင်နီယာ(လျှပ်စစ်).... | | အဖွဲ့ဝင် |
| ၉။ ဗိုလ်မှူးချုပ်အေးစန် | .... .... | .... | အဖွဲ့ဝင် |

## ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
## တရားစီရင်ထုံးများစာအုပ် စိစစ်ထုတ်ဝေရေးအဖွဲ့

၁။ ဦးဘမော် — ဥက္ကဋ္ဌ
အဖွဲ့ဝင်၊ ပြည်သူ့တရားသူကြီးအဖွဲ့

၂။ ဦးဝင်းမောင် — အဖွဲ့ဝင်
အဖွဲ့ဝင်၊ ပြည်သူ့တရားသူကြီးအဖွဲ့

၃။ ဦးမြ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
တရားမဌာန၊ ဗဟိုတရားရုံး

၄။ ဦးတင်နွယ် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပြစ်မှုဌာန၊ ဗဟိုတရားရုံး

၅။ ဦးအောင်မြင် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
စီမံဌာန၊ ဗဟိုတရားရုံး

# ၁၉၈၅ ခုနှစ်

# ပြစ်မှုဆိုင်ရာအမှုများ

## စီရင်ထုံးပြုသောအမှုခင်းများ

### ပြစ်မှုဆိုင်ရာ အမှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| မောင်ညို | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် | ၁ |

## စီရင်ထုံးပြုသော မှုခင်းများ

## ပြစ်မှုဆိုင်ရာအမှုများ

စာမျက်နှာ

ဦးမောင်မြ နှင့် ဒေါ်ခင်မြ .... ၇

## စီရင်ထုံးပြုသောအမှုခင်းများ

## ပြစ်မှုဆိုင်ရာအမှုများ

စာမျက်နှာ


| | | | |
|---|---|---|---|
| **ဦးမောင်ကြီးပါ (၂)** | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် .... .... .... | ၁၁ |
| **မောင်သူရအောင်** | နှင့် | ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် .... .... .... | ၁၅ |

# ပြစ်မှုဆိုင်ရာ အမှုများ

ဥပဒေများ—

စာမျက်နှာ

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၄၂(၁)- အပြစ်ရှိကြောင်း ဝန်ခံထားသော ပူးတွဲတရားခံအား ရုံးခေါ် သက်သေအဖြစ် ခေါ်ယူစစ်ဆေးရန် အကြောင်း မပေါ်ပေါက်ခြင်း— အမှု တစ်မှုတွင် သက်သေခံတင်ပြ ထားသော ဖြောင့်ချက်အား အခြားအမှုတွင် သက်သေခံမတင်သွင်းပဲ ထည့်သွင်းစဉ်းစားနိုင်သည်ဟု သက်သေခံ ဥပဒေပုဒ်မ ၁၅၈ တွင် ပြဋ္ဌာန်းချက် မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ဥပဒေ ဝန်ထမ်းက ပူးတွဲတရားခံ မောင်လှထွန်းအား မြို့နယ်တရားရုံးက ရုံးခေါ် သက်သေအဖြစ် စစ်ဆေး ရာတွင် မောင်ညိုသည် အချင်းဖြစ် လုယက်မှုတွင် ပါဝင်ကြောင်း ထွက်ဆိုခဲ့ကြောင်း တင်ပြ လျှောက်ထားသည်။ မြို့နယ်တရားရုံးက တရားခံ မောင်လှထွန်း အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ အရ စွဲချက်တင်သောအခါ မောင်လှထွန်းက အပြစ်ရှိကြောင်း ဝန်ခံသဖြင့် မြို့နယ်တရားရုံးက သူ့အား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၅၅ (၂) အရ ပြစ်မှုထင်ရှားစီရင်ခဲ့သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၃၄၂ (၁) အရ တရားခံ တစ်ဦးသည် မိမိအတွက်သာ သက်သေခံခွင့်ရှိပေသည်။ တရားခံ မောင်လှထွန်းသည် သူ့အပေါ် တင်သော စွဲချက်ကို ဝန်ခံခဲ့ရာတွင် မြို့နယ်တရားရုံးက ယင်းဝန်ခံချက်ကို လက်ခံပြီး သူ့အပေါ် ပြစ်မှုထင်ရှားစီရင်ခဲ့သည် ဖြစ်၍ သူ့အား သက်သေအဖြစ် စစ်ဆေးရန်အကြောင်း မပေါ်ပေါက်တော့ချေ။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၃၄၂ (၁) အရ တရားခံတစ်ဦး အနေဖြင့် သက်သေခံခွင့်ကို ကန့်သတ်ထားသည် ဖြစ်၍ မြို့နယ်တရားရုံးက ယင်းပုဒ်မခွဲ၌ ခွင့်ပြုထားသည့် အတိုင်း တရားခံ မောင်လှထွန်းအား သူ့အတွက် စစ်ဆေးရန် အကြောင်းမရှိပဲ

ရုံးခေါ် သက်သေအဖြစ် စစ်ဆေးခြင်းမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၃၄၂ (၁)ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။အမှုတစ်မှုတွင် သက်သေခံအဖြစ် တင်ပြထားသော ဖြောင့်ချက်ကို အခြားအမှုတွင် သက်သေခံ အဖြစ် တင်ပြခြင်း မပြုပဲ နောက်အမှုတွင် အဆိုပါ ဖြောင့်ချက်ကို သက်သေခံအဖြစ် အသုံးပြုနိုင်သည်ဟု ပုဒ်မ ၁၅၈ တွင် ပြဋ္ဌာန်း ထားခြင်း မရှိချေ။ သို့ဖြစ်ရာ ချောင်းဆုံမြို့နယ်တရားရုံး ပြစ်မှု ဆိုင်ရာ အမှုကြီး အမှတ် ၁၆၂/၈၀ တွင် သက်သေခံ အဖြစ် တင်ပြထားသော ဖြောင့်ချက်ကို ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၇၄/၈၀ တွင် လျှောက်ထားသူ မောင်ညိုအပေါ် သက်သေခံ ဥပဒေပုဒ်မ ၁၅၈ အရ အသုံးပြုနိုင်သည်ဟု ကောက်ယူခြင်း မပြုနိုင်ပေ။ အဆိုပါ ဖြောင့်ချက်ကို မောင်ညို အပေါ် အသုံး ပြုလိုလျှင်သက်သေခံ ဥပဒေတွင်ပြဋ္ဌာန်းထားသည့် နည်းလမ်းများ အတိုင်း ဖြောင့်ချက်ကို သက်ဆိုင်ရာအမှုတွင် သက်သေခံအဖြစ် တင်ပြရန်လိုပေသည်။

မောင်ညို နှင့် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ၁

# ညွှန်းချက်

## ပြစ်မှုဆိုင်ရာ အမှုများ

ဥပဒေများ— **စာမျက်နှာ**

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၈၈ ပါ ပြဋ္ဌာန်းချက်— **ဖခင်ထံမှ ထောက်ပံ့ခြင်းကို ခံယူထိုက်သောကလေးမှာ အရွယ်မရောက်သေးသူ ဖြစ်ရမည်ဟု ဖော်ပြချက်မရှိခြင်း— အရွယ်ရောက်သူဖြစ်သော်လည်း မိမိဘာသာ မရပ်တည်နိုင်လျှင် ဖခင်ဖြစ်သူက ထောက်ပံ့ရန် တာဝန် ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၈၈ ပါ ပြဋ္ဌာန်းချက်တွင် ပါရှိသော ဖခင်ထံမှ ထောက်ပံ့ခြင်းကို ခံယူထိုက်သော ကလေးမှာ အရွယ်မရောက်သေးသူ ဖြစ်ရမည်ဟု ဖော်ညွှန်း ပြဋ္ဌာန်းထားခြင်း မရှိပေ။ အရွယ်ရောက်ပြီးသော ကလေးပင် ဖြစ်သော်လည်း မိမိဘဝကို မိမိဘာသာ မရပ်တည်နိုင်သေးသော ကလေးများအတွက် ဖခင်ဖြစ်သူအပေါ်တွင် ထောက်ပံ့ကျွေးမွေး ရန် တာဝန်ရှိနေကြောင်း ပြဋ္ဌာန်းထားသည်။

ဦးမောင်မြ နှင့် ဒေါ်ခင်မြ .... .... ၇

## ပြစ်မှုဆိုင်ရာအမှုများ

ဥပဒေများ— စာမျက်နှာ

၁။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ။

၂။ ၁၉၇၄-ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ။

**ခိုးယူခြင်းခံရသည့် ရွှေထည်ပစ္စည်း၏ အလေးချိန်နှင့်ညီမျှသော ရွှေချိန်ကို အပြည့်အဝပြန်ရလျှင်၊ ထိုပစ္စည်းကိုရောင်း၍ရသောငွေဖြင့် ဝယ်သည့် ပစ္စည်းများနှင့် ငွေများကို မရထိုက်ခြင်း—ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၅၁၇ ၏ ခြွင်းချက်— မူလပိုင်ရှင်လက်ရှိ ရထိုက်သော ပစ္စည်း ဖြစ်ခြင်း—ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၉—ခိုးရာပါ ပစ္စည်းမှန်း မသိ၍ သဘောရိုးဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ပါက ပြန်လည်ရရှိနိုင်ခွင့်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားလို ဦးကွန်ဘသည် ခိုးယူခြင်းခံရသည့် နားကပ်တစ်ရံ၏ အလေးချိန်နှင့်ညီမျှသော ရွှေချိန်ကို အပြည့်အဝပြန်လည်ရရှိခဲ့ပြီး ဖြစ်ပါလျက်၊ ယင်း နားကပ်ရောင်းရငွေနှင့် ဝယ်ယူထားသည့် လက်ဝတ်လက်စားများနှင့် ငွေသားများကိုပါ ဦးကွန်ဘသို့ ပေးအပ်စေရန် မြို့နယ်တရားရုံးက အမိန့်ချမှတ်ခဲ့ခြင်းသည်၊ ဦးကွန်ဘအား အကျိုးအမြတ် ရရှိစေရာ ရောက်သည်ဖြစ်၍ တရားမျှတမှုရှိသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ ဒေါ်အေးဝင်းထံမှ သိမ်းဆည်းခဲ့သော လက်ဝတ်လက်စားများမှာ သူ ခိုးယူသည့် နားကပ်များကို ရောင်းရသည့်ငွေနှင့် ဝယ်ယူထားသော ပစ္စည်းများဖြစ်သောကြောင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ ၏ ခြွင်းချက်တွင် အကျုံးဝင်၍ ယင်းပစ္စည်းများ၏ မူလပိုင်ရှင်ဖြစ်သူ ဦးမောင်ကြီး လက်ရှိရထိုက်သော ပစ္စည်းများဖြစ်ကြောင်း တွေ့ရှိရသည်။ လျှောက်ထားသူ ဦးသန်းထွန်းသည် တရားခံ ဒေါ်အေးဝင်းထံမှ ရွှေနားကပ်တစ်ဘက်ကို ခိုးရာပါပစ္စည်းမှန်းမသိ၍ သဘောရိုးဖြင့် ဝယ်ယူခဲ့ခြင်းသာဖြစ်ကြောင်းပေါ်ပေါက်သည့် အလျှောက်၊ တရားခံဒေါ်အေးဝင်း လက်ဝယ်မှ သိမ်းဆည်းရမိသည့်ငွေကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၉ အရ ပြန်လည်ရရှိနိုင်ခွင့် ရှိပေသည်။

**ဦးမောင်ကြီး၊ပါ(၂) နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ပါ(၂)** .... .... ၁၁

၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေ　စာမျက်နှာ
ပုဒ်မ ၁၄ (ဃ)အရ အရေးယူခြင်း—ကျန်းမာရေး ဝန်ကြီးဌာနအမိန့်ကြော်ငြာစာအမှတ် ၁/၇၅ ထုတ်ပြန်သည့် ၂၉-၃-၇၅ ရက်နေ့နှင့် ထိုနေ့ နောက်ပိုင်းတွင်၊ သက်ဆိုင်ရာမှတ်ပုံတင်ရေးနှင့် ဆေးကုသရေးဌာနများသို့ သတင်းပို့၍ ဆေးကုသမှုခံယူရန် ပျက်ကွက်သည့် မူးယစ်ဆေးဝါး ရုံဖန်ရုံခါ သုံးစွဲသူများသည် လည်းကောင်း၊ တာဝန်ခံဆရာဝန်များ၏ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်သူများသည်လည်းကောင်း၊ ၁၉၇၄ခုနှစ်၊မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေ ပုဒ်မ ၁၄ (ဃ) အရ အရေးယူအပြစ်ပေး ခံရမည်ဖြစ်ခြင်း—ထိုနေ့မတိုင်မီက မူးယစ်ဆေးဝါး ရုံဖန်ရုံခါ သုံးစွဲသူများကိုမူ နောက်ကြောင်းပြန်၍ အရေးယူနိုင်မည် မဟုတ်ခြင်း။

**ဆုံးဖြတ်ချက်။**　။ကျန်းမာရေးဝန်ကြီးဌာန၏ ၂၉-၃-၇၅နေ့စွဲဖြင့် ထုတ်ပြန် ကြေငြာခဲ့သော အမိန့်ကြော်ငြာစာ အမှတ် ၁/၇၅ အရ ကျန်းမာရေးဝန်ကြီးဌာန၏အမိန့်ကြော်ငြာစာအမှတ် ၅/၇၂၏ အပိုဒ် ၃ ကို အစားထိုးပြင်ဆင်ခဲ့သည်။ ယင်းပြင်ဆင်ချက်အရ အပိုဒ် ၃(က)တွင် ဖော်ပြထားသည့်အတိုင်း မှတ်ပုံတင်ရေးနှင့် ဆေးကုသရေးဌာနများသို့ သတင်းပို့၍ ဆေးကုသမှုခံယူရန် ပျက်ကွက်သည့် မူးယစ်ဆေးဝါး ရုံဖန်ရုံခါ သုံးစွဲသူများသည်လည်းကောင်း၊ အပိုဒ် ၃(ခ) တွင် ဖော်ပြထားသည့်အတိုင်း တာဝန်ခံဆရာဝန်၏ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်သူများသည်လည်းကောင်း ၁၉၇၄ ခုနှစ်၊ မူးယစ် ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ ပုဒ်မ ၁၄ (ဃ) အရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း တွေ့ရသည်။

မူးယစ်ဆေးဝါး ရုံဖန်ရုံခါ သုံးစွဲသူများသည် ကျန်းမာရေး ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ အမှတ် ၁/၇၅ ထုတ်ပြန်သည့် ၂၉-၃-၇၅ ရက်နေ့နှင့် ထိုနေ့နောက်ပိုင်းတွင် သက်ဆိုင်ရာ မှတ်ပုံတင်ရေးနှင့် ဆေးကုသရေးဌာနများသို့ သတင်းပို့၍ ဆေးကုသမှုခံယူရန် ပျက်ကွက်လျှင်သို့တည်းမဟုတ် တာဝန်ခံဆရာဝန်၏ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၄ (ဃ) အရ အရေးယူ အပြစ်ပေးခြင်း ခံရမည်ဖြစ်သည်။ ထိုနေ့ မတိုင်မီက မူးယစ်ဆေးဝါး ရုံဖန်ရုံခါ သုံးစွဲသူများကိုမူ နောက်ကြောင်းပြန်၍ အရေးယူနိုင်မည် မဟုတ်ပေ။

မောင်သူရအောင်　နှင့်　ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်　....　....　....　၁၅

# ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

## ဥက္ကဋ္ဌအဖြစ် ဦးထွန်းရှိန်၊ အဖွဲ့ဝင်များအဖြစ် ဦးမြကျော်နှင့် ဦးတင်အုန်း တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

မောင် ညို

နှင့်

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်*

†၁၉၇၅ မေလ ၂၃ ရက်

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၄၂(၁)-အပြစ်ရှိကြောင်း ဝန်ခံထားသော ပူးတွဲတရားခံအား ရုံးခေါ် သက်သေအဖြစ် ခေါ်ယူစစ်ဆေးရန် အကြောင်း မပေါ်ပေါက်ခြင်း— အမှုတစ်မှုတွင် သက်သေခံတင်ပြထားသော ဖြောင့်ချက်အား အခြားအမှုတွင် သက်သေခံမတင်သွင်းပဲ ထည့်သွင်းစဉ်းစားနိုင်သည်ဟု သက်သေခံဥပဒေပုဒ်မ ၁၅၈ တွင် ပြဋ္ဌာန်းချက် မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ဥပဒေဝန်ထမ်းကပူးတွဲတရားခံမောင်လှထွန်းအား မြို့နယ် တရားရုံး က ရုံးခေါ် သက်သေ အဖြစ် စစ် ဆေး ရာ တွင် မောင်ညိုသည် အချင်းဖြစ် လုယက်မှုတွင် ပါဝင်ကြောင်း ထွက်ဆိုခဲ့ကြောင်း တင် ပြ လျှောက် ထား သည်။ မြို့နယ်တရားရုံးက တရားခံ မောင်လှထွန်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ အရ စွဲချက်တင်သောအခါ မောင်လှထွန်းက အပြစ်ရှိကြောင်း ဝန်ခံသဖြင့် မြို့နယ် တရားရုံးက သူ့အား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၅၅ (၂)အရ ပြစ်မှုထင်ရှားစီရင်ခဲ့သည်။ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ၃၄၂(၁)အရ တရားခံတစ်ဦးသည် မိမိအတွက်သာ သက်သေခံခွင့်ရှိပေသည်။ တရားခံ မောင်လှထွန်းသည် သူ့အပေါ် တင်သော စွဲချက်ကို ဝန်ခံခဲ့ရာတွင် မြို့နယ်တရားရုံးက ယင်းဝန်ခံချက်ကိုလက်ခံပြီး သူ့အပေါ် ပြစ်မှုထင်ရှား စီရင်ခဲ့သည် ဖြစ်၍ သူ့အား သက်သေအဖြစ် စစ်ဆေးရန် အကြောင်း

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၀ (ခ)

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ်၁၃၂ တွင် ချမှတ်သော (၃၀-၁၁-၇၄) နေ့စွဲပါ မွန်ပြည်နယ် တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၇၅
မောင်ညို
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်

မပေါ်ပေါက်တော့ချေ။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၄၂ (၁) အရ တရားခံတစ်ဦး အနေဖြင့် သက်သေခံခွင့်ကို ကန့်သတ်ထားသည် ဖြစ်၍ မြို့နယ်တရားရုံးက ယင်းပုဒ်မခွဲ၌ ခွင့်ပြုထားသည့်အတိုင်း ဘုရားခံ မောင်လှထွန်းအား သူ့အတွက် စစ်ဆေးရန် အကြောင်းမရှိပဲ ရုံးခေါ် သက်သေအဖြစ် စစ်ဆေးခြင်းမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၃၄၂(၁)ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။အမှုတစ်မှုတွင် သက်သေခံ အဖြစ် တင်ပြ ထားသော ဖြောင့်ချက်ကို အခြားအမှုတွင် သက်သေခံအဖြစ် တင်ပြခြင်း မပြုပဲ နောက်အမှုတွင် အဆိုပါဖြောင့်ချက်ကို သက်သေခံအဖြစ် အသုံး ပြုနိုင်သည်ဟု ပုဒ်မ ၁၅၈ တွင် ပြဋ္ဌာန်းထားခြင်း မရှိချေ။ သို့ဖြစ်ရာ ချောင်းဆုံမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၆၂/၇၀ တွင် သက်သေခံအဖြစ် တင်ပြထားသော ဖြောင့်ချက်ကို ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၇၄/၇၀ တွင် လျှောက်ထားသူ မောင်ညိုအပေါ် သက်သေခံ ဥပဒေပုဒ်မ ၁၅၈ အရ အသုံးပြုနိုင်သည်ဟု ကောက်ယူခြင်းမပြုနိုင်ပေ။ အဆိုပါဖြောင့်ချက်ကို မောင်ညို အပေါ် အသုံးပြုလိုလျှင် သက်သေခံ ဥပဒေတွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းများ အတိုင်း ဖြောင့်ချက်ကို သက်ဆိုင်ရာအမှုတွင် သက်သေခံအဖြစ် တင်ပြရန်လိုပေသည်။

လျှောက်ထားသူ အတွက်— ဒေါ်မြတ်မြတ်မွန်၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက်— ဦးစိန်လှ၊ ဥပဒေဝန်ထမ်းအဆင့်(၁)

ချောင်းဆုံမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၇၄/၇၀ တွင် လျှောက်ထားသူ မောင်ညိုအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၂/၃၄ အရလည်းကောင်း၊ ပူးတွဲတရားခံ မောင်လှထွန်းအား ပုဒ်မ ၃၉၂ အရ လည်းကောင်း၊ ထောင်ဒဏ် ၇ နှစ်စီ အသီးသီးကျခံစေရန်နှင့် ယင်း ထောင်ဒဏ်ကို အဆိုပါ တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၆၂/၇၀ တွင် ချမှတ်ထားသော ထောင်ဒဏ်နှင့် တပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ မောင်ညိုက ယင်းအမိန့်ကို မကျေနပ်သဖြင့် မွန်ပြည် နယ် တရားရုံးတွင်အယူခံဝင်ရာ မွန်ပြည်နယ်တရားရုံးက မောင်ညိုအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ အရ ထောင်ဒဏ် ၄ နှစ်သာ ကျခံ စေရန် ပြင်ဆင်အမိန့်ချမှတ်သည်။ မောင်ညိုက မွန်ပြည်နယ်တရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ ပြင်ဆင်မှုကို တင်သွင်းသည်။

၁၉၇၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့ည ၇ နာရီခန့်တွင် ချောင်းဆုံမြို့နယ်၊ ရွာလွတ်ရွာသစ်နေ မလှညိမ်း (လိုပြ-၁)သည် မိမိ အိမ်အပြင်သို့ ထွက်၍ အကျီရုပ်နေစဉ် လူဆိုးနှစ်ဦး ရောက်လာပြီး မိမိ၏ လည်ပင်းတွင် ဆွဲထားသည့် ဆွဲကြိုးကို လုယူကြောင်း၊ မိမိက ဖအော်ဟစ် အကူအညီတောင်းသဖြင့် ရွာသားများ ဝိုင်းလာသောအခါ လူဆိုးများ ထွက်ပြေးကြောင်း စသည်ဖြင့် ဖော်ပြ၍ ချောင်းဆုံ ပြည်သူ့ရဲတပ်ဖွဲ့ စခန်းတွင် ပထမသတင်းပေး တိုင်ချက် ရေးဖွင့်လေသည်။

၁၉၇၅
မောင်ညိုနှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်

၎င်းအမှုတွင် ပစ္စည်းအလုခံရသော မလှညိမ်း (လိုပြ-၁)က မောင်ညို သည် ဆွဲကြိုးလုသည့် ကိစ္စတွင် ပါဝင်ကြောင်း စွပ်စွဲထားခြင်း မရှိချေ။ အခြားသက်သေများ ဖြစ်ကြသည့် ဒေါ်ငွေခင် (လိုပြ-၂)၊ ဦးပျိုငယ် (လိုပြ-၃)၊ ဦးသာဇီ (လိုပြ-၄)နှင့် ဦးတင်ငွေ (လိုပြ-၅)တို့ကလည်း မောင်ညိုသည် လုယက်မှုနှင့်တစုံတရာပတ်သက်ကြောင်း ထွက်ဆိုထားခြင်း မရှိချေ။ သို့ဖြစ်ရာ လျှောက်ထားသူ မောင်ညိုအပေါ် စွဲချက်တင်ရန် အထောက်အထား မရှိသဖြင့် မြို့နယ်တရားရုံးသည် သူ့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၅၃ (၁)အရ စွဲချက်မတင်ပဲ လွှတ်သင့်ပေသည်။

ဥပဒေဝန်ထမ်းက ပူးတွဲတရားခံမောင်လှထွန်းအားမြို့နယ်တရားရုံးက ရုံးခေါ်သက်သေအဖြစ် စစ်ဆေးရာတွင် မောင်ညိုသည် အချင်းဖြစ် လုယက်မှုတွင် ပါဝင်ကြောင်း ထွက်ဆိုခဲ့ကြောင်း တင်ပြလျှောက်ထား သည်။ မြို့နယ်တရားရုံးက တရားခံ မောင်လှထွန်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ အရ စွဲချက်တင်သောအခါ မောင်လှထွန်းက အပြစ် ရှိကြောင်း ဝန်ခံသဖြင့် မြို့နယ်တရားရုံးက သူ့အား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၅၅(၂)အရ ပြစ်မှုထင်ရှား စီရင်ခဲ့သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၄၂ (၁)အရ တရားခံတစ်ဦးသည် မိမိအတွက်သာ သက်သေခံခွင့် ရှိပေသည်။ တရားခံ မောင်လှထွန်းသည် သူ့အပေါ် တင်သော စွဲချက်ကို ဝန်ခံခဲ့ရာတွင် မြို့နယ်တရားရုံးက ယင်းဝန်ခံချက် ကို လက်ခံပြီး သူ့အပေါ် ပြစ်မှုထင်ရှား စီရင်ခဲ့သည် ဖြစ်၍ သူ့အား သက်သေအဖြစ် စစ်ဆေးရန်အကြောင်း မပေါ်ပေါက်တော့ချေ။ ပြစ်မှု ဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၄၂ (၁)အရ တရားခံတစ်ဦး အနေဖြင့် သက်သေခံခွင့်ကိုကန့်သတ်ထားသည်ဖြစ်၍ မြို့နယ်တရားရုံးကယင်းပုဒ်မခွဲ၌ ခွင့်ပြုထားသည့်အတိုင်း တရားခံ မောင်လှထွန်းအား သူ့အတွက် စစ်ဆေးရန် အကြောင်းမရှိပဲ ရုံးခေါ်သက်သေအဖြစ် စစ်ဆေးခြင်းမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၄၂(၁)ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင် ပေသည်။

၁၉၈၅
မောင်ညို
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်

မြို့နယ် တရားရုံးနှင့် မွန်ပြည်နယ် တရားရုံးတို့က လျှောက်ထားသူ မောင်ညိုသည် လုယက်မှုနှင့် စပ်လျဉ်း၍ ဖြောင့်ချက် ပေးထားသည်ဟု သုံးသပ်၍ ပြစ်မှုထင်ရှား စီရင်ထားကြောင်း တွေ့ရှိရသည်။ သို့ရာတွင် ယင်းဖြောင့်ချက်ကို ဤအမှုတွင် သက်သေခံအဖြစ် တင်ပြထားကြောင်း မတွေ့ရှိရချေ။ ဥပဒေဝန်ထမ်းက မောင်ညို၏ ဖြောင့်ချက်ကို ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၆၂/၈၀ တွင် သက်သေခံအဖြစ် တင်ပြထားကြောင်း၊ သက်သေခံ ဥပဒေပုဒ်မ ၁၅၈ အရ ယခင် အမှုမှ ဖြောင့်ချက်သည် သက်သေခံဝင်ကြောင်း၊ သို့သော်လည်း ပုဒ်မ ၇၇ အရ မှန်ကန်ကြောင်း ဝန်ခံသည့် မိတ္တူမှန်တင်သွင်းရန် လိုအပ်ကြောင်း၊ အမှုတွဲတွင်ဖြောင့်ချက် မပါသော်လည်း မြို့နယ်တရားရုံးက ဖြောင့်ချက်ကို လေ့လာပြီးမှ အမိန့်ချမှတ်ခဲ့ကြောင်း စသည်ဖြင့် တင်ပြလျှောက်ထားသည်။

သက်သေခံ ဥပဒေပုဒ်မ ၁၅၈ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

> "ပုဒ်မ ၃၂ သို့မဟုတ် ၃၃ အရ စပ်ဆိုင်သော သက်သေထွက်ဆိုချက်သည် သက်သေ ထင်ရှားပြီးဖြစ်လျှင် ၎င်းထွက်ဆိုချက်ကို ငြင်းဆန်ရန် သို့မဟုတ် ထောက်ခံ ရန်ဖြစ်စေ၊ ထွက်ဆိုသူသည် ယုံကြည်ထိုက်သူ မဟုတ်သည်ကို ဖော်ထုတ်ရန် သို့မဟုတ် ယုံကြည်ထိုက်သူ ဖြစ်သည်ကို ခိုင်လုံစေရန် ဖြစ်စေ၊ အကယ်၍ ထိုသူသည် သက်သေအဖြစ် တင်ပြ၍ ပြန်လှန်စစ်ဆေးရာတွင် ရည်ရွယ်သော အကြောင်းအရာသည် မှန်ကန်ခြင်း မရှိဟု ငြင်းဆိုလျှင် သက်သေထင်ရှား တင်ပြနိုင်သော အကြောင်းအရာ အားလုံးတို့ကို သက်သေခံ တင်ပြနိုင်သည်။"

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များမှာ သက်သေခံဥပဒေပုဒ်မ ၃၂ သို့မဟုတ် ၃၃ အရ စပ်ဆိုင်၍ သက်သေထင်ရှား ပြဆိုထားသောထွက်ဆိုချက်များနှင့် စပ်လျဉ်း၍ မည်သည့်အကြောင်းအရာများကို သက်သေခံ တင်ပြနိုင်ခြင်းနှင့် သက်ဆိုင်သည်။ အမှုတစ်မှုတွင် သက်သေခံ အဖြစ် တင်ပြထားသော ဖြောင့်ချက်ကို အခြားအမှုတွင် သက်သေခံ အဖြစ် တင်ပြခြင်း မပြုပဲ နောက်အမှုတွင် အဆိုပါ ဖြောင့်ချက်ကို သက်သေခံ အဖြစ် အသုံးပြုနိုင်သည်ဟု ပုဒ်မ ၁၅၈ တွင် ပြဋ္ဌာန်းထားခြင်းမရှိချေ။ သို့ဖြစ်ရာ ချောင်းဆုံ မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၆၂/၈၀တွင် သက်သေခံအဖြစ် တင်ပြထားသော ဖြောင့်ချက်ကို

**၁၉၈၅**
**မောင်ညို နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်**

ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၇၄/၈၀ တွင် လျှောက်ထားသူ မောင်ညို အပေါ် သက်သေခံ ဥပဒေပုဒ်မ ၁၅၈ အရ အသုံးပြုနိုင်သည်ဟု ကောက်ယူခြင်း မပြုနိုင်ပေ။ အဆိုပါ ဖြောင့်ချက်ကို မောင်ညို အပေါ် အသုံးပြုလိုလျှင် သက်သေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းများ အတိုင်း ဖြောင့်ချက်ကို သက်ဆိုင်ရာအမှုတွင် သက်သေခံအဖြစ် တင်ပြရန် လိုပေသည်။

လျှောက်ထားသူ မောင်ညိုသည် အချင်းဖြစ် လုယက်မှုတွင် ပါဝင်ကြောင်း အမှုတွဲ၌ တရားဝင်သည့် သက်သေခံချက်များမရှိ၍ မောင်ညို အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ အရ မြို့နယ်တရားရုံးနှင့် မွန်ပြည်နယ် တရားရုံးတို့က ပြစ်မှုထင်ရှား စီရင်ခြင်းနှင့် ထောင်ဒဏ် ၄ နှစ် ချမှတ်ခြင်းကို ပယ်ဖျက်၍ မောင်ညိုအား ဤအမှုမှ အပြီးအပြတ်လွှတ် လိုက်ကြောင်း အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်ဟိန်း၊ အဖွဲ့ဝင်များအဖြစ် ဦးလှကျွန်းနှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးမောင်မြ
နှင့်
ဒေါ်ခင်မြ *

† ၁၉၈၅
ဇူလိုင်လ
၄-ရက်

**ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၈၈-ပါ ပြဋ္ဌာန်းချက်—ဖခင်ထံမှ ထောက်ပံ့ခြင်းကို ခံယူထိုက်သော ကလေးမှာ အရွယ်မရောက်သေးသူ ဖြစ်ရမည်ဟု ဖော်ပြချက်မရှိခြင်း—အရွယ်ရောက်သူ ဖြစ်သော်လည်း မိမိဘာသာ မရပ်တည်နိုင်လျှင် ဖခင်ဖြစ်သူက ထောက်ပံ့ရန် တာဝန် ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၈၈ ပါ ပြဋ္ဌာန်းချက်တွင်ပါရှိသော ဖခင်ထံမှ ထောက်ပံ့ခြင်းကို ခံယူထိုက်သော ကလေးမှာ အရွယ်မရောက်သေးသူ ဖြစ်ရမည်ဟု ဖော်ညွှန်း ပြဋ္ဌာန်း ထားခြင်း မရှိပေ။ အရွယ်ရောက်ပြီးသောကလေးပင် ဖြစ်သော်လည်း မိမိဘဝကို မိမိဘာသာ မရပ်တည်နိုင်သေးသော ကလေးများအတွက် ဖခင်ဖြစ်သူအပေါ်တွင် ထောက်ပံ့ ကျွေးမွေးရန် တာဝန် ရှိနေကြောင်း ပြဋ္ဌာန်းထားသည်။

လျှောက်ထားသူအတွက် — ဦးတင်ရီ၊ ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက် — ဦးမင်းလွင်၊ ဗဟိုတရားရုံးရှေ့နေ။

ရန်ကုန်မြို့၊ ပထမရာဘက် ရာဇဝတ် တရားသူကြီးရုံး၊ ပြစ်မှုဆိုင်ရာ အသေးမှု အမှတ် ၁၀/၆၁ တွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၈၈ (၁) အရ ကလေးစရိတ်ရလိုကြောင်း ဇနီးဖြစ်သူ ဒေါ်ခင်မြက လျှောက်ထားရာ ဦးမောင်မြအပေါ် သားသမီး (၆)ယောက်၊ (မောင်ရွှေသန်း၊ မောင်ထွန်းသန်း၊ မလှအေး၊ မခင်သန်း၊ မောင်မျိုးသန့်နှင့် မတင်

---

* ၁၉၈၄-ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၃(ခ)။

† ၁၉၈၃-ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၀၅၃-တွင် ချမှတ်သော (၁၆-၁၁-၈၃) နေ့စွဲပါရန်ကုန်တိုင်းတရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

အား)တို့အတွက် တစ်လလျှင် စားစရိတ် ငွေကျပ် ၁၅၀/-ထောက်ပံ့စေရန် အမိန့်ချမှတ်ခဲ့သည်။

၁၉၈၅
ဦးမောင်မြ
နှင့်
ဒေါ်ခင်မြ

ပန်းဘဲတန်းမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာအသေးမှုအမှတ် ၄၆/၇၄ တွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၈၈ အရ ဒေါ်ခင်မြက ကလေးစရိတ် တိုးမြှင့်ပေးရန် လျှောက်ထားရာ ဦးမောင်မြ အပေါ် ကလေး(၆)ယောက်အတွက် တစ်လလျှင် စားစရိတ် ငွေကျပ် ၃၀၀/- တိုးမြှင့်ထောက်ပံ့စေရန် အမိန့် ချမှတ်ခဲ့သည်။ ဦးမောင်မြက မြို့နယ် တရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် ရန်ကုန်တိုင်း တရားရုံး၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၈/၇၄ တွင် ပြင်ဆင်မှုတင်သွင်းခဲ့ရာ မြို့နယ် တရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ ဦးမောင်မြက သား သမီး (၆) ယောက်အတွက် တစ်လလျှင် စားစရိတ်ငွေကျပ် ၁၅၀/-သာ ထောက်ပံ့စေရန် ပြင်ဆင်သတ်မှတ် အမိန့်ချမှတ်ခဲ့သည်။

တိုင်းတရားရုံး၏အမိန့်ကို ဒေါ်ခင်မြနှင့် ဦးမောင်မြတို့နှစ်ဦးစလုံးက မကျေနပ်သဖြင့် ဗဟိုတရားရုံး၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၂၇ (ခ)/၇၄ နှင့် ၄၄၉(ခ)/၇၄ တို့ကို အသီးသီး တင်သွင်းခဲ့ရာ အမိန့်ချမှတ်သည့် ၁-၄-၇၇-ရက် နေ့မှစ၍ ဦးမောင်မြက အိမ်ထောင်ရှင် သားကြီး မောင်ရွှေသန်းနှင့် အလုပ်လုပ်ကိုင်နေသူ မောင်ထွန်းသန်းတို့မှ အပ ကျန်ကလေး (၄) ယောက်အတွက် တစ်လလျှင် စားစရိတ်ငွေကျပ် ၅၀/-စီ စုစုပေါင်း ငွေကျပ် ၂၀၀/-ထောက်ပံ့စေရန် ပြင်ဆင်သတ်မှတ်ခဲ့သည်။

ပန်းဘဲတန်းမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အသေးမှုအမှတ် ၄၂၈/၈၂-တွင် ဒေါ်ခင်မြက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၈၈ အရ ကလေး(၄)ယောက်အတွက် တစ်လလျှင် စားစရိတ် ငွေကျပ် ၂၀၀/-မှ ကျပ် ၄၀၀/-သို့ တိုးမြှင့်ပေးရန်လည်းကောင်း၊ ပြစ်မှုဆိုင်ရာ အသေးမှုအမှတ် ၄၄၆/၈၂-တွင် ဦးမောင်မြက လက်ရှိ ကလေးစရိတ်ထောက်ပံ့နေရခြင်းတာဝန်ကို ရပ်စဲပေးရန် လည်းကောင်း အသီးသီး လျှောက်ထားခဲ့ရာ ဦးမောင်မြအပေါ် ကလေးစရိတ်ထောက်ပံ့နေရခြင်း တာဝန်ကို ရပ်စဲလိုက်၍ ဒေါ်ခင်မြ၏ လျှောက်လွှာကို ပလပ် ကြောင်း ၁၀-၈-၈၃ နေ့တွင် အမိန့်ချမှတ်ခဲ့သည်။

ဒေါ်ခင်မြက မြို့နယ်တရားရုံး၏အမိန့်ကို မကျေနပ်သဖြင့် ရန်ကုန်တိုင်းတရားရုံးတွင် အယူခံမှုတင်သွင်းခဲ့ရာ မြို့နယ် တရားရုံး၏ အမိန့်ကို

ပယ်ဖျက်၍ ဦးမောင်မြအပေါ် ကလေး (၄) ယောက် အတွက် တစ်ယောက်လျှင် တစ်လစားစရိတ် ငွေကျပ် ၇၀/-စီကို ၁၀-၈-၈၃-ရက်နေ့မှစ၍ တိုးမြှင့်ထောက်ပံ့စေရန် အမိန့်ချမှတ်ခဲ့သည်။ ၁၉၈၅ ဦးမောင်မြ နှင့် ဒေါ်ခင်မြ

ဦးမောင်မြက တိုင်းတရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် ဤပြင်ဆင်မှုကို တင်သွင်းသည်။

လျှောက်ထားသူ ဦးမောင်မြက သားသမီး (၄) ယောက် အနက် အကြီးဆုံးမှာ အသက် (၂၉) နှစ် ရှိ၍ အငယ်ဆုံး ကလေးမှာ အသက် (၂၃) နှစ် ရှိပြီဖြစ်ကြောင်း၊ မိမိသည် သားသမီးများအတွက် ၁၉၆၁-ခုနှစ်မှစ၍ နှစ်ပေါင်း (၂၂) နှစ်မျှ စားစရိတ်များကို ထောက်ပံ့ခဲ့ပြီးဖြစ်သဖြင့် ဖခင်တာဝန် ကျေပွန်လျက်ရှိကြောင်း၊ သားသမီးများသည် အသက် (၂၃) နှစ်မှ (၂၉) နှစ်ထိ ရှိသူများဖြစ်သဖြင့် မိမိတို့၏ ဘဝကို မိမိတို့ဘာသာ ရပ်တည်နိုင်ကြသူများ အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ သမီးကြီး မလှအေးနှင့် သားထွေး မောင်မျိုးသန့်တို့သည် ၃၁-၃-၈၅ ရက်နေ့တွင် အသီးသီး အိမ်ထောင် ပြုခဲ့ကြ၍ အိမ်ထောင်သည်များ ဖြစ်နေကြပြီဖြစ်ကြောင်း၊ ထိမ်းမြားမင်္ဂလာ ဖိတ်ကြားစာများကို ပူးတွဲလျက် တင်ပြသည်။

မူလမြို့နယ်တရားရုံးက "ကလေးစရိတ် ရရှိနေသော ဦးမောင်မြ၏ သားသမီး (၄) ယောက်သည် မိမိကိုယ်မိမိ ရပ်တည် လုပ်ကိုင်စားသောက်နိုင်သော အရွယ်များဖြစ်သည်ဟု သုံးသပ်၍ ဦးမောင်မြ လျှောက်ထားသည့်အတိုင်း ကလေးစရိတ်ပေးနေရခြင်းကို ရပ်စဲရန်နှင့် ဒေါ်ခင်မြ၏ ကလေးစရိတ် တိုးပေးရန် လျှောက်လွှာအား ပယ်ကြောင်း" ဖော်ပြလျက် အမိန့်ချမှတ်ခဲ့သည်။

တိုင်းတရားရုံးကမူ "ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၈၉ အရ ကလေး၏အခြေအနေ ပြောင်းလဲလာလျှင်၊ ဖခင်၏ စီးပွားရေး အခြေအနေ ပြောင်းလဲလာလျှင် ကလေးစရိတ်ကို ပြင်ဆင် ပြောင်းလဲရန် လျှောက်ထားနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ယခုအမှုတွင် ကလေးများသည် အသက်အရွယ်ကြီးလာပြီး ပညာ သင်ကြားနေကြသဖြင့် လည်းကောင်း၊ ဖခင်ဦးမောင်မြ၏ စီးပွားရေးအခြေအနေ ကောင်းမွန်လာသဖြင့် လည်းကောင်း ယခင် ချမှတ်အတည်ပြုထားသည့် ကလေးစရိတ် တစ်ဦးလျှင် ကျပ် ၅၀/-မှာ သင့်တင့်လျှောက်ပတ်သည်ဟု မဆိုနိုင်တော့ပေ" ဟု ကောက်ယူသုံးသပ်သည်။

၁၉၀၅
ဦးမောင်မြ
နှင့်
ဒေါ်ခင်မြ

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၈၈ ပါ ပြဋ္ဌာန်းချက်တွင် ပါရှိသော ဖခင်ထံမှ ထောက်ပံ့ခြင်းကို ခံယူထိုက်သော ကလေးမှာ အရွယ်မရောက်သေးသူ ဖြစ်ရမည်ဟု ဖော်ညွှန်း ပြဋ္ဌာန်းထားခြင်း မရှိပေ။ အရွယ်ရောက်ပြီးသော ကလေးပင် ဖြစ်သော်လည်း မိမိဘဝကို မိမိဘာသာ မရပ်တည်နိုင်သေးသော ကလေးများအတွက် ဖခင်ဖြစ်သူအပေါ်တွင် ထောက်ပံ့ကျွေးမွေးရန် တာဝန်ရှိနေကြောင်း ပြဋ္ဌာန်းထားသည်။

ဒေါ်ခင်မြ၊ ဦးမောင်မြ၏ညီ ဦးမောင်အေး၊ ညီမ ဒေါ်ခင်ကြည်နှင့် အလုပ်သမား ဦးလှမြိုင်တို့၏ ထွက်ဆိုချက်များအရ ဦးမောင်မြသည် စာပုံနှိပ်စက်ပိုင်ရှင်တစ်ဦးဖြစ်၍ တစ်လလျှင်ဝင်ငွေကျပ်၈၀၀၀/-ခန့်ရှိသူ ဖြစ်ကြောင်း ပေါ်လွင်သည်။

သို့ဖြစ်ရာ တိုင်းတရားရုံးက သားသမီးများသည် အသက်အရွယ်ကြီးလာပြီး ပညာသင်ကြားနေသဖြင့် လည်းကောင်း၊ ဖခင်၏ စီးပွားရေးအခြေအနေ ကောင်းမွန်လာသဖြင့် လည်းကောင်း ယခင်သတ်မှတ်ထားသော ကလေးစရိတ်များကို တိုးမြှင့်သတ်မှတ်သင့်သည်ဟု ကောက်ယူဆုံးဖြတ်ခြင်းမှာ မှားယွင်းချွတ်ချော်သည်ဟု မဆိုနိုင်ပေ။ သို့ရာတွင် ဦးမောင်မြနှင့် ဒေါ်ခင်မြတို့၏ သမီး မလှအေးနှင့် သား မောင်မျိုးသန့်တို့မှာ ၃၁-၃-၈၅ ရက်နေ့တွင် အိမ်ထောင်သည်များ ဖြစ်နေကြကြောင်း ပေါ်လွင်နေသဖြင့် ယင်းနေ့ရက်မှစ၍ မလှအေးနှင့် မောင်မျိုးသန့်တို့သည် မိမိတို့ဘဝကို မိမိတို့ဘာသာ ရပ်တည်နိုင်သူများဖြစ်ကြပြီဟု ယူဆရပေမည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို တစိတ်တဒေသ ခွင့်ပြု၍ ဦးမောင်မြသည် ကလေး(၄)ယောက်အတွက် တစ်လလျှင်စားစရိတ်ငွေကျပ် ၇၀/-စီကို ရန်ကုန်တိုင်းတရားရုံး၏ အမိန့်အတိုင်း ၁၀-၈-၈၃ ရက်နေ့မှစ၍ ၃၁-၃-၈၅ ရက်နေ့အထိသာ ထောက်ပံ့စေရန်နှင့် အိမ်ထောင်ပြုပြီးသူ မလှအေးနှင့် မောင်မျိုးသန့်တို့အား ၁-၄-၈၅ ရက်နေ့မှ စ၍ စရိတ်ထောက်ပံ့ခြင်းမှ ရပ်စဲပြီး သမီး မခင်သန်းနှင့် မဘဝင်အေးတို့ကိုသာ တစ်လလျှင် စရိတ်ငွေကျပ် ၇၀/-စီကို ဆက်လက်ထောက်ပံ့စေရန် ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

## ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးထွန်းရှိန် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးမောင်ကြီး ပါ (၂)

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ပါ (၂)*

†၁၉၇၅ အောက်တိုဘာလ ၂၂ ရက်

**ခိုးယူခြင်းခံရသည့် ရွှေထည်ပစ္စည်း၏ အလေးချိန်နှင့် ညီမျှသော ရွှေချိန်ကို အပြည့်အဝ ပြန်ရလျှင် ထိုပစ္စည်းကို ရောင်း၍ရသောငွေဖြင့် ဝယ်သည့် ပစ္စည်းများနှင့် ငွေများကို မရထိုက်ခြင်း— ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၁၇ ၏ ခြွင်းချက်— မူလပိုင်ရှင် လက်ရှိရထိုက်သော ပစ္စည်းဖြစ်ခြင်း— ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၉—ခိုးရာပါပစ္စည်းမှန်းမသိ၍ သဘောရိုးဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ပါက ပြန်လည်ရရှိနိုင်ခွင့်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားလို ဦးကွန်ဘသည် ခိုးယူခြင်းခံရသည့် နားကပ်တစ်ရံ၏ အလေးချိန်နှင့် ညီမျှသော ရွှေချိန်ကို အပြည့်အဝ ပြန်လည်ရရှိခဲ့ပြီး ဖြစ်ပါလျက် ယင်းနားကပ် ရောင်းရငွေနှင့် ဝယ်ယူထားသည့် လက်ဝတ်လက်စားများနှင့် ငွေသားများကိုပါ ဦးကွန်ဘသို့ ပေးအပ်စေရန် မြို့နယ်တရားရုံးက အမိန့်ချမှတ်ခဲ့ခြင်းသည် ဦးကွန်ဘအား အကျိုးအမြတ် ရရှိစေရာ ရောက်သည် ဖြစ်၍ တရားမျှတမှုရှိသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ ဒေါ်အေးဝင်းထံမှ သိမ်းဆည်းခဲ့သော လက်ဝတ်လက်စားများမှာ သူခိုးယူသည့် နားကပ်များကို ရောင်းရသည့် ငွေနှင့် ဝယ်ယူထားသော ပစ္စည်းများဖြစ်သောကြောင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇၏ ခြွင်းချက်တွင် အကျုံးဝင်၍ ယင်းပစ္စည်းများ၏ မူလပိုင်ရှင်ဖြစ်သူ ဦးမောင်ကြီးလက်ရှိ ရထိုက်သော ပစ္စည်းများ ဖြစ်ကြောင်း တွေ့ရှိရသည်။ လျှောက်ထားသူ ဦးသန်းထွန်းသည် တရားခံ ဒေါ်အေးဝင်းထံမှ ရွှေနားကပ်တစ်ဘက်ကို ခိုးရာပါ ပစ္စည်းမှန်းမသိ၍ သဘောရိုးဖြင့် ဝယ်ယူခဲ့ခြင်းသာ ဖြစ်ကြောင်း ပေါ်ပေါက်သည့် အလျှောက်တရားခံ ဒေါ်အေးဝင်း လက်ဝယ်မှသိမ်းဆည်း

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၆၉ (ခ)

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၂၄၂ (ပ) တွင် ချမှတ်သော (၃၁-၁-၇၅) နေ့စွဲပါ မှန်ပြည်နယ်တရားရုံး၏ အမိန့်ကိုပြင်ဆင်မှု

၁၉၇၅ ဦးမောင်ကြီး ပါ(၂) နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ပါ(၂)

ရမိသည့် ငွေကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ ပြန်လည်ရရှိနိုင်ခွင့် ရှိပေသည်။

လျှောက်ထားသူအတွက် — ဦးရဲထွန်း၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူများအတွက် — ၁။ ဦးအွန်ဇာနန်၊ ဥပဒေဝန်ထမ်း အဆင့်(၁)

၂။ ဦးခင်ကျော်သိန်း၊ ဗဟိုတရားရုံးရှေ့နေ။

ပေါင်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၉၀/၇၄ တွင် ဒေါ်အေးဝင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၀ အရ ပြစ်မှုထင်ရှားစီရင်ပြီး သက်သေခံ ရွှေထည်ပစ္စည်းများကို တရားလို ဦးကွန်ဘနှင့် သက်သေ ဦးဝင်းတို့အား ပြန်ပေးရန် အမိန့်ချမှတ်ခဲ့သည်။ သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ ချမှတ်သော အမိန့်ကို ပစ္စည်းသိမ်းဆည်းခြင်း ခံရသူများ ဖြစ်ကြသည့် ဦးမောင်ကြီးနှင့် ဦးသန်းထွန်းတို့က မကျေနပ်၍ မွန်ပြည်နယ်တရားရုံး၌ ပြင်ဆင်မှု လျှောက်ထားသောအခါ ဦးမောင်ကြီးနှင့် ဦးသန်းထွန်းတို့ထံမှ သိမ်းဆည်းခဲ့သည့် ၁၁/-သားခန့်စီရှိ ရွှေတုံးတစ်တုံးစီအနက်မှ ပိုမိုသိမ်းဆည်းခဲ့သည့် ရွှေချိန် ၄ပဲ၊ ၂-ရွေး၊ ၁-ခြမ်းစီကို ဦးမောင်ကြီးနှင့် ဦးသန်းထွန်းတို့အား ပြန်လည်ပေးအပ်ရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဦးမောင်ကြီးနှင့် ဦးသန်းထွန်းတို့က မကျေနပ်သေး၍ ဗဟိုတရားရုံး၌ ဤပြင်ဆင်မှုကို ထပ်မံလျှောက်ထားသည်။

အမှုဖြစ်အကြောင်းအရာ အကျဉ်းချုပ်မှာ ပေါင်မြို့နယ် လက်ပံတောကျေးရွာနေ ဦးကွန်ဘ၏ပိုင်ရှင်ခြောရွှေနားကပ်တစ်ရံကို ဇနီးဖြစ်သူဒေါ်အေးဝင်းက ခိုးယူ၍ နားကပ်တစ်ဘက်ကို ပေါင်မြို့ရှိ ရွှေပန်းထိမ်ဆရာဦးမောင်ကြီးထံ ၃၅၅ဝိ/-ဖြင့်လည်းကောင်း၊ကျန်နားကပ်တစ်ဘက်ကို ပေါင်မြို့ရှိ ရွှေပန်းထိမ်ဆရာဦးသန်းထွန်းထံ ၃၅၅ဝိ/-ဖြင့်လည်းကောင်း ရောင်းချခဲ့သည်။ ယင်းနားကပ်မှာ ကျောက်နီပတ္တမြားလုံးကြီးတစ်လုံးကို လုံးသေးခုနစ်လုံးစီရန်ထားခြင်းဖြစ်ပြီး ဒေါ်အေးဝင်းက ဦးမောင်ကြီးနှင့် ဦးသန်းထွန်းတို့ထံ ရောင်းချရာတွင် ကျောက်ကိုဖြုတ်၍ ကျန်သည့် ၁၁-ပဲ၊ ၅-ရွေး၊ ၁-ခြမ်းစီရှိ ရွှေကိုရောင်းချခဲ့ခြင်းဖြစ်သည်။ နားကပ်မှ ဖြုတ်၍ရသည့် ကျောက်များအနက် ကျောက်(၄)လုံးကိုဒေါ်အေးဝင်းကယူ၍ကျန်ကျောက်များကို ဦးမောင်ကြီးထံ၌ပင် ငွေ တစ်ရာကျပ်ဖြင့် ရောင်းချခဲ့သည်။ ထို့နောက် ဒေါ်အေးဝင်းသည် အဆိုပါ ရောင်းရငွေများဖြင့်ပင် ဦးမောင်ကြီးထံမှ မိုးကုတ်လက်စွပ်တစ်ကွင်း၊ ပတ္တမြားစွန်းစီ လက်စွပ်တစ်ကွင်း၊ ကျောက်နီမိုးကုတ် နားကပ်

၁၉၀၅
ဦးမောင်ကြီး ပါ(၂) နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် ပါ(၂)

တစ်ရံနှင့် ဘတ်ကြိုးတစ်ကုံးတို့ကို ၄၁၅၂ိ/-ပေး၍ ဝယ်ယူခဲ့ပြီး ထိုပစ္စည်းများအနက်မှ ဘတ်ကြိုးတစ်ကုံးကိုမူ ရွှေပန်းထိမ်ဆရာ ဦးဝင်းထံ ၂၁၀၀ိ/-ဖြင့် ပြန်လည်ရောင်းချခဲ့သည်။ ယင်းအမှုနှင့်ပတ်သက်၍ ဒုရဲအုပ် ဦးဌေးမောင်က ရွှေပန်းထိမ်ဆရာ ဦးမောင်ကြီးနှင့် ဦးသန်းထွန်းတို့ထံမှ တစ်ကျပ်သားခန့်စီရှိကာ အရေကျိုထားသည့်ရွှေတုံးတစ်တုံးစီကိုလည်းကောင်း၊ ဦးမောင်ကြီးထံမှ ကျောက်နီ(၁၂)လုံးကိုလည်းကောင်း၊ ရွှေပန်းထိမ် ဆရာ ဦးဝင်းထံမှ အလေးချိန် ၃-ပဲ၊ ၅-ရွေးခန့်ရှိ အရေကျိုထားသည့် ရွှေတုံးတစ်တုံးကိုလည်းကောင်း၊ တရားခံ ဒေါ်အေးဝင်းထံမှ ကျောက်နီလက်စွပ်(၂)ကွင်း ကျောက်နီ နားကပ် (၁)ရံနှင့် ကျောက်(၄)လုံးနှင့် ငွေ ၁၉၉၀ိ/-တို့ကိုလည်းကောင်း ရှာဖွေပုံစံဖြင့် သိမ်းဆည်း၍ တရားရုံး၌ သက်သေခံပစ္စည်းအဖြစ် တင်ပြခဲ့သည်။ မြို့နယ်တရားရုံးက တရားခံ ဒေါ်အေးဝင်း အပေါ် ခိုးမှုဖြင့် ပြစ်မှုထင်ရှားစီရင်ပြီးနောက် ဦးဝင်းထံမှ သိမ်းဆည်းသည့် ရွှေတစ်တုံးကို ဦးဝင်းအားပြန်ပေးပြီး၊ ကျန်သက်သေခံပစ္စည်းအားလုံးကို တရားလို ဦးကွန်ဘအား ပြန်ပေးရန် အမိန့်ချမှတ်ခဲ့သည်။

လျှောက်ထားသူတို့၏ အကျိုးဆောင်က အခြား အကြောင်း ပြချက်များအပြင် ဦးကွန်ဘ၏ ပစ္စည်းကို ဇနီးဖြစ်သူ ဒေါ်အေးဝင်းက ရောင်းချခြင်းမှာခိုးမှုမမြောက်ကြောင်း၊ လျှောက်ထားသူဦးမောင်ကြီးနှင့်ဦးသန်းထွန်းတို့သည် ကာလပေါက်ဈေးပေး၍ သဘောရိုးဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်သောကြောင့် ငွေလည်းဆုံး၊ ပစ္စည်းလည်းဆုံးရမည်ဆိုပါက တရားမျှတမှု ရှိမည်မဟုတ်ကြောင်း တင်ပြလျှောက်ထားသည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀ အရ ပြစ်မှုထင်ရှား စီရင်သည့် အမိန့်ကို တရားခံ ဒေါ်အေးဝင်းက အယူခံတင်သွင်းခဲ့ခြင်းမရှိ၍ ယင်းအမိန့်မှာ အတည်ဖြစ်လျက် ရှိပေသည်။ မိမိတို့ထံမှ သိမ်းဆည်းပြီး သက်သေခံပစ္စည်းအဖြစ် တင်ပြထားသည့် အလေးချိန် တစ်ကျပ်သားခန့်စီရှိ ရွှေတုံးများမှာ တရားခံဒေါ်အေးဝင်းထံမှ ဝယ်ယူခဲ့သည့်နားကပ်အား အရေကျို၍ထားသည့် ရွှေတုံးများဖြစ်ကြောင်းကို လျှောက်ထားသူ ဦးမောင်ကြီးနှင့် ဦးသန်းထွန်းတို့၏ အစစ်ခံချက်များတွင် အသီးသီးဝန်ခံထွက်ဆိုထားသည်ဖြစ်၍၊ ယင်းရွှေတုံးများတွင် ခိုးရာပါပစ္စည်းပါဝင်သည့်အလျောက် ဒေါ်အေးဝင်းထံမှ ဝယ်ယူခဲ့သော ရွှေချိန်ကို လျှောက်ထားသူများအား ပြန်လည်ပေးအပ်ရန် အကြောင်းမရှိပေ။ လျှောက်ထားသူ ဦးမောင်ကြီးနှင့် ဦးသန်းထွန်းတို့၏ ထွက်ချက်များအရ ၎င်းတို့ဝယ်ယူခဲ့သည့် ရွှေမှာ ၁၁ ပဲ၊ ၅ ရွေး၊ ၁ ခြမ်းစီသာ ရှိသဖြင့်ယင်းအလေးချိန်ထက်ပို၍ သိမ်းယူခဲ့သည့် ရွှေချိန် ၄ ပဲ၊ ၂ ရွေး၊ ၁ ခြမ်းစီကို လျှောက်ထားသူများသို့ ပြန်လည်ပေးအပ်ရန် မှန်ပြည်

၁၉၀၅
ဦးမောင်ကြီး ပါ(၂) နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် ပါ(၂)

နယ်တရားရုံးက အမိန့်ချမှတ်ခဲ့ပြီးသောကြောင့် လျှောက်ထားသူများအနေဖြင့် ရသင့်သည်ကို အထိုက်အလျောက် ရရှိခဲ့ပြီး ဖြစ်သည်ဟု ဆိုရပေမည်။

သို့ရာတွင် တရားလိုဦးကွန်ဘသည် ခိုးယူခြင်းခံရသည့် နားကပ်တစ်ရံ၏ အလေးချိန်နှင့် ညီမျှသော ရွှေချိန်ကို အပြည့်အဝ ပြန်လည်ရရှိခဲ့ပြီး ဖြစ်ပါလျက်၊ ယင်းနားကပ်ရောင်းရငွေနှင့် ဝယ်ယူထားသည့် လက်ဝတ်လက်စားများနှင့် ငွေသားများကိုပါ ဦးကွန်ဘသို့ ပေးအပ်စေရန် မြို့နယ်တရားရုံးက အမိန့်ချမှတ်ခဲ့ခြင်းသည်၊ ဦးကွန်ဘအား အကျိုးအမြတ်ရရှိစေရာ ရောက်သည် ဖြစ်၍ တရားမျှတမှုရှိသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ ဒေါ်အေးဝင်းထံမှ သိမ်းဆည်းခဲ့သော လက်ဝတ်လက်စားများမှာ သူ ခိုးယူသည့် နားကပ်များကို ရောင်းရသည့်ငွေနှင့် ဝယ်ယူထားသော ပစ္စည်းများဖြစ်သောကြောင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ ၏ ခြွင်းချက်တွင် အကျုံးဝင်၍ ယင်းပစ္စည်းများ၏ မူလပိုင်ရှင်ဖြစ်သူ ဦးမောင်ကြီး လက်ရှိရထိုက်သော ပစ္စည်းများဖြစ်ကြောင်း တွေ့ရှိရသည်။ လျှောက်ထားသူ ဦးသန်းထွန်းသည် တရားခံဒေါ်အေးဝင်းထံမှ ရွှေနားကပ်တစ်ဘက်ကို ခိုးရာပါပစ္စည်းမှန်းမသိ၍ သဘောရိုးဖြင့် ဝယ်ယူခဲ့ခြင်းသာ ဖြစ်ကြောင်း ပေါ်ပေါက်သည့်အလျောက် တရားခံဒေါ်အေးဝင်း လက်ဝယ်မှ သိမ်းဆည်းရမိသည့် ငွေကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၉ အရ ပြန်လည်ရရှိနိုင်ခွင့် ရှိပေသည်။

ထို့ကြောင့် တရားခံဒေါ်အေးဝင်းထံမှ သိမ်းဆည်းရမိသည့် သက်သေခံ ကျောက်နီလက်စွပ် (၂) ကွင်း၊ ကျောက်နီ နားကပ်(၁)ရံနှင့် ငွေသားကျပ် ၁၉၉၀/- ကို တရားလိုဦးကွန်ဘအား ပေးအပ်ရန် ချမှတ်သည့် မြို့နယ်တရားရုံးအမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသည့် မွန်ပြည်နယ် တရားရုံး၏ အမိန့်တို့ကို ပယ်ဖျက်ပြီး ယင်းကျောက်နီလက်စွပ် (၂)ကွင်းနှင့် ကျောက်နီနားကပ် (၁) ရံကို လျှောက်ထားသူ ဦးမောင်ကြီးအား လည်းကောင်း၊ ငွေသား ကျပ် ၁၉၉၀/- ကို လျှောက်ထားသူ ဦးသန်းထွန်း အား လည်းကောင်း ပြန်လည်ပေးအပ်စေရန် ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

## ဥက္ကဋ္ဌအဖြစ် ဦးအေးမောင်၊အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးတင်အုန်းတို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

မောင်သူရအောင်
နှင့်
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်*

†၁၉၇၅
အောက်တို
ဘာလ
၁၅ ရက်

၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ ပုဒ်မ ၁၄ (ဃ) အရ အရေးယူခြင်း— ကျန်းမာရေး ဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် ၁ / ၇၅ ထုတ်ပြန်သည့် ၂၉-၃-၇၅ ရက်နေ့နှင့် ထိုနေ့နောက်ပိုင်းတွင်၊ သက်ဆိုင်ရာ မှတ်ပုံတင်ရေးနှင့် ဆေးကုသရေး ဌာနများသို့သတင်းပို့၍ ဆေးကုသမှုခံယူရန်ပျက်ကွက်သည့် မူးယစ်ဆေးဝါး ရံဖန်ရံခါ သုံးစွဲသူများသည်လည်းကောင်း၊တာဝန်ခံဆရာဝန်များ၏ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်သူများသည်လည်းကောင်း၊ ၁၉၇၄ခုနှစ်၊မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေ ပုဒ်မ ၁၄ (ဃ)အရ အရေးယူ အပြစ်ပေးခံရမည် ဖြစ်ခြင်း—ထိုနေ့မတိုင်မီက မူးယစ်ဆေးဝါး ရံဖန်ရံခါသုံးစွဲသူများကိုမူ နောက်ကြောင်းပြန်၍ အရေးယူနိုင်မည် မဟုတ်ခြင်း။

ဆုံးဖြတ်ချက်။ ။ကျန်းမာရေးဝန်ကြီးဌာန၏ ၂၉ - ၃ - ၇၅ နေ့စွဲဖြင့် ထုတ်ပြန်ကြေငြာခဲ့သောအမိန့်ကြော်ငြာစာအမှတ်၁ / ၇၅ အရ ကျန်းမာရေး ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၅ / ၇၂၏ အပိုဒ် ၃ ကို အစားထိုး ပြင်ဆင်ခဲ့သည်။ ယင်းပြင်ဆင်ချက်အရ အပိုဒ် ၃ (က) တွင် ဖော်ပြထားသည့်အတိုင်း မှတ်ပုံတင်ရေးနှင့် ဆေးကုသရေးဌာနများသို့ သတင်းပို့၍ ဆေးကုသမှုခံယူရန် ပျက်ကွက်သည့် မူးယစ်ဆေးဝါး ရံဖန်ရံခါသုံးစွဲသူများ သည်လည်းကောင်း၊ အပိုဒ် ၃ (ခ) တွင် ဖော်ပြထားသည့်အတိုင်းတာဝန်ခံ ဆရာဝန်၏ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်သူများသည် လည်းကောင်း ၁၉၇၄ ခုနှစ်၊ မူးယစ် ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၄ (ဃ) အရ အရေးယူခြင်းခံရမည် ဖြစ်ကြောင်း တွေ့ရသည်။

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၇၀ (ခ)

† ၁၉၇၅ခုနှစ်၊ပြစ်မှုဆိုင်ရာအယူခံမှုအမှတ်၄၂ဝတွင်ချမှတ်သော(၂၇-၆-၇၅) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၇၅
မောင်သူရ
အောင်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

မူးယစ်ဆေးဝါး ရှိဖန်ရှိခါ သုံးစွဲသူများသည် ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ်၁/၇၅ ထုတ်ပြန်သည့် ၂၉-၃-၇၅ရက်နေ့နှင့် ထိုနေ့နောက်ပိုင်းတွင်၊ သက်ဆိုင်ရာ မှတ်ပုံတင်ရေးနှင့် ဆေးကုသရေးဌာနများသို့ သတင်းပို့၍ ဆေးကုသမှုခံယူရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ဘာဝန်ခံဆရာဝန်၏ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ ပုဒ်မ ၁၄(ဃ)အရ အရေးယူ အပြစ်ပေးခြင်း ခံရမည်ဖြစ်သည်။ ထိုနေ့မတိုင်မီက မူးယစ်ဆေးဝါး ရှိဖန်ရှိခါ သုံးစွဲသူများကိုမူ နောက်ကြောင်းပြန်၍ အရေးယူနိုင်မည်မဟုတ်ပေ။

လျှောက်ထားသူအတွက် — ဦးအောင်သန်းညွန့်၊ ဦးတင်ထွန်း၊
ဒေါ်စန်းစန်းဝင်း၊ဗဟိုတရားရုံးရှေ့နေများ

လျှောက်ထားခံရသူအတွက်— ဦးခင်မောင်ဦး၊ဥပဒေဝန်ထမ်းအဆင့်(၁)

ကမာရွတ်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၂၅၆၆/၇၄ တွင် တရားခံ ထွန်းထွန်း (ခ) လေးလုံးနှင့် သူရအောင်တို့အပေါ် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သောဆေးဝါးများဥပဒေပုဒ်မ ၆(ခ)/၁၄(ဃ)အရ အရေးယူစစ်ဆေးပြီး၊ ထွန်းထွန်း(ခ)လေးလုံးအား ယင်းဥဒေ ပုဒ်မ၆(ခ)အရ ထောင်ဒဏ်(၅)နှစ် ကျခံစေရန်နှင့် သူရအောင်အား ပုဒ်မ ၁၄(ဃ)အရ ထောင်ဒဏ်(၃)နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ မြို့နယ်တရားရုံး၏ အမိန့်ကို သူရအောင်က မကျေနပ်၍ ရန်ကုန်တိုင်း တရားရုံးတွင် အယူခံဝင်ရောက်သော်လည်း မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာ ၂၃-၁၁-၇၄ နေ့ည (၁၀) နာရီ အချိန်ခန့်က ကမာရွတ်မြို့နယ်၊ အင်းယားလမ်း၊ လှေလှော်ရွက်တိုက်အသင်းရှေ့တွင် ထွန်းထွန်း(ခ) လေးလုံးနှင့် သူရအောင်တို့ကို၊ ညအချိန်မတော် သွားလာနေသည့်အတွက် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးမေးမြန်းရာမှ၊ ထွန်းထွန်း (ခ) လေးလုံးထံမှ မူးယစ်ဆေးဝါးဖြစ်သော ဒဗလျူအမှတ်အသားပါ မက်သာကွာလုံးဆေးပြားတစ်ပြား တွေ့ရှိခဲ့သည်။ ထို့နောက် ထွန်းထွန်း (ခ) လေးလုံးနှင့် သူရအောင်တို့အား ဆရာဝန်ဖြင့် စစ်ဆေးကြည့်ရှုရာတွင်၊ မူးယစ်ဆေးဝါး ရှိဖန်ရှိခါ သုံးစွဲကြသူများဖြစ်ကြောင်း တွေ့ရသဖြင့်၊ ထွန်းထွန်း (ခ)လေးလုံးနှင့် သူရအောင်တို့အပေါ် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေ ပုဒ်မ ၆ (ခ) / ၁၄ (ဃ) တို့အရ ပြည်သူ့ရဲတပ်ဖွဲ့က အရေးယူတင်ပို့ခဲ့သော အမှုဖြစ်သည်။

၁၉၈၅
မောင်သူရအောင် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

လျှောက်ထားသူက အကြောင်းပြချက်အဖြစ် တင်ပြရာတွင် မိမိသည် ချောင်းဆိုးရင်ကြပ်ရောဂါရှိသည့်အတွက် ယ်စဉ်ကပင် ဆေးကုသမှုခံယူခဲ့ရကြောင်း၊ ယခုလည်း အချင်းမဖြစ်မီ နှစ်ရက်အလိုအထိ ဆရာဝန်ညွှန်ကြားသည့်အတိုင်း မူးယစ်ဆေးဝါးအာနိသင်များ ပါဝင်သည့်ဆေးများ စားသုံးခဲ့သဖြင့် မိမိအား ဆရာဝန်က စစ်ဆေးသည့်အခါ ရုံဖန်ရုံခါ ဆေးသုံးစွဲသူဟု သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၁/ ၈၅ သည် နောက်ကြောင်းပြန် အာဏာ သက်ရောက်သော အမိန့်မဟုတ်သည့်အတွက် မိမိအား အပြစ်ပေးထားသည်မှာ မှားယွင်းနေကြောင်း တင်ပြသည်။

မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က သူရအောင်သည် ရံဖန်ရံခါ မူးယစ်ဆေးဝါးသုံးစွဲသူဖြစ်ပြီး၊ ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၁ / ၈၅ အရ ဆေးဝါးကုသမှုခံယူရန် ပျက်ကွက်သူဖြစ်ကြောင်း သုံးသပ်၍ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၄ (ဃ) အရ အပြစ်ပေးထားကြောင်း တွေ့ရသည်။

သူရအောင်အား စစ်ဆေးကြည့်ရှုရာတွင် သူရအောင်သည် ရံဖန်ရံခါ မူး ယစ် ဆေး ဝါး သုံး စွဲ သူ ဖြစ် ကြောင်း ဆေးစစ်ချက် အစီရင်ခံစာ (သက်သေခံ-ဂ) အရ သက်ဆိုင်ရာမှ ပြန်ကြားထားသည်။ မူးယစ်ဆေးစွဲရောဂါကုသရေးနှင့် သုတေသနဌာနမှ ဆရာဝန် ဒေါက်တာမောင်မောင်လွင် (လိုပြ - ၇) က မူးယစ်ဆေးဝါးအာနိသင်ပါသည့် ဆေးဝါးများကို ဥပဒေသတ်မှတ်ချက်အတိုင်း ပေး၍ ကုသပါက လူနာ၏ ခန္ဓာကိုယ်တွင် ဆေးစွဲလက္ခဏာ မပေါ်နိုင်ကြောင်း ထွက်ဆိုခဲ့သည်။ ထို့ကြောင့် သူရအောင်သည် သူ၏ရောဂါကြောင့် ဆရာဝန် ညွှန်ကြားသည့်အတိုင်း မူးယစ်ဆေးဝါးအာနိသင်များပါဝင်သော ဆေးများစားသုံးသည့်အတွက် ဆေးစွဲလက္ခဏာပေါ်ပေါက်ခြင်းမဟုတ်ကြောင်း ပေါ်ပေါက်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ၂၉ - ၇ - ၈၂ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅ / ၈၂ အရ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးရံဖန်ရံခါ သုံးစွဲသူများသည် မိမိနှင့် အနီးကပ်ဆုံး မှတ်ပုံတင်ရေးနှင့် ဆေးကုသရေး ဌာနများသို့ သွားရောက်သတင်းပို့၍ ဆေးကုသမှု ခံယူရမည်ဖြစ်ကြောင်း၊ ယင်းအမိန့်ကြော်ငြာစာအပိုဒ် ၃ (က) တွင် ဖော်ပြထားသည်။ အပိုဒ် ၃ (ခ) တွင် ယင်းသို့ ဆေးကုသမှုခံယူသည့်အခါ သက်ဆိုင်ရာတာဝန်ခံ ဆရာဝန်၏ ညွှန်ကြားချက်များကို လိုက်နာရမည်ဖြစ်ကြောင်း ပါရှိသည်။ တာဝန်ခံဆရာဝန်၏ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်

၁၉၈၅
မောင်သူရအောင်
နှင့်
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

ကွက်ပါက ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၄ (ဃ) အရ အရေးယူခြင်းခံရမည်ဟု အပိုဒ် ၃(ဂ) တွင် ဖော်ပြထားသည်။

ဖော်ပြပါ အမိန့်ကြော်ငြာစာအမှတ် ၅/၈၂ အရ မှတ်ပုံတင်ရေးနှင့် ကုသရေးဌာနများသို့ သွားရောက် သတင်းပို့၍ ဆေးကုသမှု ခံယူရမည်ဟူသောအချက်ကိုမလိုက်နာရုံမျှဖြင့်၊ မူးယစ်ဆေးဝါးရုံဖန်ရံခါသုံးစွဲသူများကို အရေးယူရန်မဟုတ်ပဲ၊ တာဝန်ခံ ဆရာဝန်၏ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်မှသာ အရေးယူရန်ဖြစ်ကြောင်း တွေ့ရသည်။

ကျန်းမာရေး ဝန်ကြီးဌာန၏ ၂၉-၃-၈၅ နေ့စွဲဖြင့် ထုတ်ပြန်ကြေငြာခဲ့သော အမိန့်ကြော်ငြာစာအမှတ် ၁/၈၅ အရ ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၅/၈၂ ၏ အပိုဒ် ၃ ကို အစားထိုးပြင်ဆင်ခဲ့သည်။ ယင်းပြင်ဆင်ချက်အရ အပိုဒ် ၃ (က) တွင် ဖော်ပြထားသည့်အတိုင်း မှတ်ပုံတင်ရေးနှင့် ဆေးကုသရေးဌာနများသို့ သတင်းပို့၍ ဆေးကုသမှု ခံယူရန် ပျက်ကွက်သည့် မူးယစ်ဆေးဝါး ရုံဖန်ရံခါ စွဲသုံးသူများသည် လည်းကောင်း၊အပိုဒ် ၃ (ခ) တွင် ဖော်ပြထားသည့်အတိုင်း တာဝန်ခံဆရာဝန်၏ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်သူများသည်လည်းကောင်း ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၄ (ဃ) အရ အရေးယူခြင်း ခံရမည်ဖြစ်ကြောင်း တွေ့ရသည်။

ထို့ကြောင့် မူးယစ်ဆေးဝါး ရုံဖန်ရံခါ သုံးစွဲသူများသည် ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် ၁/၈၅ ထုတ်ပြန်သည့် ၂၉-၃-၈၅ ရက်နေ့နှင့် ထိုနေ့နောက်ပိုင်းတွင်၊ သက်ဆိုင်ရာ မှတ်ပုံတင်ရေးနှင့် ဆေးကုသရေး ဌာနများသို့ သတင်းပို့၍ ဆေးကုသမှုခံယူရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် တာဝန်ခံ ဆရာဝန်၏ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ၁၉၇၄ခုနှစ်၊မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သောဆေးဝါးများဥပဒေပုဒ်မ ၁၄ (ဃ) အရအရေးယူအပြစ်ပေးခြင်းခံရမည်ဖြစ်သည်။ ထိုနေ့မတိုင်မီက မူးယစ်ဆေးဝါး ရုံဖန်ရံခါ သုံးစွဲသူများကိုမူ နောက်ကြောင်းပြန်၍ အရေးယူနိုင်မည် မဟုတ်ပေ။

ပြင်ဆင်မှုလျှောက်ထားသူ သူရအောင်နှင့် စပ်လျဉ်း၍ အမှုဖြစ်ပွားခဲ့သည့်နေ့မှာ ၂၃-၁၁-၈၄ နေ့ဖြစ်ပြီး ၂၆-၁၁-၈၄ နေ့တွင် သူရအောင်အား ဆရာဝန်က စစ်ဆေးကြည့်ရှုသည့်အခါ မူးယစ်ဆေးဝါး ရုံဖန်ရံခါ သုံးစွဲသူဖြစ်ကြောင်း တွေ့ရှိရခြင်းဖြစ်သည်။

ထို့ကြောင့် ၂၉–၃–၈၅ နေ့တွင် ထုတ်ပြန်ကြေငြာသည့် ကျန်းမာရေး ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၁/၈၅ အရ သူရအောင်အပေါ် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ ပုဒ်မ ၁၄(ဃ)အရ ပြစ်မှုထင်ရှား စီရင်ခြင်း ပြုနိုင်မည် မဟုတ်ပေ။

၁၉၈၅
မောင်သူရ
အောင်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

သို့ဖြစ်၍ ဤပြင်ဆင်မှုကို ခွင့်ပြုပြီး လျှောက်ထားသူ သူရအောင်အား ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ ပုဒ်မ ၁၄(ဃ)အရ ပြစ်မှုထင်ရှား စီရင်ခဲ့သော ကမာရွတ်မြို့နယ် တရားရုံးနှင့် ရန်ကုန်တိုင်း တရားရုံးတို့၏ အမိန့်များကို ပယ်ဖျက်လျက် သူရအောင်အား အမှုမှအပြီး အပြတ်လွှတ်ကြောင်း အမိန့်ချမှတ်လိုက်သည်။

## ၁၉၇၅ ခုနှစ်

# တရားမမှုများ

## စီရင်ထုံး ပြုသော မှုခင်းများ

### တရားမမှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ဦးစောဖေ<br>ဦးဘကျွန်း<br>ဒေါ်ခင်ညွန့်<br>ဦးမောင်မောင်စိန် ပါ(၂)<br>ဒေါ်အမာ ပါ(၂) | နှင့် | ဦးဖေတင်ဝင်း<br>ဦးဖေတင်ဝင်းပါ (၅) | ၁ |
| ဦးဘိုကြီး | နှင့် | ဦးကိုကြီး | ၆ |
| ဦးလှမောင် | နှင့် | ဦးတင်ပါ(၂) | ၉ |
| ဦးသောင်း(ခ)ဦးဘသောင်းပါ(၂) | နှင့် | ဒေါ်လှမင်း | ၁၂ |
| ဦးသိန်းမောင် | နှင့် | ဦးသိန်းအောင်ပါ(၆) | ၁၅ |
| ဦးအောင်ခင် | နှင့် | ဦးတက်စီ | ၂၀ |
| ဦးကိုလေးပါ(၃) | နှင့် | ဦးစိန်မောင်ပါ(၂) | ၂၃ |
| ဒေါ်ကျင်မေပါ(၂) | နှင့် | ဒေါ်ထွေးရင်ပါ(၃) | ၂၈ |
| ဒေါ်ချွေးကြီး | နှင့် | ဦးမြမောင် | ၃၃ |
| မောင်တင်ဆုန်း | နှင့် | မအေးစန်းပါ(၃) . | ၃၆ |
| ဗဟိုတရားရုံး ရှေ့နေတစ်ဦးကိစ္စ | | | ၄၀ |
| ဒေါ်ဟာဝါဘီ (ခ)<br>ဒေါ်ခင်ရီပါ (၅) | နှင့် | ဦးဘအေး | ၄၅ |

## စီရင်ထုံး ပြု သော မှုခင်း များ

### တရားမမှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ဦးကြွင် | နှင့် | ဦးချစ်လှပါ ( ၂ ) .... | ၅၁ |
| ဒေါ်ခင်ညွန့်ပါ( ၂ ) / ဒေါ်ခင်သန်း | နှင့် | ဒေါ်ခင်သန်း / ဒေါ်ခင်ညွန့်ပါ (၂) .... | ၅၅ |
| ဦးဇော်ဖေ | နှင့် | ဒေါ်ခင်သန်း .... | ၅၉ |
| ဦးတင့်ဆွေပါ ( ၂ ) | နှင့် | ဒေါ်အမာ .... | ၆၄ |
| ဦးထွန်းပါ ( ၂ ) | နှင့် | ဦးဘမင်းပါ ( ၂ ) .... | ၆၆ |
| ဒေါ်နီ | နှင့် | ဦးတင်လှပါ ( ၅ ) .... | ၆၈ |
| ဦးမှင်းဟန် | နှင့် | ဦးမြင့်သိန်း .... | ၇၂ |

## စီရင်ထုံးပြုသော မှုခင်းများ

### တရားမမှုများ


| | | |
|---|---|---|
| | | စာမျက်နှာ |
| ဦးကျော် ပါ(၂) နှင့် ဒေါ်ဗီရာကျော် | .... ... | ၉၉ |
| ဗဟိုတရားရုံး ရှေ့နေတစ်ဦးကိစ္စ | .... — | ၈၁ |
| ဒေါ်သန်းကြည် နှင့် ဒေါ်နှင်းအေး | .... — | ၈၈ |

## တရားမ မှုများ

ဥပဒေများ — စာမျက်နှာ

ကာလစည်းကမ်းသတ် အက်ဥပဒေ
တရားမကျင့်ထုံး ဥပဒေ
ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ
မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ
မြန်မာနိုင်ငံတရား ဥပဒေများဆိုင်ရာ အက်ဥပဒေ
မိုဟာမေဒင် ဥပဒေ
တရားရေးဝန်ထမ်းများအား ကာကွယ်စောင့်ရှောက်သည့် အက်ဥပဒေ

**ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၅—ယင်းပုဒ်မပါ ဖော်ပြချက်သည် ဇာရီမှုများနှင့် သက်ဆိုင်ကြောင်း တည်ဆဲ ဥပဒေတရပ်ရပ်တွင် ပြဋ္ဌာန်းချက်မရှိ။**

**ဆုံးဖြတ်ချက်။** ။ကာလစည်းသတ် အက်ဥပဒေပုဒ်မ ၅ သည် ဇာရီလျှောက်လွှာများနှင့် သက်ဆိုင်ကြောင်း တည်ဆဲ အခြား ဥပဒေတရပ်ရပ်တွင် ပြဋ္ဌာန်းထားခြင်း မရှိ။

ဦးစောဖေ
ဦးဘကွန်း
ဒေါ်ခင်ညွန့်
ဦးမောင်မောင်စိန်ပါ (၂) နှင့် ဦးဖေတင်ဝင်း
ဒေါ်အမာပါ (၂) ဦးဖေတင်ဝင်းပါ (၅) .... ၁

စာမျက်နှာ

**တရားမကျင့်ထုံး ဥပဒေအမိန့် ၆၊ နည်း ၁၇–အချေလွှာကို ပြင်ဆင်ခြင်း— ခုခံရေး လမ်းကြောင်း ပြောင်းလဲ သွားမည် ဆိုပါက ချေလွှာကို ပြင်ခွင့် မပြုရခြင်း။**

**ဆုံးဖြတ်ချက်။** ။မူလ ချေလွှာ အပိုဒ် ၅၊ ၇၊ ဂ တို့အရ အချင်းဖြစ်မြေကို ဦးဘိုးလူးနှင့်ဒေါ်သန်းကြည်တို့ မပိုင်ကြောင်း၊ အမည်ငှားများ အဖြစ် စာချုပ်တွင် ၎င်းတို့၏ အမည်များကို ထည့်သွင်းထားခြင်းသာ ဖြစ်ကြောင်း၊ မြေငှားခများကို တရားလိုသည် ပိုင်ရေး ပိုင်ခွင့် မရှိပဲ တောင်းဆိုခြင်း ဖြစ်ကြောင်း စသည်ဖြင့် ချေပခဲ့သော်လည်း ပြင်ဆင်ချေပလွှာအပိုဒ် ၅၊ ၇၊ ဂ တို့တွင် ထိုဇာတ်လမ်းကို မြှုပ်ထားခဲ့ပြီး အချင်းဖြစ် မြေကို နှစ်ဦး အတူ ပူးတွဲ ပိုင်သည့် သဘောမျိုး ချေပထား၍ ခုခံရေး လမ်းကြောင်း ပြောင်းထားကြောင်း တွေ့ရသည်။ ဒေါ်ခွေးကြီး အနေနှင့် ပြင်ဆင်ချေပလွှာ တင်သွင်းခွင့် ရှိသည်မှန်သော်လည်း ခုခံရေး လမ်းကြောင်းကိုမူ ပြောင်းလဲပိုင်ခွင့် မရှိပေ။

ဒေါ်ခွေးကြီး နှင့် ဦးမြမောင် .... .... ၄၄

**အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု– ပစ္စည်းစာရင်းကောက်ယူရုံမျှဖြင့် မပြည့်စုံခြင်း— တရားမကျင့်ထုံး ဥပဒေအမိန့် ၂၆ နည်း ၁၃ အရ ကော်မရှင်နာခန့်၍ ပစ္စည်းခွဲဝေရန်လိုခြင်း– ပစ္စည်းခွဲဝေရန်မဖြစ်လျှင် ရောင်းချ၍ ရရှိငွေကို အမိန့် ၂၀၊ နည်း ၁၃ (၁) အရ ဆောင်ရွက်ရန် ကော်မရှင်နာအား ညွှန်ကြားရန်လိုခြင်း။**

**ဆုံးဖြတ်ချက်။** ။အမွေပုံပစ္စည်းများကို စီမံခန့်ခွဲ ပေးစေလိုမှုတွင် အမွေပစ္စည်းများကို စာရင်းကောက်ယူရုံမျှဖြင့်အမှုပြီးဆုံးသည်ဟု မဆိုနိုင်ပေ။ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၆၊ နည်း ၁၃ အရ ကော်မရှင်နာ တစ်ဦးခန့်ထား၍ အမွေပုံပစ္စည်းများကို ခွဲဝေစေရမည် ဖြစ်သည်။ ထိုသို့ခွဲဝေရန် မဖြစ်နိုင်ပါက အမွေ ပစ္စည်းများကိုရောင်းချစေ၍ ရောင်းရငွေကို ခွဲဝေပေးစေရန် ကော်မရှင်နာအား တရားမကျင့်ထုံး ဥပဒေအမိန့် ၂၀၊ နည်း ၁၃ (၁) အရ ခွင့်ပြုထားသည့်အတိုင်း ညွှန်ကြားရန် လိုပေလိမ့်မည်။

ဦးသိန်းမောင် နှင့် ဦးသိန်းအောင်ပါ(၆) .... ၁၅

**တရားမကျင့်ထုံး ဥပဒေ အမိန့် ၄၁၊ နည်း ၄– အယူခံဝင်သော ဒီကရီသည် တရားပြိုင် အားလုံးနှင့် သက်ဆိုင်လျှင် တရားပြိုင် တဦးဦးက ဒီကရီ တရပ်လုံးကို အယူခံ ဝင်ရောက်နိုင်ခြင်း– တရားရုံးက ကျန်တရားပြိုင်အားလုံး၏ အကျိုးအတွက် ပယ်ဖျက် ပေးရခြင်း။** စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၄ တွင် အယူခံဝင်သော ဒီကရီသည် တရားပြိုင် အားလုံးနှင့် သက်ဆိုင်သည့် တူညီသော အချက်အပေါ် အခြေခံသည့် ဒီကရီ ဖြစ်လျှင် တရားပြိုင်များအနက် တဦးဦးသည် ဒီကရီတရပ်လုံးကို အယူခံ ဝင်ရောက်နိုင်ကြောင်း၊ ထိုသို့အယူခံဝင်သည့် အမှုတွင် အယူခံရုံးသည် ဒီကရီကို တရားပြိုင် အားလုံး၏ အကျိုးအတွက် ပယ်ဖျက်နိုင်ကြောင်း၊ သို့မဟုတ် ပြင်ဆင်နိုင်ကြောင်း ပြဋ္ဌာန်း ထားသည်။ အယူခံတရားပြိုင် ဦးဘအေးက တရားလိုပြုလုပ်ပြီး အချင်းဖြစ် ဥပစာနှင့် စပ်လျဉ်း၍ ငှားရမ်းခ များကို ပေးရန် ပျက်ကွက်သည် ဆိုသည့် တူညီသော အချက်အပေါ် အခြေခံ၍ အယူခံတရားလိုများဖြစ်ကြသည့် ဒေါ်ဟဝါဘီ၊ မောင်အုန်းဖေ (ခ) စဒစ်၊ မခင်ညိမ်း၊ မကြူကြူ နှင့် ကိုမဂျစ်တို့ အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (က) အရ နှင်လိုမှု စွဲဆိုခဲ့သဖြင့် မူလမြို့နယ် တရားရုံးက အနိုင်ဒီကရီ ချမှတ်ခဲ့ခြင်းဖြစ်သည်။ တိုင်းတရားရုံး ကလည်း မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုအတည်ပြုခဲ့ပြီး ဖြစ်ပေသည်။ ဒီကရီမှာ ဦးဘအေးက တရားမဝင်သည့် နို့တစ် စာကို အခြေခံ၍ စွဲဆိုပြီး အနိုင်ရရှိထားသည့် ဒီကရီဖြစ်သဖြင့် ယင်းဒီကရီကို တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁ နည်း ၄ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အယူခံတရားလို မောင်အုန်းဖေ(ခ)စဒစ်နှင့် ကျန်တရားပြိုင် ဒေါ်ဟဝါဘီ၊ မခင်ညိမ်း၊ မကြူကြူနှင့် ကိုမဂျစ် တို့ အားလုံး၏ အကျိုးအတွက် ပယ်ဖျက်ရန်ရှိပေသည်။

ဒေါ်ဟဝါဘီ (ခ) ဒေါ်ခင်ရီပါ(၅) နှင့် ဦးဘအေး .... ၄၅

**ငှားရမ်းခြင်းကို ရပ်စဲရန် သီးခြားပဋိညာဉ် ပြုခဲ့ကြခြင်း– နို့တစ်စာ တရားဝင် မဝင်ကို ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆ အရ ဆုံးဖြတ်ရန်မဟုတ်–အိမ်ရှင်အိမ်ငှားပဋိညာဉ်နှင့် ညီညွတ်ခြင်း ရှိမရှိသာ စိစစ်ဆုံးဖြတ်ရန် ဖြစ်ခြင်း။**

စာမျက်နှာ

ဆုံးဖြတ်ချက်။ ။ဦးအောင်ခင်နှင့် ဦးတက်စီတို့သည် ငှားရမ်းမှု ရပ်စဲရန် သီးခြားပဋိညာဉ် ပြုခဲ့ကြသည်။ ထို့ကြောင့် အိမ်ရှင်ဘက်မှ ပေးပို့သော နို့တစ်စာ တရားဝင်မဝင်ဆိုသော အချက်ကို ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆ အရ ဆုံးဖြတ်ရန် မဟုတ်ပဲ အိမ်ရှင် အိမ်ငှား ပဋိညာဉ်နှင့် ညီညွတ်ခြင်း ရှိမရှိ စိစစ် ဆုံးဖြတ်ရပေသည်။

ဦးအောင်ခင် နှင့် ဦးတက်စီ .... .... ၂၀

**ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ၁၀၇–မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို တနှစ် အတွက် မြေငှားခ သတ်မှတ်၍ ငှားရမ်းလျှင် မှတ်ပုံတင် စာချုပ်၊ ချုပ်ဆိုရန် လိုအပ်ခြင်း— စာချုပ်ချုပ်ဆို ငှားရမ်းခြင်းမရှိလျှင် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်သည်ဟု ကောက်ယူရခြင်း။**

ဆုံးဖြတ်ချက်။ ။မရွှေ့ မပြောင်း နိုင်သည့် ပစ္စည်းကို တနှစ် အတွက် မြေငှားခ သတ်မှတ်၍ ငှားရမ်းလျှင် မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် လိုကြောင်း ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၇ တွင် ပြဋ္ဌာန်းထားသည်။ အမှုတွင် ဦးသောင်း သည် အဆိုပါ ပြဋ္ဌာန်းချက်များနှင့်အညီ အချင်းဖြစ် မြေကို မှတ်ပုံတင် စာချုပ်ချုပ်ဆို ငှားရမ်းခဲ့ခြင်းမရှိ၍ ဦးသောင်းသည် ဒေါ်တင်၏ ခွင့်ပြုချက်အရ အချင်းဖြစ်မြေကို လုပ်ကိုင်သည်ဟု ကောက်ယူရပေမည်။

ဦးသောင်း(ခ)ဦးဘသောင်းပါ(၂) နှင့် ဒေါ်လှမင်း (ကွယ်လွန်သူ ဒေါ်တင်၏ တရားဝင် ကိုယ်စားလှယ်) .... ၁၂

**ခွင့်ပြုချက်နှင့် ထားသူအားနှင်လိုမှု—မူလပိုင်ရှင်ထံမှ အပေးစာချုပ်ဖြင့် လက်ခံ ရယူသူသည် ခွင့်ပြုသူ အဖြစ် သို့ အလို အလျောက် ရောက်ရှိနိုင်၊ မနိုင်။**

စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။အချင်းဖြစ် မြေနှင့်အိမ်ကို ဒေါ်ရွှေပွင့်သည် အစ်မအရင်း တော်စပ်သူ ဒေါ်ရှမ်းမထံမှ အမွေဆက်ခံခဲ့ခြင်းဖြင့် ပိုင်ရှင်အဖြစ်သို့ ရောက်ရှိလာခြင်း မဟုတ်ပဲ မေတ္တာအလျောက် ဒေါ်ရှမ်းမက အပေးစာချုပ် ပြုလုပ်ပြီး ပေးခဲ့သည့် အတွက် ပိုင်ရှင် အဖြစ်သို့ ရောက်ရှိ လာခြင်းသာ ဖြစ်သည်။ သို့ဖြစ်၍ ဒေါ်ရှမ်းမက ခွင့်ပြုချက်ဖြင့် ဦးကျင်မှူနှင့် ဒေါ်ထွေးရင်တို့အား ထားခဲ့သည် ဆိုသည့် အချက်ကို အကြောင်းပြု၍ ဒေါ်ရွှေပွင့်မှာ အလို အလျောက် ခွင့်ပြုသူ အဖြစ်သို့ ရောက်ရှိ လာသည်ဟု ဆိုနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ဒေါ်ရှမ်းမမှ ခွင့်ပြုချက်ကို ရုပ်သိမ်းပြီး တရားစွဲဆိုနိုင်ခွင့်သည် သက်သေခံအမှတ်(က) အပေးစာချုပ်ကို အကြောင်း ပြု၍ ဒေါ်ရွှေပွင့်ထံသို့ သက်ဆင်းမည် မဟုတ်ချေ။ ထိုနည်းတူစွာပင် ဒေါ်ရွှေပွင့်မှ သက်သေခံအမှတ် (ခ) အပေးစာချုပ်ဖြင့် အချင်းဖြစ် မြေနှင့် အိမ်ကို ဒေါ်ကျင်မေ တို့အား ပေးသည် ဆိုကာမျှဖြင့် ဒေါ်ကျင်မေတို့မှာ အလို အလျောက် ခွင့်ပြုသူ အဖြစ်သို့ ရောက်ရှိမည် မဟုတ်ပေ။

ဒေါ်ကျင်မေပါ(၂) နှင့် ဒေါ်ထွေးရင်ပါ (၃) .... ၂၀

**ထိမ်းမြားမှု အထမြောက် မမြောက် ကိစ္စသည် အရွယ် ရောက်ခြင်း ဆိုင်ရာ အက်ဥပဒေနှင့် မသက်ဆိုင်—မြန်မာဓလေ့ ထုံးတမ်း ဥပဒေ အရသာ အဆုံးအဖြတ်ပေးရခြင်း— အသက် ၂၀ မပြည့်သေးသော မိန်းကလေးသည် မိဘ၏သဘောတူညီမှုဖြင့် တရားဝင်အိမ်ထောင် ပြုနိုင်ခြင်း— မယား ခေါ်လိုမှုသည် မယားအပေါ် စွဲဆိုရန် ဖြစ်၍ ယောက္ခမအပေါ် စွဲဆိုရန် မဟုတ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။အရွယ် ရောက်ခြင်း ဆိုင်ရာ အက်ဥပဒေပါ ပြဋ္ဌာန်းချက် များသည် ထိမ်းမြားမှုနှင့် မသက်ဆိုင်ကြောင်း၊ ယင်းဥပဒေတွင် အတည့်အလင်း ပြဋ္ဌာန်းထားသည်။ ထိမ်းမြားမှု အထမြောက်မမြောက် ကိစ္စကို ပဋိညာဉ် ဥပဒေအရ ဆုံးဖြတ်ရန် မဟုတ်ပဲ မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ အဆုံးအဖြတ်ပေးရန် ဖြစ်သည်။ ယင်းဥပဒေ အရ ဆိုလျှင် အိမ်ထောင် မကျဘူး သေးသော မိန်းကလေး တစ်ဦးသည် အသက် ၂၀ မပြည့်သေး

စာမျက်နှာ

စေကာမူ မိဘ၏ သဘောတူညီမှုဖြင့် တရားဝင် အိမ်ထောင်ပြုနိုင်သည်။ မောင်တင်အုန်းနှင့် မအေးစန်းတို့ ပေါင်းသင်းသည့်ကိစ္စကို မအေးစန်း၏ မိဘများက နောက်ပိုင်းတွင် သဘောတူညီခဲ့ကြသည်ဟု မှတ်ယူရန် အကြောင်းများ ပေါ်ပေါက်သည့်အလျောက် သူတို့စတင် ပေါင်းဖက်စဉ်ကပင် လင်မယားအရာမြောက်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။မယားခေါ်လိုမှုကို မယားအပေါ်စွဲဆိုရန်ဖြစ်သည်။ ယောက္ခမအပေါ် စွဲဆိုရန် မဟုတ်ချေ။

မောင်တင်အုန်း နှင့် မအေးစန်းပါ (၃) .... .... ၃၆

**မြန်မာဓလေ့ ထုံးတမ်းဥပဒေ— ကိတ္တိမ သားသမီး အဖြစ် မွေးစားခြင်း— အပတိဋ္ဌ သားသမီးအဖြစ် မွေးစားခြင်း— ဤနှစ်မျိုးတွင် အမွေစား အမွေခံ ဖြစ်စေရန် ရည်ရွယ်ချက်ရှိကြောင်း ဖော်ထုတ်ခြင်း ရှိမရှိသာ ကွာခြားခြင်း— ကိတ္တိမ မွေးစားမှု မမြောက်သော်လည်း အပတိဋ္ဌ မွေးစားမှု မြောက်ကြောင်း တွေ့လျှင် အပတိဋ္ဌ သားသမီးဖြစ်ကြောင်း ကောက်ယူနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။မြန်မာဓလေ့ ထုံးတမ်း ဥပဒေအရ ကိတ္တိမ သားသမီးအဖြစ် မွေးစားခြင်းနှင့် အပတိဋ္ဌ သားသမီး အဖြစ် မွေးစားခြင်းတို့တွင် မွေးစားသည်ဆိုသော အချက်မှာ အတူတူပင်ဖြစ်သည်။ ယင်းမွေးစားမှု နှစ်မျိုးတွင် အမွေစား အမွေခံ ဖြစ်စေရန် ရည်ရွယ်ချက် ရှိကြောင်း ဖော်ထုတ်ခြင်း ရှိမရှိသာ ကွာခြားသည်။ သို့ဖြစ်ရာ ကိတ္တိမမွေးစားမှုတွင် အပတိဋ္ဌမွေးစားခြင်း အကျုံးဝင်သည်ဖြစ်၍ ကိတ္တိမသားသမီးအဖြစ်ဖြင့် အရေးဆိုသောအမှုတွင် ကိတ္တိမမွေးစားမှုမမြောက်သော်လည်း အပတိဋ္ဌ သားသမီးအဖြစ် မွေးစားမှုမြောက်ကြောင်း တွေ့ရလျှင် အပတိဋ္ဌ သားသမီးဖြစ်သည်ဟု ကောက်ယူဆုံးဖြတ်ပါက အဆိုအချေနှင့် ကွဲလွဲ၍ အဆုံးအဖြတ် ပြုရာရောက်သည်ဟု မဆိုနိုင်ပေ။

ဦးကိုလေးပါ(၃) နှင့် ဦးစိန်မောင်ပါ(၂) .... ၂၃

စာမျက်နှာ

**အငြင်းပွားသည့် တရားမမှုခင်းများနှင့် ပတ်သက်၍ သီးခြားဥပဒေ ပြဋ္ဌာန်းချက် မရှိခြင်း— မြန်မာနိုင်ငံ တရားဥပဒေများ ဆိုင်ရာ အက်ဥပဒေပုဒ်မ ၁၃ (၃)—တရားရုံးက တရားမျှတမှု၊ သာနာ ညီမျှမှုနှင့် မှန်မြတ်သော အသိ တရားတို့ အရ အဆုံး အဖြတ် ပေးရခြင်း။**

**ဆုံးဖြတ်ချက်။** ။ရှမ်းပြည်နယ်တွင် အာဏာ သက်ရောက်သည့် ဥပဒေ ပြဋ္ဌာန်းချက်များတွင် မြန်မာနိုင်ငံတရားဥပဒေများဆိုင်ရာ အက်ဥပဒေ ပါဝင်သည်။ ယင်းဥပဒေပုဒ်မ ၁၃ (၃) တွင် အမှုသည်များ အကြား အငြင်းပွားသည့် တရားမမှုခင်းများနှင့် စပ်လျဉ်း၍ သီးခြား ပြဋ္ဌာန်းချက် မရှိလျှင် တရားရုံးက တရား မျှတမှု၊ သာနာညီမျှမှုနှင့် မှန်မြတ်သော အသိတရားတို့အရ အဆုံးအဖြတ် ပေးနိုင်ကြောင်း ဖော်ပြထားသည်။ ရှမ်းပြည် နယ်တွင် လျှောက်ထားသူ စွဲဆိုသောအမှုအတွက် သီးခြားဥပဒေ ပြဋ္ဌာန်းချက် မရှိသဖြင့် သူတောင်းဆိုသော သက်သာခွင့်များ ရသင့် မရသင့် ပြဿနာကို ယင်းဥပဒေပုဒ်မ ၁၃(၃)အရ အဆုံး အဖြတ် ပြုရန် ဖြစ်သည်။

ဦးလှမောင် နှင့် ဦးတင်ပါ (၂) .... .... ၉

**မိုဟာမေဒင် ဥပဒေအရ ကွယ်လွန်သူ၏ တူမ အရင်းသည် တူအရင်း များနှင့် ယှဉ်ပြိုင်၍ အမွေဆက်ခံနိုင်ခွင့် မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ဒေါ်သက်သက်မှာ ကွယ်လွန်သူ ဦးညိုဝင်း၏ တူမအရင်းဖြစ်သော်လည်း မိုဟာမေဒင် ဥပဒေအရ ဦးညိုဝင်း ကျန်ရစ်သည့် အမွေပုံ ပစ္စည်းကို သူ၏အစ်ကို အရင်းများ ဖြစ် ကြသည့် ဦးဘိုကြီးတို့ ၄ ဦးနှင့်ယှဉ်၍ အမွေဆက်ခံနိုင်ခွင့်မရှိပေ။

ဦးဘိုကြီး နှင့် ဦးကိုကြီး .... .... ၆

စာမျက်နှာ

**တရားရေးဝန်ထမ်းများ၏ အကြံပေးချက်—မှားယွင်းသည့်တိုင်အောင် တရားမကြောင်းအရ စွဲဆိုရန် မဟုတ်— တရားရေးဝန်ထမ်းသည် တရားစီရင်ရေးအဖွဲ့ကိုသာ တာဝန်ခံရသည်ဖြစ်၍ မိမိ၏ အကြံပြုချက်နှင့် စပ်လျဉ်း၍ အမှုသည်အား ဖြေရှင်းရန်တာဝန်မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားမမှု တစ်မှုတွင် တရားရေး ဝန်ထမ်း တစ်ဦးသည် ပြည်သူ့တရားသူကြီးအဖွဲ့၏ ညွှန်ကြားချက် အမှတ် (၂)နှင့်အညီ မိမိဉာဏ်မီသမျှ အကြံဉာဏ်ပေးရန် ဖြစ်ပေသည်။ ထိုအကြံပေးချက်မှာ မှန်သည်လည်းရှိမည်၊မှားသည်လည်းရှိမည်။ တရားစီရင်ရေး အဖွဲ့သည် တရားရေး ဝန်ထမ်း အကြံပေးသည့် အတိုင်း အမှုကိုဆုံးဖြတ်ရန် တာဝန်မရှိ၊ အမှုတွဲတွင် ပေါ်ပေါက်သော သက်သေခံ အထောက်အထားများ၊ နှစ်ဘက်အမှုသည် တို့၏ လျှောက်လဲချက်များနှင့် တရားရေးဝန်ထမ်း၏ အကြံပေးချက်များကို လေ့လာစိစစ်ပြီး အမှုကို အဆုံးအဖြတ်ပေးရန် ဖြစ်သည်။ ဦးလှမြင့်ဝင်း သည် ဦးအာဇစ် စွဲဆိုသော အမှုကို အဘယ်ကြောင့် ပလပ်သင့်ကြောင်း အကျိုးအကြောင်း ဖော်ပြ၍ အကြံပြုခဲ့သည် ဖြစ်ရာ တရားရေးဝန်ထမ်းများအား ကာကွယ် စောင့်ရှောက်သည့် အက်ဥပဒေပုဒ်မ ၁ ၏ အကာအကွယ်ကို ရထိုက်သည်ဖြစ်၍ သူ၏အကြံပြုချက်များ မှားယွင်းသည့်တိုင် အောင် သူ့အပေါ် တရားမကြောင်း အရ တရားစွဲဆိုနိုင်မည် မဟုတ်ချေ။ ထို့အပြင် တရားရေး အကြံပေးတစ်ဦးသည် မိမိ အကြံပြုချက်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တရားစီရင်ရေးအဖွဲ့ ကိုသာ တာဝန်ခံရသည်ဖြစ်ရာ အမှုသည် တဦးဦးအား မိမိအကြံ ပြုချက်နှင့် စပ်လျဉ်း၍ ဖြေရှင်းရန် တာဝန်မရှိချေ။

ဗဟိုတရားရုံး ရှေ့နေတစ်ဦးကိစ္စ .... .... .... ၄၀

## တရားမမှုများ

ဥပဒေများ—

တရားမကျင့်ထုံးဥပဒေ

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ

ကာလစည်းကမ်းသတ် အက်ဥပဒေ

ပဋိညာဉ်အက်ဥပဒေ

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ

**အရောင်းအဝယ်ကိစ္စကို သီးခြား ဆောင်ရွက်ပေးစေလိုမှုမှာ ပဋိညာဉ်** အပေါ် အခြေခံ၍ စွဲဆိုခြင်းဖြစ်ပြီး၊ လက်ရောက် ပေးအပ်စေလိုမှုမှာ ပစ္စည်းလွှဲပြောင်း စာချုပ်အပေါ် အခြေခံ၍ စွဲဆိုသည် ဖြစ်ခြင်း— ယင်းအကြောင်း နှစ်ရပ်ကို တစ်မှုထဲတွင် ပူးတွဲ စွဲဆိုနိုင်ခြင်း—တရားမကျင့်ထုံး ဥပဒေအမိန့် ၂၊ နည်း ၆ ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်မှုမရှိခြင်း။

ဆုံးဖြတ်ချက်။ ။အရောင်းအဝယ် ပဋိညာဉ်ကို သီးခြား ဆောင်ရွက်ပေးစေရန် စွဲဆိုသောအမှုတွင် ပေါ်ပေါက်သော အမှုစွဲဆိုရန် အကြောင်းသည် အရောင်းအဝယ်ပြုလုပ်သော ပစ္စည်းကို လက်ရောက်ပေးအပ်ရန် စွဲဆိုသောအမှု၌ ပေါ်ပေါက်သော အမှုစွဲဆိုရန် အကြောင်းနှင့်မတူချေ။ အရောင်းအဝယ်ကိစ္စကို သီးခြားဆောင်ရွက်ပေးစေလိုမှုမှာ ပစ္စည်းရောင်းချရန် ပဋိညာဉ်အပေါ် အခြေခံ၍ စွဲဆိုခြင်း ဖြစ်ပြီး လက်ရောက်အပ်ပေးစေလိုမှုမှာ ပစ္စည်းလွှဲပြောင်း စာချုပ်အပေါ်အခြေခံ၍ စွဲဆိုခြင်းဖြစ်သည်။ သို့ရာတွင် ယင်းအမှု စွဲဆိုရန် အကြောင်းနှစ်ရပ်ကို အမှုတစ်မှုတည်းတွင် ပူးတွဲစစ်ဆေး ခြင်းဖြင့် အဆင်မပြေမှုများ ပေါ်ပေါက်မှု မရှိနိုင်သည် သာမက ယင်းအကြောင်း နှစ်ရပ်မှာ ဆက်စပ်နေသည့် အလျောက် တစ်မှု တည်းတွင် တပေါင်းတည်း စစ်ဆေးခြင်းဖြင့် အချိန်ကုန်သက်သာ ခြင်း၊ စရိတ်စက သက်သာခြင်းစသည့် အကျိုးများ ဖြစ်ထွန်းနိုင်

စာမျက်နှာ

သည့်အပြင် တဘက်အမှုသည်အား နစ်နာစေမှုလည်း မရှိနိုင်သည် ဖြစ်ရာ ထိုသို့ တပေါင်းတည်း စွဲဆိုခြင်းသည် တရားမကျင့်ထုံး ဥပဒေအမိန့် ၂ နည်း ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ရန် အကြောင်း မရှိနိုင်၊ ထို့ပြင် အမှုပွားများခြင်းကိုလည်း ပိတ်ပင် နိုင်မည်ဖြစ်သည်။

ဦးဇော်ဖေ နှင့် **ဒေါ်ခင်သန်း** .... .... ၃၉

**ဇာရီမှုများ၌ တရားနိုင်မလာ၍ လျှောက်လွှာကို ပယ်လျှင် တရားနိုင်က ထိုပလပ်သည့်အမိန့်ကို ပယ်ဖျက်ပေးရန် လျှောက်ထားခြင်း မပြုနိုင်— ကာလစည်းကမ်းသတ် အတွင်း၌ ဇာရီ လျှောက်လွှာသစ် တင်ရန်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ဇာရီမှုများ၌ တရားနိုင် မလာရောက်သည်ကို အကြောင်းပြုပြီး ဇာရီလျှောက်လွှာကို ပယ်လျှင် တရားနိုင်အနေဖြင့် ထိုပလပ်သည့်အမိန့်ကို ပယ်ဖျက်ပေးရန်အတွက် လျှောက်ထားခြင်းမပြုနိုင်ပေ။ ကာလစည်းကမ်းသတ် ဘောင်အတွင်း ဇာရီ လျှောက်လွှာသစ် တင်သွင်းလျှောက်ထားရန်သာ ဖြစ်ပေသည်။

ဦးထွန်းပါ(၂) နှင့် ဦးဘမင်းပါ(၂) .... .... ၆၆

**တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉ နည်း ၁ ပါ ပြဋ္ဌာန်းချက်—အငြင်းပွားသော ပစ္စည်းသည် ပျက်စီးယိုယွင်းမည့်၊ ဖျက်ဆီးခြင်း ခံရမည့်၊ သို့မဟုတ် လွှဲပြောင်းပေးခြင်း ခံရမည့်အန္တရာယ်ရှိရန် လိုအပ်ခြင်း— ကုစားမရနိုင်သည့် ဆုံးရှုံးနစ်နာမှု မပေါ်ပေါက်လျှင် ယာယီ တားဝရမ်း ထုတ်ဆင့်ရန် မသင့်လျော်ခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံး ဥပဒေ အမိန့် ၃၉၊ နည်း ၁ ပါ ပြဋ္ဌာန်းချက်များအရဆိုလျှင် အမှုတစ်မှုတွင်အငြင်းပွားသောပစ္စည်း သည် ပျက်စီးယိုယွင်းမည့်၊ သို့မဟုတ် ဖျက်ဆီးခြင်းခံရမည့်၊သို့မဟုတ် လွှဲပြောင်းပေးခြင်းခံရမည့် အန္တရာယ်ရှိနေကြောင်း ထင်ရှားမှသာ ထိုအငြင်းပွားသော ပစ္စည်းနှင့် စပ်လျဉ်း၍ ယာယီတားဝရမ်း

စာမျက်နှာ

ထုတ်ဆင့်နိုင်သည်။ ဤအမှုတွင် အငြင်းပွားသော ပစ္စည်းမှာ ''မြေ'' သာလျှင်ဖြစ်သည်။ ဝင်းထရံကာရံခြင်း၊ အဆောက်အအုံ ဆောက်လုပ်ခြင်းတို့ကြောင့် ထိုမြေကို ယိုယွင်းပျက်စီးစေသည်ဟု မဆိုနိုင်သဖြင့် အပြင် ကုစားမရနိုင်သည့် ဆုံးရှုံးနစ်နာမှုများ ပေါ်ပေါက်နိုင်သည် မဟုတ်သောကြောင့် တရားမကျင့်ထုံး အမိန့် ၃၉၊ နည်း ၁ အရ ယာယီတားဝရမ်း ထုတ်ဆင့်ပေးရန် မသင့်ပေ။

**ဦးတင့်ဆွေပါ(၂) နှင့် ဒေါ်အမှာ .... .... ၆၄**

**ပြစ်မှုကြောင်းအရ အရေးယူခံရမည့်သူ ကွယ်လွန်သောအခါ သူ့အပေါ် ဆက်လက်အရေးယူရန် အကြောင်းမရှိခြင်း—ကွယ်လွန်သူ၏ တရားဝင်ကိုယ်စားလှယ် ဆောင်ရွက်သည်မှာ မှားယွင်းခြင်း—အမှုနိုင်သူများသည် မိမိတို့အား အရှုံးပေးထားသော ငြင်းချက်များအပေါ် အယူခံဝင်ခွင့်မရှိခြင်း—တန်ပြန်ကန့်ကွက်လွှာ တင်သွင်းခွင့်လည်းမရှိခြင်း—ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၇၆ အရ စုံစမ်း စစ်ဆေးသည့်အမှုတွင် မည်သည့်ပုဒ်မအရ အရေးယူမည်ကို ဆုံးဖြတ်ရန်လိုအပ်ခြင်း—သက်ဆိုင်ရာ တရားစီရင်ရေးအဖွဲ့က တရားလို ပြုလုပ်တိုင်တန်းရန် လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။အမှုမှာ ဦးအေးမောင်အပေါ် ပြစ်မှုကြောင်းအရ အရေးယူရန် ဆုံးဖြတ်သည့်ကိစ္စဖြစ်ရာ သူကွယ်လွန်သောအခါ သူ့အပေါ် ထိုသို့အရေးယူရန် အကြောင်းမရှိတော့သဖြင့် အယူခံမှုများမှာ သူနှင့်စပ်လျဉ်းသရွေ့ ရပ်စဲသွားပြီး ဖြစ်သောကြောင့် ဒေါ်ခင်သန်းက သူ၏တရားဝင် ကိုယ်စားလှယ် အဖြစ် ဆက်လက်ဆောင်ရွက်ခြင်းသည် မှားယွင်းပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဒေါ်ခင်ညွန့်တို့သည် အမှုနိုင်သူများဖြစ်၍ သူတို့အား အရှုံးပေးသော ငြင်းချက်များအပေါ် တိုင်းတရားရုံး၏ ကောက်ယူ ဆုံးဖြတ်ချက်များကို အယူခံဝင်ခွင့် မရှိချေ။ တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၂၂ အရလည်း တန်ပြန် ကန့်ကွက်လွှာ တင်သွင်းခွင့်မရှိချေ။

စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၇၆ အရ စုံစမ်းစစ်ဆေးသည့်အမှုတွင် သက်ဆိုင်ရာ တရားစီရင်ရေးအဖွဲ့သည် လျှောက်ထားခံရသူအပေါ် အရေးယူရန်ဆုံးဖြတ်လျှင် မည်သည့်ဥပဒေ၊ မည်သည့်ပုဒ်မအရ အရေးယူမည်ဖြစ်ကြောင်း အမိန့်ချမှတ်ရမည်။ ယင်းတရားစီရင်ရေးအဖွဲ့က လျှောက်ထားခံရသူအပေါ် တရားလိုပြုလုပ်၍ တိုင်တန်းရမည်ဖြစ်သည်။

ဒေါ်ခင်ညွန့် ပါ (၂) / ဒေါ်ခင်သန်း နှင့် ဒေါ်ခင်သန်း / ဒေါ်ခင်ညွန့် ပါ (၂) .... ၁၁

**မိခင်တစ်ဦးသည် မိမိပိုင်ပစ္စည်းကို အတူနေသားသမီး တစ်ဦးဦးသို့ ရောင်းချပိုင်ခွင့်ရှိခြင်း—ရောင်းချရာ၌ အခြားသား သမီးများကို အသိပေးရမည်ဟု ဥပဒေသ မရှိခြင်း— တိတ်တဆိတ်အရောင်းအဝယ် ပြုရုံမျှဖြင့် မလျော်သြဇာ သုံးသည်ဟု တထစ်ချမဆိုနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။မိခင်တစ်ဦးသည် သူပိုင်ပစ္စည်းတစ်ရပ်ရပ်ကို အတူနေ သားသမီးတစ်ဦးဦးသို့ ရောင်းချခွင့်ရှိပေသည်။ ထိုသို့ ရောင်းချသည့်အခါ ကျန်အခြားသားသမီးများကို အသိပေးရမည်ဟူ၍ ဥပဒေသမရှိချေ။ မိဘများက သူတို့ပိုင်ပစ္စည်းကို အရောင်းအဝယ် စာချုပ် ပြုလုပ်ရောင်းချခြင်းသည် ကိတ္တိမမွေးစားခြင်း ကိစ္စမျိုးကဲ့သို့ ကျော်ငြာမှုရှိရန် မလိုပေ။ တိတ်တဆိတ် အရောင်းအဝယ် ပြုထားရုံမျှဖြင့် မလျော်သြဇာသုံးပြီး ရောင်းခြင်း ဝယ်ခြင်းဖြစ်သည်ဟု တထစ်ချမဆိုနိုင်ချေ။

ဒေါ်နီ နှင့် ဦးတင်လှ ပါ (၅) .... .... ၆၈

စာမျက်နှာ

အမှုစစ်ဆေးနေစဉ် တရားပြိုင်တစ်ဦးသည် ၁၉၆၀-ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃ (၁) အရ အိမ်ငှားဖြစ်လာခြင်း— အိမ်ငှားဖြစ်လာပါက မူလအချေလွှာကို ပြင်ဆင်သင့်ခြင်း—မူလကကျူးကျော်သူပင်ဖြစ်စေကာမူ ပုဒ်မ ၁၃ (၁) အရ အိမ်ငှားဖြစ်လာသူအား ကျူးကျော်သူအဖြစ် ဖယ်ရှားခွင့်မရှိခြင်း။

**ဆုံးဖြတ်ချက်။** ။အမှု စစ်ဆေးနေစဉ် တရားပြိုင် တစ်ဦးသည် ၁၉၆၀-ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃ (၁) အရ အိမ်ငှား မြေငှား ဖြစ်လာပါက တရားမကျင့်ထုံး ဥပဒေအမိန့် ၈၊ နည်း ၈ အရ အချေလွှာကို လိုအပ်သလို ပြင်ဆင်သင့်ပေသည်။ ဤအမှုတွင် ဦးမင်းဟန်သည် ဥပဒေအရ မြေငှားဖြစ်လာရာ တိုင်းတရားရုံးသည် သူ၏လျှောက်လွှာကို ပလပ်မည့်အစား အဆိုအချေတို့ကို ဥပဒေနှင့်အညီ လိုအပ်သလို ပြင်ဆင် ဆောင်ရွက်စေသင့်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဦးမင်းဟန်သည် မူလက အချင်းဖြစ်မြေကွက်ပေါ်တွင် ကျူးကျော်နေထိုင်သူ ဖြစ်ခဲ့စေကာမူ ၁၉၆၀-ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃ (၁) အရ ဆက်လက် နေထိုင်ခွင့် ရရှိပြီးနောက် ဦးမြင့်သိန်းသည် ဦးမင်းဟန် အား ကျူးကျော်သူအဖြစ် ဖယ်ရှားခွင့် မရှိတော့ချေ။ အဆိုပါ ဥပဒေပုဒ်မ ၁၄ (၁) တွင် ဖော်ပြထားသော ကိစ္စတစ်ရပ်ရပ်အတွက်သာ ဖယ်ရှားခွင့်ရှိပေသည်။

ဦးမင်းဟန် နှင့် ဦးမြင့်သိန်း .... .... ၇၂

ခွင့်ပြုချက်ဖြင့် ထားသူအား နှင်ထုတ်လိုမှု—ခွင့်ပြုသူ ရဟန်းဝတ်သွား၍ ခွင့်ပြုချက်ဖြင့်ထားခဲ့သော ဆက်ဆံရေးမှာ ရပ်စဲသွားခြင်း—ရဟန်းဝတ်မှ လူထွက်သောအခါ မူလကတည်ရှိခဲ့သော ဆက်ဆံရေးမှာ ပြန်လည်ပေါ်ပေါက်ရန် အကြောင်းမရှိခြင်း။

စာမျက်နှာ

ဆုံးဖြတ်ချက်။ ။ဦးကြင် လူဝတ်အဖြစ် ရှိခဲ့စဉ်က ဦးကြင်နှင့် ဦးချစ်လှတို့အကြားတွင် ခွင့်ပြုသူနှင့် ခွင့်ပြုခြင်း ခံရသူများအဖြစ် ဆက်ဆံမှုရှိခဲ့သည့်တိုင်အောင် နောက်ပိုင်းတွင် ဦးကြင် ရဟန်းဝတ် သောအခါ ယင်းဆက်ဆံရေး အခြေအနေမှာ ရပ်စဲသွားပြီ ဖြစ်၍ ဦးကြင်ရဟန်းဝတ်ပြီးနောက် ဦးချစ်လှတို့ အချင်းဖြစ် ဥပစာတွင် မနေထိုင်ခြင်းမှာ သူ၏ခွင့်ပြုချက်အရ ဆက်လက်နေထိုင်ခြင်း မဟုတ် တော့ချေ။ သို့ဖြစ်ရာ ဦးကြင်လူထွက်သောအခါ တချိန်က သူတို့ အကြားတွင် တည်ရှိခဲ့သည်ဆိုသော အဆိုပါဆက်ဆံရေးသည် ပြန် လည်ပေါ်ပေါက်ရန် အကြောင်းမရှိချေ။

ဦးကြင် နှင့် ဦးချစ်လှပါ (၂) .... ၅၁

## တရားမမှုများ

စာမျက်နှာ

ဥပဒေများ—

၁။ အမွေဆက်ခံခြင်း အက်ဥပဒေ။

၂။ ဗဟိုတရားရုံးရှေ့နေများကောင်စီဥပဒေ။

၃။ ၁၉၆၀ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ။

**ခရစ်ယာန် ဘာသာဝင်တစ်ဦး ကွယ်လွန်သောအခါ သေတမ်းစာမကျန်ရစ် လျှင် အမွေဆက်ခံခြင်း အက်ဥပဒေအရ အဆုံးအဖြတ်ပေးရမည် ဖြစ်ခြင်း—ကွယ်လွန်သူ၏ အမွေကို ဆက်ခံခွင့်ရှိကြောင်း တွေ့ရှိရလျှင် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ အမွေဆက်ခံခွင့်ရှိကြောင်း မှားယွင်း ကိုးကားမိရုံမျှဖြင့် အမွေမရသင့်ဟု ကောက်ယူဆုံးဖြတ်ခြင်း မပြုနိုင်— ဗုဒ္ဓဘာသာဝင် သားသမီးတစ်ဦးသည်ခရစ်ယာန်ဘာသာဝင်၏ အမွေကို ဆက်ခံခွင့်မရှိဟု အမွေဆက်ခံခြင်း အက်ဥပဒေတွင် တားမြစ်ထားခြင်း မရှိ—အမွေဆိုင်တစ်ဦးသည် ပူးတွဲအမွေဆိုင် တစ်ဦးအပေါ် အမွေ စီမံခန့်ခွဲ ပေးစေလိုလျှင် တိုက်ရိုက်စွဲဆိုနိုင်ခြင်—းအမွေပစ္စည်းတွင် မွေဝေစုရခွင့် ရှိကြောင်း မြွက်ဟကြေငြာပေးရန် သာမန်အားဖြင့် စွဲဆိုရန်အကြောင်း မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ကွယ်လွန်သူ ဒေါ်စီသည် ခရစ်ယာန် ဘာသာဝင် တစ်ဦးဖြစ်ကြောင်း အငြင်းမပွားချေ။ သူကွယ်လွန်သောအခါ သေတမ်း စာကျန်ရစ်ကြောင်း အထောက်အထား တစ်စုံတရာမရှိပေ။ သို့ဖြစ်ရာ ဒေါ်စီ၏ အမွေကို ဆက်ခံခြင်းကိစ္စနှင့် စပ်လျဉ်း၍ အမွေဆက်ခံခြင်း အက်ဥပဒေအရအဆုံးအဖြတ်ပေးရမည်ဖြစ်သည်။ အယူခံတရားပြိုင်၏အဆို လွှာအပိုဒ် ၈ တွင်မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေရထိုက်ကြောင်း အဆိုပြုထားသည်ကိုတွေ့ရသည်။ ကွယ်လွန်သူသည် ဗုဒ္ဓဘာသာဝင် မဟုတ် သဖြင့် သူ၏အမွေကို ဆက်ခံသည့် ကိစ္စမှာ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ နှင့် မသက်ဆိုင်ချေ။ သို့ရာတွင် အယူခံ တရားပြိုင်သည် ကွယ်လွန်သူ၏ အမွေကို ဆက်ခံခွင့်ရှိကြောင်း တွေ့ရှိရလျှင် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ အရ အမွေဆက်ခံခွင့်ရှိကြောင်း မှားယွင်းကိုးကားမိရုံမျှဖြင့် အမွေမရ သင့်ဟု ကောက်ယူဆုံးဖြတ်ခြင်း မပြုနိုင်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။**အယူခံတရားပြိုင် ဒေါ်စီရာကျော်သည် ကွယ်လွန် သူ၏ သမီးအရင်းဖြစ်ကြောင်း အငြင်းမပွားချေ။ အယူခံတရားလိုတို့၏**

ရှေ့နေက ဗုဒ္ဓဘာသာဝင်ဖြစ်သူ ဒေါ်ဗီရာကျော်သည် ခရစ်ယာန်ဘာသာ ဝင် အမွေရှင်၏ အမွေကို ရခွင့်ရှိသည်ဟု တိုင်းတရားရုံးက ဆုံးဖြတ်ခြင်း မှာ မှားယွင်းကြောင်း လျှောက်ထားသည်။ ဗုဒ္ဓဘာသာဝင် သားသမီး တစ်ဦးသည် ခရစ်ယာန်ဘာသာဝင်၏အမွေကို ဆက်ခံခွင့်မရှိဟု အမွေ ဆက်ခံခြင်းအက်ဥပဒေတွင် တားမြစ်ထားခြင်းမရှိချေ။ စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်။** ။အမွေဆိုင်တစ်ဦးသည် ပူးတွဲအမွေဆိုင် တစ်ဦး အပေါ် အမွေစီမံခန့်ခွဲပေးစေလိုလျှင် တိုက်ရိုက်စွဲဆိုနိုင်သည်။ အမွေ ပစ္စည်းတွင် အမွေဝေစုရခွင့်ရှိကြောင်း မြွက်ဟကြေငြာပေးရန် သာမန် အားဖြင့် စွဲဆိုရန်အကြောင်းမရှိချေ။

ဦးကျော်ပါ(၂) နှင့် ဒေါ်ဗီရာကျော် .... .... .... ၇၇

**သက်သေခံဥပဒေကို ပြဋ္ဌာန်းရခြင်းရည်ရွယ်ချက်—အမှန်တရားကို ရှာဖွေရာ၌ လွယ်ကူစေရန်ဖြစ်ခြင်း—သက်သေများ အထိန်း အချုပ် မရှိ၊ အကန့်အသတ်မရှိ၊ မေးလိုရာမေးမြန်းခြင်းမရနိုင်၊ သက်သေခံဥပဒေ ပုဒ်မ ၁၅၁ နှင့် ပုဒ်မ ၁၅၂ တို့တွင် ပိတ်ပင်ထားသော မေးခွန်းမျိုး တပါးသူ အား အရှက် ရ စေ မည့် မေး ခွန်း မျိုး ကိုမေးခြင်း—မကောင်းကျင့်မကောင်းကြံဖြင့် ပြုမူဆောင်ရွက်ရာ ရောက်သောကြောင့် ဗဟိုတရားရုံးရှေ့နေများကောင်စီ ဥပဒေပုဒ်မ ၁၀ (၁) တွင် ပြဋ္ဌာန်းထားသည့် (misconduct) ကို ကျူးလွန်ရာရောက်ခြင်း။**

**ဆုံးဖြတ်ချက်။** ။သက်သေတစ်ဦးအားပြန်လှန်မေးမြန်းရာတွင်သက်သေခံ ဥပဒေက အခွင့်အရေးများ ကျယ်ပြန့်စွာ ပေးထားကြောင်း၊ ဦးတင်ရီက လျှောက်ထားတင်ပြခြင်းနှင့် စပ်လျဉ်း၍ သတိချပ်ရန်မှာ သက်သေအား အထိန်းအချုပ်မရှိ၊ အကန့်အသတ်မရှိ မေးလိုရာ မေးမြန်းခြင်း မပြု နိုင်ချေ။ မေးချင်တိုင်း မေးခွင့်ပြုခဲ့လျှင် အမှုနှင့် မသက်ဆိုင်သည့် အချက်အလက်များကို ထည့်သွင်းလာရန် အကြောင်းရှိသည်ဖြစ်၍ တရား ရုံးက အမှန်တရားကို ရှာဖွေသုံးသပ်ရာ၌ အနည်းနှင့်အများ အခက်အခဲ တွေ့ရမည်မှာ ယုံမှားဖွယ်မရှိပေ။ သက်သေခံဥပဒေကို ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်တစ်ရပ်မှာ အမှန်တရားကို ရှာဖွေရာ၌ လွယ်ကူစေရန် ဖြစ်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ရှေ့နေ တစ်ဦးသည် သက်သေခံ ဥပဒေနှင့် စာချက်နှာကင်းကွာ၍ မရချေ။ ဝါရင့်ရှေ့နေ တစ်ဦးဖြစ်သူ ဦးတင်ရီ အနေဖြင့် အချင်းဖြစ် မေးခွန်းများမှာ အမှုနှင့် သက်ဆိုင်ခြင်း မရှိသည့်အပြင် သက်သေခံဥပဒေပုဒ်မ ၁၅၁ နှင့် ပုဒ်မ ၁၅၂ တို့တွင် ပိတ်ပင်ထားသော မေးခွန်းမျိုး ဖြစ်ကြောင်းကိုလည်းကောင်း၊ ယင်းမေးခွန်းများ အမေးခံရသော မိန်းမသားတစ်ဦးအား လူ့ဘုံအလယ်တွင် အရှက်တကွဲ အကျိုးနည်း ဖြစ်စေသည်ကိုလည်းကောင်း သိကောင်းသည်။ မမေးသင့် မမေးထိုက်သော၊ သက်သေခံဥပဒေက ပိတ်ပင်ထားသော၊ ထို့ပြင် တပါးသူအား အရှက်ရစေသော မေးခွန်းများကို မေးမြန်းခြင်းဖြင့် ဦးတင်ရီသည် မကောင်းကျင့်မကောင်းကြံဖြင့် ပြုမူဆောင်ရွက်ရာ ရောက်သောကြောင့် ဗဟိုတရားရုံးရှေ့နေများကောင်စီ ဥပဒေပုဒ်မ ၁၀ (၁) တွင် ပြဋ္ဌာန်းထားသည့် **(misconduct)** ကို ကျူးလွန်ရာ ရောက်သည်ဟု ယူဆရပေသည်။

ဗဟိုတရားရုံး ရှေ့နေတစ်ဦးကိစ္စ .... .... .... .... ၈၁

**၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂(၂) (၃) (၄)နှင့် သက်သေခံ ဥပဒေပုဒ်မ ၁၁၅--တရားနိုင်သည် အိမ်အပ်ဝရမ်းကို တရားရှုံး၏ တရားဝင်ကိုယ်စားလှယ်အပေါ် အတည်ပြုပြီးနောက်မှ ထိုသူမှာ တရားရှုံးမဟုတ် အိမ်ငှားမဟုတ်ဟု ငြင်းဆိုနိုင်ခွင့် မရှိတော့ခြင်း။**

တရားနိုင် ဒေါ်နှင်းအေးသည် မြို့နယ်တရားရုံး၌ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (င)အရ ဒီကရီကို အတည်ပြုရာတွင် ကွယ်လွန်သူ တရားရှုံး ဦးစိန်အပေါ် အိမ်အပ်ဝရမ်းထုတ်ဆင့်ခဲ့သည်။ အယူခံ တရားလို ဒေါ်သန်းကြည်သည် ဦးစိန်၏ အတူနေသမီးဖြစ်၍ ဒီကရီအတိုင်းလိုက်နာဖယ်ရှားပေးခဲ့သည်။နောက်ပိုင်းတွင် ဒေါ်နှင်းအေးက အဆိုပါ ဥပဒေပုဒ်မ ၁၂(၁)(င)အရ ချုပ်ဆိုခဲ့သည့် ခံဝန်ချုပ်ပါ စည်းကမ်းချက်အတိုင်း လိုက်နာဆောင်ရွက်ရန် ငြင်းဆန်သောကြောင့်၊ ဒေါ်သန်းကြည်က ဒေါ်နှင်းအေး အပေါ် အဆိုပါဥပဒေပုဒ်မ ၁၂(၂)(၃)(၄)အရ အရေးယူဆောင်ရွက်ပေးရန် မြို့နယ်တရားရုံးတွင် လျှောက်ထားသည်။ မြို့နယ်တရားရုံးက ဒေါ်သန်း

ကြည်၏ လျှောက်ထားချက်ကို ခွင့်ပြုခဲ့သော်လည်း၊ ယင်း အမိန့်ကို စာမျက်နှာ တိုင်းတရားရုံးက ပယ်ဖျက်ခဲ့သည်။ ဒေါ်သန်းကြည်က တိုင်းတရားရုံး၏ အမိန့်ကို မကျေနပ်၍ ဗဟိုတရားရုံးသို့ အယူခံသည်။

**ဆုံးဖြတ်ချက်။** ။တရားနိုင် ဒေါ်နှင်းအေးသည် တရားမကျင့်ထုံး အမိန့် ၂၁၊ နည်း ၃၅ အရ တရားရုံး ဦးစိန်အပေါ် ထုတ်ဆင့်သည့် အိမ်အပ် ဝရမ်းကို သူ၏သမီးဖြစ်၍ တရားဝင် ကိုယ်စားလှယ်ဖြစ်သူ အယူခံတရားလို ဒေါ်သန်းကြည်အပေါ် ချမှတ်အတည်ပြု၍ အချင်းဖြစ် ဥပစာမှ ဖယ်ရှား ထွက်ခွာစေခဲ့ပြီးနောက် ခံဝန်ချုပ်အရ ဥပစာကို ပြန်လည်ပေးအပ် ရတော့မည့် ယခုအချိန်တွင်မှ ဒေါ်သန်းကြည်အား တရားရုံးမဟုတ်၊ အိမ်ငှားမဟုတ်ဟု ငြင်းဆိုနိုင်ခွင့် မရှိတော့ပေ။ ထိုသို့ ငြင်းဆိုခြင်းကို သက်သေခံ အက်ဥပဒေပုဒ်မ ၁၁၅ အရ တားမြစ်ပိတ်ပင်ထားပေသည်။

ဒေါ်သန်းကြည် နှင့် ဒေါ်နှင်းအေး .... .... .... ၀၀

# တရားမ ပထမအယူခံမှု

## ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးမြကျော်နှင့် ဦးအေးမောင် တို့ ပါဝင်သော ဗဟိုတရား စီရင်ရေးအဖွဲ့ရှေ့တွင်

ဦး စော ဖေ
ဦး ဘ ကွန်း
ဒေါ် ခင် ညွန့်
ဦး မောင် မောင် စိန် ပါ (၂)
ဒေါ် အ မာ ပါ (၂)

နှင့်

ဦး ဖေ တင် ဝင်း
ဦး ဖေ တင် ဝင်း ပါ (၅) *

†၁၉၈၅ ဖေဖော်ဝါရီ ၂၂ ရက်

**ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၅— ယင်းပုဒ်မပါ ဖော်ပြချက်သည် ဇာရီမှုများနှင့် သက်ဆိုင်ကြောင်း တည်ဆဲဥပဒေတရပ်ရပ်တွင် ပြဋ္ဌာန်းချက်မရှိ။**

**ဆုံးဖြတ်ချက်။** ။ကာလစည်းသတ် အက်ဥပဒေပုဒ်မ ၅ သည် ဇာရီ လျှောက်လွှာများနှင့် သက်ဆိုင်ကြောင်း တည်ဆဲ အခြား ဥပဒေတရပ် ရပ်တွင် ပြဋ္ဌာန်းထားခြင်း မရှိ။

အယူခံတရားလိုများအတွက်—ဒေါ်တင်မမ၊ဦးထွန်းအုံ၊ဦးမြစိန်(ကိုယ်စား) ဦးလှမြင့်၊ ဦးကျော်ကျော်ဝင်း နှင့် ဦးညွန့်မြိုင်၊ ဗဟိုတရားရုံးရှေ့နေများ

အယူခံ တရားပြိုင် အတွက်—ဦးကျော်ဆွေ၊ ဥပဒေဝန်ထမ်းအဆင့် (၁)

---

* ၁၉၈၃ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၄၃
၁၉၈၃ ခုနှစ်၊ တရားမ အထွေထွေအယူခံမှု အမှတ် ၁၃၊ ၁၄၊ ၂၀
၁၉၈၄ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှုအမှတ် ၃၃

† ၁၉၈၃ ခုနှစ်၊ တရားမ ဇာရီမှု အမှတ် ၆၊ ၈၊ ၇၊ ၉၊ ၁၀ တွင် ချမှတ်သော (၁-၇-၈၃) (၁-၆-၈၃) (၆-၆-၈၃) နှင့် (၂၇-၇-၈၄) နေ့စွဲပါ မန္တလေးတိုင်း တရားရုံးများ၏ အမိန့်များကိုအယူခံမှု။

၁၉၈၅
ဦးစောဖေ
ဦးဘကွန်း
ဒေါ်ခင်ညွန့်
ဦးမောင်မောင်စိန် ပါ (၂)
ဒေါ်အမာ့ပါ (၂) နှင့် ဦးဖေတင်ဝင်း
ဦးဖေတင်ဝင်း ပါ(၅)

မိတ္ထီလာမြို့၊ ယခင်ခရိုင် တရားမရုံး၊ တရားမကြီးမှုအမှတ် ၃/၆၂ တွင် အင်တာနေရှင်နယ် ထရေဒင်ဟောက် (စ်) (လီမိတက်)က အယူခံ တရားလို ဦးစောဖေ အပေါ် ငွေကျပ် ၆၆၂၅/- အတွက် ၃-၆-၇၂ ရက်နေ့တွင် ဒီကရီရရှိခဲ့၍ အဆိုပါ ဒီကရီကို ကုန်သွယ်ရေး ဦးစီးဌာန၊ တွဲဘက် ညွှန်ကြားရေးမှူး ဦးဖေတင်ဝင်းက တရားနိုင်အဖြစ်ဖြင့် တရားရှုံး ဦးစောဖေအပေါ် မန္တလေးတိုင်းတရားရုံး၊ တရားမဇာရီမှုအမှတ် ၆/၈၃ တွင် ၁၀-၂-၈၃ နေ့၌ အတည်ပြုသည်။

မန္တလေးမြို့၊ ယခင်ခရိုင် တရားမရုံး၊ တရားမကြီးမှုအမှတ် ၁၇/၆၄ တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက အယူခံတရားလို ဦးဘကွန်း အပေါ် ငွေကျပ် ၃၉၆၈၇/၅၀ါး အတွက် ၁-၄-၆၅ နေ့တွင် ဒီကရီ ရရှိခဲ့သည်။ အဆိုပါ ဒီကရီကို ကုန်သွယ်ရေး ဦးစီးဌာန၊ တွဲဘက်ညွှန်ကြားရေးမှူး ဦးဖေတင်ဝင်းက တရားနိုင်အဖြစ်ဖြင့် တရားရှုံး ဦးဘကွန်း အပေါ် မန္တလေးတိုင်းတရားရုံး၊ တရားမဇာရီမှုအမှတ် ၈/၈၃ တွင် ၁၀-၂-၈၃ နေ့၌ အတည်ပြုသည်။

မန္တလေးမြို့၊ယခင်ခရိုင်တရားမရုံး၊တရားမကြီးမှုအမှတ် ၁၄/၆၄ တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက အယူခံတရားလို ဒေါ်ခင်ညွန့်နှင့် သူ၏ ခင်ပွန်းဖြစ်သူ ဦးလားတို့အပေါ် ငွေကျပ် ၁၄၀၁၄၀/- အတွက် ၂၀-၁၂-၆၇ နေ့တွင် ဒီကရီရရှိခဲ့သည်။ အဆိုပါဒီကရီကို ကုန်သွယ်ရေး ဦးစီးဌာန၊ တွဲဘက်ညွှန်ကြားရေးမှူး ဦးဖေတင်ဝင်းက တရားနိုင် အဖြစ်ဖြင့် တရားရှုံး ဒေါ်ခင်ညွန့်အပေါ် သူကိုယ်တိုင်နှင့် ကွယ်လွန်သူ ဦးလား၏ တရားဝင် ကိုယ်စားလှယ် အဖြစ်ဖြင့် မန္တလေးတိုင်းတရားရုံး၊ တရားမ ဇာရီမှုအမှတ် ၇/၈၃ တွင် ၁၀-၂-၈၃ နေ့၌ အတည်ပြုသည်။

မန္တလေးမြို့၊ယခင်ခရိုင်တရားမရုံး တရားမကြီးမှုအမှတ်၁၅/၆၄တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက ဦးစိန်ဆိုသူ အပေါ် ငွေကျပ် ၆၆၀၅၀/-အတွက် ၂၉-၆-၆၅ နေ့တွင် ဒီကရီ ရရှိခဲ့သည်။ အဆိုပါ ဒီကရီကိုကုန်သွယ်ရေးဦးစီးဌာန တွဲဘက်ညွှန်ကြားရေးမှူး ဦးဖေတင်ဝင်းက တရားနိုင်အဖြစ်ဖြင့် ကွယ်လွန်သွားသူ ဦးစိန်၏သားများ ဖြစ်ကြသည့် ဦးမောင်မောင်စိန်နှင့် ဦးကျော်ဌေးတို့ အပေါ် မန္တလေးတိုင်း တရားရုံး၊ တရားမဇာရီမှုအမှတ် ၉/၈၃တွင် ၁၀-၂-၈၃ နေ့၌ အတည် ပြုသည်။

မန္တလေးမြို့၊ ယခင်ခရိုင်တရားမရုံး၊ တရားမကြီးမှု အမှတ် ၁၆/၆၄ တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရက ဦးလှဖေ ဆိုသူ အပေါ် ၁၇-၂-၆၅ နေ့တွင် ငွေကျပ် ၁၂၃၇၇၄/-အတွက် ဒီကရီရရှိခဲ့သည်။ အဆိုပါ ဒီကရီ ကို ကုန်သွယ်ရေး ဦးစီး ဌာန၊ တွဲဘက် ညွှန်ကြားရေးမှူး ဦးဖေတင်ဝင်းက တရားနိုင်အဖြစ်ဖြင့် ကွယ်လွန်သွားသည့် ဦးလှဖေ၏ တရားဝင် ကိုယ်စားလှယ်များ ဖြစ်ကြသော ဒေါ်တင်ရှိန်၊ ဒေါ်ညိုညို၊ ဒေါ်ပိုပို၊ ဦးတင်မောင်လှ၊ ဒေါ်အမာ၊ ဒေါ်ကြွယ်ကြွယ်၊ ဦးမြသောင်း နှင့် ဦးအောင်သိန်းတို့ အပေါ် မန္တလေးတိုင်းတရားရုံး၊ တရားမဇာရီမှု အမှတ် ၁၀/၈၃ တွင် ၁၀-၂-၈၃ နေ့၌ အတည်ပြုသည်။

တရားရှုံးများက ဇာရီလျှောက်လွှာ အသီးသီးမှာ စည်းကမ်းသတ် ကာလကျော်လွန်ကြောင်းတင်ပြရာ တိုင်းတရားရုံးက ယင်းကန့်ကွက်ချက်များကို ပယ်ချသဖြင့် ဦးစောဖေက ဗဟိုတရားရုံး၊ တရားမ ပထမအယူခံမှု အမှတ် ၄၃/၈၃ တွင်လည်းကောင်း၊ ဦးဘကွန်းက တရားမအထွေထွေ အယူခံမှု အမှတ် ၁၃/၈၃ တွင် လည်းကောင်း၊ ဒေါ်ခင်ညွန့်က တရားမ အထွေထွေ အယူခံမှုအမှတ် ၁၄/၈၃ တွင် လည်းကောင်း၊ ဦးမောင်မောင်စိန်ပါ (၂)ဦးတို့က တရားမအထွေထွေ အယူခံမှုအမှတ် ၂၀/၈၃ တွင် လည်းကောင်း၊ ဒေါ်အမာနှင့် ဒေါ်ကြွယ်ကြွယ်တို့က တရားမအထွေထွေ အယူခံမှု အမှတ် ၃၃/၈၄ တွင် လည်းကောင်း၊ အယူခံဝင်သည်။ ၎င်းအယူခံမှုများတွင် ပေါ်ပေါက်သည့် ဥပဒေပြဿနာမှာ တူညီသည်ဖြစ်၍ ဤ စီရင်ချက်သည် အဆိုပါ အမှုများ အားလုံး နှင့် သက်ဆိုင်စေရမည်။

ဦးဖေတင်ဝင်း တင်သွင်းသော ဇာရီလျှောက်လွှာများ၌ ဖော်ပြချက်များအရ ယင်းလျှောက်လွှာများကို ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၈၂(၁)တွင် သတ်မှတ်ထားသော စည်းကမ်းသတ် ကာလ ၃ နှစ်ထက် ကျော်လွန်ကြောင်း အငြင်းမပွားချေ။ ဦးဖေတင်ဝင်းက ကာလစည်းကမ်းသတ် ကျော်လွန်ရခြင်းနှင့် ပတ်သက်၍ ကျမ်းကျိန်လွှာ တင်သွင်း၍ ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၅ အရ ခွင့်ပြုရန် အကြောင်းပြသည်။ ယင်းပုဒ်မတွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

> "ပြဋ္ဌာန်းထားသည့် စည်းကမ်းသတ် ကာလ ကုန်ဆုံးပြီးမှ အယူခံမှုကို တင်သွင်းသည့်ကိစ္စတွင် သို့တည်းမဟုတ် စီရင်ချက်ကို

၁၉၇၅ | ဦးစောဖေ | ဦးဘကွန်း | ဒေါ်ခင်ညွန့် | ဦးမောင်မောင်စိန် ပါ (၂) | ဒေါ်အမာပါ (၂) နှင့် ဦးဖေတင်ဝင်း | ဦးဖေတင်ဝင်းပါ (၅)

ပြန်လည် စဉ်းစားစေရန်သော်လည်းကောင်း၊ အယူခံဝင်ခွင့် ရရှိစေရန် သော်လည်းကောင်း ပြုသော လျှောက်ထားမှုကိုတင်သွင်းသည့် ကိစ္စတွင် သို့တည်းမဟုတ် တည်ဆဲဖြစ်သော ပြဋ္ဌာန်းသည့် ဥပဒေ တခုခုဖြင့် ဖြစ်စေ၊ အရဖြစ်စေ၊ ဤပုဒ်မနှင့် သက်ဆိုင်စေနိုင်သည့် အခြားလျှောက်ထားမှုကို တင်သွင်းသည့် ကိစ္စတွင် အယူခံသူက ဖြစ်စေ၊ လျှောက်ထားသူက ဖြစ်စေ၊ စည်းကမ်းသတ်ကာလအတွင်းက အဘယ့်ကြောင့် မတင်သွင်းခဲ့သည်ကို တရားရုံးကြေနပ်အောင် လုံလောက်သော အကြောင်းပြနိုင်လျှင် တရားရုံးသည် အဆိုပါအယူခံမှုကို သော်လည်းကောင်း၊ လျှောက်ထားမှုကို သော်လည်းကောင်း၊ လက်ခံနိုင်သည်။ ''

ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၅ သည် ဇာရီလျှောက်လွှာများနှင့် သက်ဆိုင်ကြောင်း တည်ဆဲ အခြားဥပဒေ တရပ်ရပ်တွင် ပြဋ္ဌာန်းထားခြင်းမရှိသဖြင့် ဦးဖေတင်ဝင်းသည် ယင်းပုဒ်မပါ အကျိုးခံစားခွင့်ကို မရရှိနိုင်ချေ။

ဥပဒေဝန်ထမ်း အဆင့် (၁) ဦးကျော်ဆွေက **နိုင်ငံတော် ကုန်သွယ်ရေးဝယ်ရေးဘဏ်၊** ပြည်သူ့ဘဏ်အမှတ် ၉ နှင့် **မက်ဆား ရွှေနှင်းဆီ အင်တာပရိုက် လီမိတက်မက်ဆာဝိုး(စ်) စီးကရက် ကုမ္ပဏီလီမိတက်၊ မက်ဆားနေရှင်နယ် စီးကရက်ကုမ္ပဏီ ပါ ၁၆ အမှု (၁)ကို** ကိုးကား၍ **ကာလစည်းကမ်းသတ်** ကျော်လွန်ခြင်းကို ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၅ အရ ခွင့်ပြုသင့်ကြောင်း လျှောက်ထားသည်။ ယင်းအမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်မှု တင်သွင်းသော အယူခံမှု ဖြစ်သည်။ ဇာရီမှု မဟုတ်ချေ။

ထို့အပြင် တရားမဇာရီမှုအမှတ် ၇/၇၃၊ ၈/၇၃၊ ၉/၇၃ နှင့် ၁၀/၇၃ တို့ကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၄၈(၁)(က)တွင် သတ်မှတ်ထားသည့် ၁၂ နှစ် ကာလ ကျော်လွန်မှ တင်သွင်း ခဲ့ကြောင်းလည်း တွေ့ရှိရသည်။

ဥပဒေဝန်ထမ်းအဆင့် (၁) ဦးကျော်ဆွေက ဒီကရီများ ချမှတ်ပြီးနောက် တရားမကြီးမှုအမှတ် ၁၄/၆၄၊ ၁၆/၆၄ နှင့် ၁၇/၆၄ တို့မှ

---

(၁) ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စာမျက်နှာ ၃၄၃

တရားရုံး အသီးသီးသည် အာမခံပစ္စည်းများ အနေအထားကို ချွတ်ချော်အောင် ပြုလုပ်ခြင်း၊ လွှဲပြောင်းခြင်းတို့ဖြင့် ဇာရီမပြုလုပ်နိုင်ရန် လိမ်လည်မှု ကျူးလွန်ခဲ့သည့်အတွက်လည်း ကုန်သွယ်ရေးဦးစီးဌာနက သက်ဆိုင်ရာ ဇာရီမှုများကို ၁၂ နှစ်အတွင်း မလျှောက်ထားနိုင်ခဲ့ခြင်း ဖြစ်ကြောင်း လျှောက်ထားသည်။ ဤအချက်များကို မူလရုံးတွင် တင်ပြခဲ့ခြင်း မရှိကြောင်း တွေ့ရသည်။

ထို့ကြောင့် ဤအယူခံမှုများကို ခွင့်ပြု၍ တိုင်းတရားရုံး၏ အမိန့်များကို ပယ်ဖျက်ပြီး ဦးဖေတင်ဝင်း တင်သွင်းသော ဇာရီလျှောက်လွှာများကို ပလပ်ကြောင်း အမိန့်ချမှတ်လိုက်သည်။ ဤအယူခံမှုများတွင် ကုန်ကျသော တရားစရိတ်များကို နှစ်ဘက်အမှုသည်တို့သည် မိမိတို့ကိုယ်တိုင် ကျခံကြစေ။

## တရားမ ပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးအေးမောင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

†၁၉၇၅
ဇန်နဝါရီ
၂၄ ရက်

ဦး ဘို ကြီး
နှင့်
ဦး ကို ကြီး *

**မိုဟာမေဒင် ဥပဒေအရ ကွယ်လွန်သူ၏ တူမအရင်းသည် တူအရင်းများနှင့် ယှဉ်ပြိုင်၍ အမွေဆက်ခံနိုင်ခွင့် မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ဒေါ်သက်သက်မှာ ကွယ်လွန်သူ ဦးညိုဝင်း၏ တူမအရင်းဖြစ်သော်လည်း မိုဟာမေဒင် ဥပဒေအရ ဦးညိုဝင်း ကျန်ရစ်သည့် အမွေပုံပစ္စည်းကို သူ၏အစ်ကို အရင်းများ ဖြစ်ကြသည့် ဦးဘိုကြီး တို့ ၄ ဦးနှင့် ယှဉ်၍ အမွေဆက်ခံနိုင်ခွင့် မရှိပေ။

အယူခံတရားလို အတွက်— ဦးကျော်ကျော်ဝင်း၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက်— ဦးထွန်းဝေ၊ ဗဟိုတရားရုံးရှေ့နေ

မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၂၇/၇၁ တွင် ဦးဘိုကြီး က ဦးကိုကြီး၊ ဦးတင်အောင်၊ ဦးခင်မောင် (ကွယ်လွန်သူ၏ ဇနီးများဖြစ်သော ဒေါ်လှညွှန့်နှင့် ဒေါ်ညိမ်း)နှင့် ဒေါ်သက်သက်တို့ အပေါ် ကွယ်လွန်သူဦးညိုဝင်းမှ ကျန်ရစ်သည့် အမွေဆိုင် စိန်ရွှေလက်ဝတ် ရတနာ ၁၂ မျိုးကို ရုံးတော်မှ အုပ်ချုပ်စီမံခန့်ခွဲ ပေးရန် စွဲဆိုရာ တိုင်းတရားရုံး က ဦးဘိုကြီးသည် ကွယ်လွန်သူ ဦးညိုဝင်းမှ ကျန်ရစ်သည့် အမွေဆိုင် ပစ္စည်းအားလုံးကို ထည့်သွင်းစွဲဆိုခြင်း မပြုဟု ဆိုသည့်အကြောင်းအချက် တချက်တည်း အပေါ် အခြေခံ၍ အမှုကို ဤပုံစံအတိုင်း မစွဲဆိုနိုင်ကြောင်း သုံးသပ်၍ ဦးဘိုကြီး စွဲဆိုသည့် အမှုတခုလုံးကိုပလပ်ခဲ့သည်။

---

* ၁၉၇၃ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၃၁

† ၁၉၇၁ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂၇ တွင် ချမှတ်သော (၂၂-၂-၇၃) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

ထို့ကြောင့် ဦးဘိုကြီးက တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သည့်အတွက် ဗဟိုတရားရုံးတွင် ဤတရားမ ပထမအယူခံမှုကို တင်သွင်းသည်။

ဦးဘိုကြီးက အမှုစွဲဆိုရာတွင် ဦးကိုကြီး၊ ဦးတင်အောင်၊ ဦးခင်မောင်၊ ဒေါ်သက်သက်နှင့် သူသည် မောင်နှမ အရင်းများ ဖြစ်ကြကြောင်း၊ ဟာဂျီဦးညိုဝင်းမှာ သူတို့၏ ဦးလေးအရင်းဖြစ်၍ ဟာဂျီ ဦးညိုဝင်းတွင် အမွေစား အမွေခံ သားသမီးများ မရှိကြောင်း၊ ဦးတင်အောင်၏သားဖြစ်သူ မောင်ခင်မောင်မြင့်မှာ ဟာဂျီဦးညိုဝင်းနှင့်အတူ နေထိုင်ကြောင်း၊ ၁၃-၄-၇၀ ရက်နေ့တွင် မန္တလေး- မေမြို့ ကားလမ်းအကြား ပြင်စာကျေးရွာ အနီးတွင် မော်တော်ယာဉ် တိမ်းမှောက်စဉ်က ဦးညိုဝင်းမှာ ကွယ်လွန် သွားခဲ့ကြောင်း၊ ဦးညိုဝင်းမှ ကျန်ရစ်သည့် စိန်ရွှေလက်ဝတ်ရတနာ ၁၂ မျိုးနှင့် ငွေကျပ် ၃၂၀၀/- ကို ဦးကိုကြီးထံ စာရင်းနှင့်တကွ ပေးအပ်ခဲ့ကြောင်း၊ အဆိုပါပစ္စည်းများကို ကျန်မောင်နှမ ၄ဦးအား ခွဲဝေပေးရန် ပြောသော်လည်း ဦးကိုကြီးက ခွဲဝေပေးခြင်း မပြုကြောင်း အဆိုပြုသည်။

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၀၊ နည်း ၁၃ အရ အမွေပုံပစ္စည်းကို ရုံးတော်မှ အုပ်ထိန်းစီမံခန့်ခွဲပေးရန် စွဲဆိုရာတွင် မည်သည့် ပစ္စည်းသည် အမွေပုံပစ္စည်းဖြစ်၍ မည်သည့်ပစ္စည်းသည် အမွေပုံပစ္စည်းမဟုတ်ကြောင်း၊ အမွေပုံပစ္စည်းအဖြစ် ဖော်ပြထားသည့်ပစ္စည်းများတွင် မည်သည့်ပစ္စည်းများကျန်ရှိနေကြောင်း ပဏာမဒီကရီချမှတ်ရာတွင် ထည့်သွင်းသုံးသပ်ရန် မဟုတ်ချေ။ နှစ်ဘက် အမှုသည်များသည် အမွေဆက်ခံထိုက်သူ များ ဟုတ်မဟုတ်၊ အမွေရှင် ကွယ်လွန်စဉ်က အမွေပုံပစ္စည်းများ ကျန်ရစ်ခဲ့ခြင်း ရှိမရှိ ဆိုသည့် အချက်များကို စုံစမ်းစစ်ဆေး၍ အမွေပုံပစ္စည်းတွင် တရားလိုပြုလုပ်သူနှင့်တရားပြိုင်များမှာ အချိုးမည်မျှ ရထိုက်ကြောင်းသာ ပဏာမဒီကရီချမှတ်ရပေမည်။ ထို့နောက် တရားရုံးကဖြစ်စေ၊ တရားရုံးက ကော်မရှင်နာ ခန့်အပ်၍ဖြစ်စေ၊ အမွေပုံပစ္စည်းနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရန် ဖြစ်သည်။ ဦးဘိုကြီး စွဲဆိုသည့် အမှုမှာအမွေပုံ ပစ္စည်းများ ပြည့်စုံစွာ ဖော်ပြထားခြင်း မရှိဆိုသည့်အချက် တခုတည်းဖြင့် ဦးဘိုကြီး၏ အမှုတခုလုံးကို ပလပ်ရန် မဟုတ်ပေ။

အမွေရှင်ဦးညိုဝင်းနှင့် ဦးဘိုကြီးတို့ မောင်နှမ ၅ ဦးမှာ မိုဟာမေဒင် ဘာသာကို ကိုးကွယ်သူများ ဖြစ်ကြသည်။ ဦးညိုဝင်း ကွယ်လွန်စဉ် အချိန်က အမွေပုံပစ္စည်း ကျန်ရစ်ခဲ့သော်လည်း အမွေဆက်ခံမည့် ဇနီး၊

၁၉၀၅ ဦးဘိုကြီး နှင့် ဦးကိုကြီး

သားသမီး၊ မြေးမြစ် အစရှိသည့် တိုက်ရိုက် အဆက် အနွယ်များ မရှိကြောင်း အမှုတွင် အငြင်းမပွားပေ။ ဒေါ်သက်သက်မှာ ကွယ်လွန်သူ ဦးညိုဝင်း၏ တူမအရင်း ဖြစ်သော်လည်း မိုဟာမေဒင် ဥပဒေ အရ ဦးညိုဝင်း ကျန်ရစ်သည့် အမွေပုံ ပစ္စည်းကို သူ၏အစ်ကို အရင်းများ ဖြစ်ကြသည့် ဦးဘိုကြီးတို့ ၄ ဦးနှင့် ယှဉ်၍ အမွေဆက်ခံနိုင်ခွင့် မရှိပေ။ သို့ဖြစ်ရာ ဦးညိုဝင်းကျန်ရစ်သည့် အမွေပစ္စည်းများကို သူ၏တူအရင်းများ ဖြစ်ကြသော ဦးဘိုကြီး၊ ဦးကိုကြီး၊ ဦးတင်အောင်နှင့် ဦးခင်မောင်တို့က အညီအမျှ ဆက်ခံခွင့် ရှိကြသည်။

ဦးခင်မောင်သည် ဦးညိုဝင်း ကွယ်လွန်ပြီးမှ အနိစ္စရောက်ခဲ့ကြောင်း အမှုတွင် အငြင်းမပွားသောကြောင့် ဦးခင်မောင်ရရှိမည့် အမွေဝေစုကို သူ၏ဇနီးများ ဖြစ်ကြသည့် ဒေါ်လှညွန့်နှင့် ဒေါ်ညိမ်းတို့က ၁၆ ပုံ၊ ၁ ပုံ စီ၊ သမီး ၂ ဦးက ၃ ပုံ ၂ ပုံ ရရှိ၍ ကျန် ၂၄ ပုံ ၅ ပုံကို သူ၏ အစ်ကိုများ ဖြစ်ကြသော ဦးဘိုကြီး၊ ဦးကိုကြီးနှင့် ဦးတင်အောင်တို့ ၃ ဦးက အညီအမျှ ဆက်ခံခွင့် ရှိကြသည်။ သို့ဖြစ်ရာ အယူခံတရားလို

ဦးဘိုကြီး၏ ဝေစုမှာ $\frac{၁}{၄} + \frac{၅}{၂၀၀} = \frac{22}{၂၀၀}$ ဖြစ်သည်။

ထို့ကြောင့် ဤအယူခံကိုခွင့်ပြု၍ တိုင်းတရားရုံး၏စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး ဦးညိုဝင်း ကျန်ရစ်သော အမွေပစ္စည်း များတွင် ဦးဘိုကြီးက နှစ်ရာ ရှစ်ဆယ့်ရှစ်ပုံ ခုနှစ်ဆယ့် ခုနှစ်ပုံ ခံစားခွင့်ရှိကြောင်း ပဏာမ ဒီကရီ ချမှတ်လိုက်သည်။ တိုင်းတရားရုံးသည် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၆ နည်း ၁၁ နှင့် ၁၃ တို့အရ ကော်မရှင်နာခန့်ထားပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ဖြစ်သည်။

တရားရုံး အဆင့်ဆင့်စရိတ်ကို အမွေပုံမှ ကျခံစေရမည်။

# တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးမြကျော်နှင့် ဦးအေးမောင်
တို့ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦး လှ မောင်

နှင့်

ဦး တင် ပါ (၂) *

†၁၉၀၅
ဖေဖော်ဝါရီ
၂၂ ရက်

**အငြင်းပွားသည့်တရားမမှုခင်းများနှင့် ပတ်သက်၍ သီးခြားဥပဒေပြဋ္ဌာန်းချက် မရှိခြင်း— မြန်မာနိုင်ငံတရားဥပဒေများဆိုင်ရာ အက်ဥပဒေပုဒ်မ ၁၃ (၃)—တရားရုံးက တရားမျှတမှု၊သာနာညီမျှမှုနှင့် မှန်မြတ်သော အသိတရားတို့အရ အဆုံးအဖြတ် ပေးရခြင်း။**

**ဆုံးဖြတ်ချက်။** ။ရှမ်းပြည်နယ်တွင် အာဏာသက်ရောက်သည့်ဥပဒေ ပြဋ္ဌာန်းချက်များတွင် မြန်မာနိုင်ငံတရားဥပဒေများ ဆိုင်ရာအက်ဥပဒေ ပါဝင်သည်။ ယင်းဥပဒေပုဒ်မ ၁၃ (၃)တွင် အမှုသည်များ အကြား အငြင်းပွားသည့် တရားမမှုခင်းများနှင့် စပ်လျဉ်း၍ သီးခြားပြဋ္ဌာန်းချက် မရှိလျှင် တရားရုံးက တရားမျှတမှု၊ သာနာညီမျှမှုနှင့် မှန်မြတ်သော အသိတရားတို့အရ အဆုံးအဖြတ် ပေးနိုင်ကြောင်း ဖော်ပြထားသည်။ ရှမ်းပြည်နယ်တွင် လျှောက်ထားသူ စွဲဆိုသော အမှုအတွက် သီးခြား ဥပဒေပြဋ္ဌာန်းချက်မရှိသဖြင့် သူတောင်းဆိုသော သက်သာခွင့်များ ရသင့် မရသင့် ပြဿနာကို ယင်းဥပဒေပုဒ်မ ၁၃(၃)အရ အဆုံးအဖြတ် ပြုရန် ဖြစ်သည်။

လျှောက်ထားသူ အတွက်— ဦးရွှေအုံး၊ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက်— ဦးသန်းအောင်၊ ဗဟိုတရားရုံးရှေ့နေ

---

* ၁၉၀၄ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၂၄

† ၁၉၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀ တွင် ချမှတ်သော (၂၄-၂-၀၄) နေ့စွဲပါ ရှမ်းပြည်နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပြင်ဆင်မှု။

၁၉၈၅
ဦးလှမောင်
နှင့်
ဦးတင်ပါ
(၂)

ရှမ်းပြည်နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၀/၈၃ (တောင်ကြီး) တွင် လျှောက်ထားသူ ဦးလှမောင်က လျှောက်ထားခံရသူ ဦးတင်နှင့် ဒေါ်ဘီတို့အပေါ် အချင်းဖြစ်မြေနှင့် အိမ်မှာ မိမိပိုင်ဖြစ်ကြောင်း မြွက်ဟကြေငြာပေးစေရန်နှင့် လက်ရောက်ပေးစေရန် တရားစွဲဆိုရာ ရှမ်းပြည်နယ်တရားရုံးက အမှုကို သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ စွဲဆိုခွင့် မရှိဟု အကြောင်းပြကာ ပလပ်လိုက်သောကြောင့် ဦးလှမောင်က ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှုကို လျှောက်ထားသည်။

လျှောက်ထားသူ၏ ရှေ့နေက ပြည်နယ်တရားရုံး၏ ဆုံးဖြတ်ချက်သည် ဒီကရီဖြစ်သဖြင့် လျှောက်ထားသူ တင်သွင်းသော ပြင်ဆင်မှုကို အယူခံမှုအဖြစ် ပြောင်းလဲသတ်မှတ်၍ အဆုံးအဖြတ်ပေးရန်နှင့် လိုအပ်သည့် ရုံးခွန်များကို ထမ်းဆောင်မည် ဖြစ်ကြောင်း တင်ပြ လျှောက်ထားသည်။ လျှောက်ထားခံရသူ၏ ရှေ့နေက အယူခံမှုတွင် ရုံးခွန်အပြည့်အဝ ထမ်းဆောင်ပြီးဖြစ်၍ ပြင်ဆင်မှုအဖြစ် လက်ခံစစ်ဆေးနိုင်မည် ဖြစ်သော်လည်း ပြင်ဆင်မှုတွင် ရုံးခွန်ပြည့်စုံမှု မရှိသဖြင့် အယူခံမှုအဖြစ် ပြောင်းလဲစစ်ဆေးနိုင်မည် မဟုတ်ကြောင်း တင်ပြလျှောက်ထားသည်။ လျှောက်ထားသူသည် အယူခံမှုများအတွက် သတ်မှတ်ထားသော စည်းကမ်းသတ်ကာလအတွင်း ဤပြင်ဆင်မှု လျှောက်လွှာကို တင်သွင်းခဲ့သည်က တကြောင်း၊ အယူခံမှုအတွက် လိုအပ်သည့်ရုံးခွန်ကို ဖြည့်စွက်ထမ်းဆောင်ရန် လျှောက်ထားသူ၏ ရှေ့နေက တာဝန်ယူသည်က တကြောင်းကြောင့် ဤပြင်ဆင်မှုကို အယူခံမှုအဖြစ် သတ်မှတ်၍ အဆုံးအဖြတ် ပြုသင့်ပေသည်။

လျှောက်ထားသူ၏ ရှေ့နေက လျှောက်ထားသူသည် မိမိ အမှုကို သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ စွဲဆိုခဲ့ခြင်း မရှိပါပဲလျက် ရှမ်းပြည်နယ်တရားရုံးက ယင်းဥပဒေအရ တရားစွဲဆိုခွင့်မရှိဟု ကောက်ယူဆုံးဖြတ်ခြင်းမှာ မှားယွင်းကြောင်း၊ ယင်းဥပဒေမှာ ရှမ်းပြည်နယ်တွင် အာဏာသက်ရောက်ခြင်း မရှိသဖြင့် မြန်မာနိုင်ငံ တရားဥပဒေများဆိုင်ရာ အက်ဥပဒေပုဒ်မ ၁၃ (၃) တွင် ခွင့်ပြုထားသည့် အတိုင်း လျှောက်ထားသူ တောင်းဆိုသော သက်သာခွင့်များကို တရားမျှတမှု၊ သာနာညီမျှမှုနှင့် မှန်မြတ်သော အသိတရားတို့အရ ခွင့်ပြုနိုင်ကြောင်း တင်ပြလျှောက်ထားသည်။

လျှောက်ထားခံရသူတို့၏ ရှေ့နေက တရားလို၏ အဆိုလွှာအရ အမှုကို သီးခြား သက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ တရားစွဲဆိုသည်ဟု

ပေါ်ပေါက်ကြောင်း၊ ယင်းဥပဒေမှာ ရှမ်းပြည်နယ်တွင် အာဏာသက်ရောက်ခြင်း မရှိသဖြင့် လျှောက်ထားသူ စွဲဆိုသောအမှုကို ယင်းဥပဒေအရ တရားစီရင်နိုင်မည် မဟုတ်ကြောင်း ဖြေကြားလျှောက်ထားသည်။

၁၉၇၅
ဦးလှမောင်
နှင့်
ဦးတင်ပေါ
(၂)

ရှမ်းပြည်နယ်တွင် အာဏာ သက်ရောက်သည့် ဥပဒေ ပြဋ္ဌာန်းချက်များတွင် မြန်မာနိုင်ငံ တရားဥပဒေများ ဆိုင်ရာအက်ဥပဒေပါဝင်သည်။ ယင်းဥပဒေပုဒ်မ ၁၃(၃)တွင် အမှုသည်များအကြား အငြင်းပွားသည့် တရားမမှုခင်းများနှင့် စပ်လျဉ်း၍ သီးခြားပြဋ္ဌာန်းချက် မရှိလျှင် တရားရုံးက တရားမျှတမှု၊ သာနာညီမျှမှုနှင့် မှန်မြတ်သော အသိတရားတို့အရ အဆုံးအဖြတ် ပေးနိုင်ကြောင်း ဖော်ပြထားသည်။ ရှမ်းပြည်နယ်တွင် လျှောက်ထားသူ စွဲဆိုသော အမှုအတွက် သီးခြားဥပဒေ ပြဋ္ဌာန်းချက် မရှိသဖြင့် သူတောင်းဆိုသော သက်သာခွင့်များ ရသင့်မရသင့်ပြဿနာကို ယင်းဥပဒေပုဒ်မ ၁၃ (၃)အရ အဆုံးအဖြတ်ပြုရန် ဖြစ်သည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြု၍ ရှမ်းပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်လိုက်သည်။ မူလရုံးသည် ဦးလှမောင် စွဲဆိုသော အမှုကို မူလအမှု အမှတ်အတိုင်း ပြန်လည်ဖွင့်လှစ်၍ ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေး စီရင်ရန် ညွှန်ကြားလိုက်သည်။ စရိတ်မရှိ။

ရုံးခွန်အက်ဥပဒေပုဒ်မ ၁၃ အရ လျှောက်ထားသူ ထမ်းဆောင်သော ရုံးခွန်ကို ပြန်အမ်းရမည်ဖြစ်၍ လျှောက်ထားသူသည် နောက်ထပ်ရုံးခွန် ထမ်းဆောင်ရန် မလိုကြောင်း အမိန့်ချမှတ်လိုက်သည်။

## တရားမပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ်ဦးအေးမောင်နှင့် ဦးတင်အုန်း တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

†၁၉၇၅ ဇန်နဝါရီ ၂၂ ရက်

ဦးသောင်း (ခ) ဦးဘသောင်းပါ (၂)
နှင့်
ဒေါ်လှမင်း (ကွယ်လွန်သူ ဒေါ်တင်၏ တရားဝင်ကိုယ်စားလှယ်)*

**ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၇- မရွှေ့ပြောင်းနိုင်သော ပစ္စည်း ကို တနှစ်အတွက် မြေငှားခသတ်မှတ်၍ ငှားရမ်းလျှင် မှတ်ပုံတင်စာချုပ်၊ ချုပ်ဆိုရန်လိုအပ်ခြင်း—စာချုပ်ချုပ်ဆို ငှားရမ်းခြင်းမရှိလျှင်ခွင့်ပြုချက်ဖြင့် လုပ်ကိုင်သည်ဟု ကောက်ယူရခြင်း။**

**ဆုံးဖြတ်ချက်။** ။မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကိုတနှစ်အတွက် မြေငှားခ သတ်မှတ်၍ ငှားရမ်းလျှင် မှတ်ပုံတင် စာချုပ်ချုပ်ဆိုရန် လိုကြောင်း ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၇ တွင် ပြဋ္ဌာန်း ထားသည်။ အမှုတွင် ဦးသောင်းသည် အဆိုပါ ပြဋ္ဌာန်းချက်များနှင့် အညီ အချင်းဖြစ် မြေကို မှတ်ပုံတင် စာချုပ်ချုပ်ဆို ငှားရမ်းခဲ့ခြင်း မရှိ၍ ဦးသောင်းသည် ဒေါ်တင်၏ ခွင့်ပြုချက်အရ အချင်းဖြစ် မြေကို လုပ်ကိုင်သည်ဟု ကောက်ယူရပေမည်။

အယူခံ တရားလိုအတွက်— ဦးလှကို၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက်— ဦးထွန်းဝေ၊ ဗဟိုတရားရုံးရှေ့နေ

မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၇၅/၇၁ (အနောက်မြောက်)တွင် ဒေါ်တင်က အယူခံတရားလို ဦးသောင်း(ခ)ဦးဘသောင်း နှင့် ဒေါ်ကျင်တို့ အပေါ် အချင်းဖြစ် မြေမှ ခွင့်ပြုချက်အရ နေထိုင်သူ အဖြစ်ဖြင့် ဖယ်ရှားပေးစေလိုမှု စွဲဆိုရာ တိုင်းတရားရုံးက စွဲဆိုသည့်အတိုင်း

---

* ၁၉၇၃ ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၂၅

† ၁၉၇၁ ခုနှစ်၊ တရားမ ကြီးမှု အမှတ် ၇၅ တွင် ချမှတ်သော (၄ - ၂ - ၇၃) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၀၅
ဦးသောင်း (ခ) ဦးဘသောင်း ပါ (၂) နှင့် ဒေါ်လှမင်း (ကွယ်လွန်သူဒေါ်တင်၏တရားဝင်ကိုယ်စားလှယ်)

ဒီကရီ ချမှတ်လိုက်သောကြောင့် ဦးသောင်းတို့က ဗဟိုတရားရုံးတွင် ဤတရားမ ပထမအယူခံမှုကို တင်သွင်းသည်။ အယူခံ အတောအတွင်း ဒေါ်တင် ကွယ်လွန်သွားသဖြင့် ဒေါ်တင်၏ တူမ ဒေါ်လှမင်းက သူ၏ တရားဝင် ကိုယ်စားလှယ်အဖြစ် ဆက်လက်ဆောင်ရွက်သည်။

မူလရုံး တရားလို ဒေါ်တင်က မန္တလေး အနောက် မြောက် မြို့နယ်၊ အကွက်အမှတ် ၆၂၊ ပြည်ကြီးရန်လုံရပ်၊ ဦးပိုင်အမှတ် ၆/(ခ) စာရင်း ပေါက်သော ဘိုးဘပိုင် မြေမှာ မိမိပိုင်ဖြစ်၍ ၁၉၆၂ ခုနှစ်မှ စပြီး ဦးသောင်းတို့ လင်မယားအား၊ ယင်းမြေ၌ သီးနှံစိုက်ပျိုးခွင့်ပြုခဲ့ကြောင်း၊ နောက်ပိုင်းတွင် မြေကို ပြန်တောင်းသော်လည်း ပြန်လည်ပေးအပ်ခြင်း မရှိကြောင်း စသည်ဖြင့် အဆိုပြုကာ သူတို့အား ဖယ်ရှား ပေးစေလို ကြောင်းဖြင့် တရားစွဲဆိုလေသည်။

ဦးသောင်းတို့က အခြားအချက်အလက်များအပြင် ရပ်ကွက်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့က အချင်းဖြစ် မြေကို မိမိတို့အား ချထားခဲ့၍ တရားစွဲဆိုခွင့် မရှိကြောင်း ထုချေသည်။

ဦးသောင်းက "ကျွန်တော်သည် အချင်းဖြစ် မြေကို တရားလို ဒေါ်တင်ထံမှ စာချုပ် ပေချုပ်ဖြင့် တနှစ်လျှင် ၁၅၀/- မြေငှားခနှင့် လုပ်ခဲ့ပါသည်"ဟု ထွက်ဆိုသည်။ မရွေ့ မပြောင်းနိုင်သည့် ပစ္စည်းကို တနှစ်အတွက် မြေငှားခ သတ်မှတ်၍ ငှားရမ်းလျှင် မှတ်ပုံတင် စာချုပ် ချုပ်ဆိုရန်လိုကြောင်း ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၇ တွင် ပြဋ္ဌာန်းထားသည်။ အမှုတွင် ဦးသောင်းသည် အဆိုပါပြဋ္ဌာန်းချက် များနှင့်အညီ အချင်းဖြစ် မြေကို မှတ်ပုံတင် စာချုပ်ချုပ်ဆို ငှားရမ်း ခဲ့ခြင်း မရှိ၍ ဦးသောင်းသည် ဒေါ်တင်၏ ခွင့်ပြုချက်အရ အချင်းဖြစ် မြေကို လုပ်ကိုင်သည်ဟု ကောက်ယူရပေမည်။ အယူခံတရားလိုတို့ ဘက်မှ ပြည်ကြီးရန်လုံရပ်ကွက် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့က အချင်းဖြစ်မြေကို အယူခံတရားလိုတို့အား ချထားခဲ့သည်ဖြစ်၍ အချင်းဖြစ် အမှုကို တရားမရုံးများက စီရင်ဆုံးဖြတ်ခွင့် မရှိကြောင်း အကျယ်တဝင့် တင်ပြလျှောက်ထားသည်။

၁၉၇၀ ခုနှစ်အတွင်း၌ ဒေါ်တင်က အချင်းဖြစ် မြေကို ပြန်လည် ရလိုကြောင်း ပြည်ကြီးရန်လုံရပ်ကွက် ပြည်သူ့ကောင်စီအလုပ်အမှုဆောင် အဖွဲ့တွင် တင်ပြခဲ့ရာ အဆိုပါ အလုပ်အမှုဆောင် အဖွဲ့က အောက်ပါ အတိုင်း ဆုံးဖြတ်ခဲ့သည်—

၁၉၈၅
ဦးသောင်း
(ခ) ဦးဘ
သောင်းပါ
(၂)
နှင့်
ဒေါ်လှမင်း
(ကွယ်လွန်
သူဒေါ်တင်
၏တရားဝင်
ကိုယ်စား
လှယ်)

"အထက်ပါ တွေ့ရှိချက်များနှင့် သုံးသပ်ချက်များ အရ ယင်း လျှောက်ထားသည့် အမှုတွင် ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေတွင် အကျုံးဝင်လျက်ရှိသဖြင့် လက်ရှိ လုပ်ကိုင်လျက် ရှိသည့် မောင်သောင်း (ခ) ဦးဘသောင်းအား ဆက်လက်လုပ်ကိုင် စေရန်နှင့် လျှောက်ထားသူ ဒေါ်တင်၏ လျှောက်လွှာအား ပယ်ချလိုက်ကြောင်း ဆုံးဖြတ်ကြပါသည်။"

ယင်းသို့ ဆုံးဖြတ်ရာတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သော ရပ်ကွက်ပြည်သူ့ကောင်စီ အတွင်းရေးမှူး ဦးဝင်းဖေ (ပြိုင်ပြ သက်သေ) က "ကျွန်တော်တို့ ဆုံးဖြတ်သည် ဆိုသည်မှာ အခြေခံကောင်စီ အဖွဲ့အစည်း အနေဖြင့် ညှိနှိုင်းဆုံးဖြတ်ခြင်း ဖြစ်ပါသည်။ မြေယာကော်မတီ တရပ် အနေဖြင့် အချင်းဖြစ် ကိစ္စကို ဆုံးဖြတ်ခြင်း မဟုတ်ပါ" ဟု ထွက်ဆိုထားသည်ကို တွေ့ရသည်။ ပြည်ကြီးရန်လုံရပ်ကွက် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့သည် အချင်းဖြစ် မြေကို ပြန်လည်ရလိုကြောင်း ဒေါ်တင်၏ လျှောက်ထား ချက်ကို အဓိက ဆုံးဖြတ်ရန် ဖြစ်ပေရာ ဦးသောင်းအား အချင်းဖြစ် မြေကို ဆက်လက်လုပ်ကိုင်စေရန် တဆက်တည်း ဆုံးဖြတ်ခြင်းမှာ အတွင်းရေးမှူး ဦးဝင်းဖေ ထွက်ဆို ထားသကဲ့သို့ သီးစားချထားသည့် သဘောမဟုတ်ပဲ ဦးသောင်းအနေဖြင့် ယင်းမြေကို လုပ်ကိုင်မြဲ လုပ်ကိုင်စေသည့် သဘော သက်ရောက်သည်ဟု ယူဆရန် အကြောင်း ပေါ်ပေါက်ပေသည်။

ထို့အပြင်အချင်းဖြစ်မြေမှာသက်သေခံ (က) မြေပုံအရလည်းကောင်း၊ မြေတိုင်းစာရေး ဦးမောင်လေး (လိုပြသက်သေ) ၏ ထွက်ဆိုချက်အရ လည်းကောင်း၊ ဘိုးဘပိုင် မြေဖြစ်၍ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေတွင် အကျုံးဝင်သော လယ်ယာမြေ ဖြစ်ကြောင်းလည်း မပေါ်ပေါက်ချေ။ သို့ဖြစ်ရာ တိုင်းတရားရုံးက အယူခံ တရားလိုတို့ အပေါ် အချင်းဖြစ် မြေမှ ဖယ်ရှားပေးစေရန် ဒီကရီချမှတ်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဤအယူခံကိုစရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခကို ကျပ် ၁၀၀/- သတ်မှတ်လိုက်သည်။

# တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးတင်အုန်း တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦး သိန်း မောင်

နှင့်

ဦး သိန်း အောင် ပါ (၆) *

† ၁၉၇၅ ဇန်နဝါရီ ၂၃ ရက်

**အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု— ပစ္စည်းစာရင်း ကောက်ရုံမပြီးခြင်း— တရားမကျင့်ထုံးဥပဒေအမိန့် ၂၆ နည်း ၁၃ အရ ကော်မရှင်နာခန့်၍ ပစ္စည်းခွဲဝေရန်လိုခြင်း— ပစ္စည်းခွဲဝေရန် မဖြစ်လျှင် ရောင်းချ၍ ရရှိ ငွေကို အမိန့် ၂၀၊ နည်း ၁၃(၁)အရ ဆောင်ရွက်ရန် ကော်မရှင် နာအား ညွှန်ကြားရန်လိုခြင်း။**

**ဆုံးဖြတ်ချက်။** ။အမွေပုံ ပစ္စည်းများကို စီမံခန့်ခွဲ ပေးစေလိုမှုတွင် အမွေပစ္စည်းများကို စာရင်းကောက်ယူရုံမျှဖြင့် အမှုပြီးဆုံးသည်ဟု မဆို နိုင်ပေ။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၆၊ နည်း ၁၃ အရ ကော်မရှင်နာ တစ်ဦးခန့်ထား၍ အမွေပုံပစ္စည်းများကို ခွဲဝေစေရမည် ဖြစ်သည်။ ထိုသို့ ခွဲဝေရန် မဖြစ်နိုင်ပါက အမွေပစ္စည်းများကိုရောင်းချစေ၍ ရောင်းရငွေကို ခွဲဝေပေးစေရန် ကော်မရှင်နာအား တရားမကျင့်ထုံးဥပဒေအမိန့် ၂၀၊ နည်း ၁၃ (၁) အရ ခွင့်ပြုထားသည့် အတိုင်း ညွှန်ကြားရန် လိုပေ လိမ့်မည်။

အယူခံ တရားလို အတွက် — ဦးကံမြိုင်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက်— ဦးထွန်းအုံ၊ ဗဟိုတရားရုံးရှေ့နေ

ရွှေဘိုမြို့၊ ယခင်နယ်ပိုင် တရားမ တရားရုံး၊ တရားမကြီးမှု အမှတ် ၆/၇၀ တွင် အယူခံတရားပြိုင် ဦးသိန်းအောင်က အယူခံ တရားလို ဦးသိန်းမောင်၊ဦးသိန်းညို၊ ဦးခို၊ မအုန်းမှီ၊ ဦးကျော်သန်းနှင့် ဦးချစ်စိန်တို့

* ၁၉၇၃ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၁၀၆

† ၁၉၇၂ ခုနှစ်၊ တရားမအယူခံမှု အမှတ် ၅၂ တွင် ချမှတ်သော (၁၂-၇-၇၃) နေ့စွဲပါ စစ်ကိုင်းတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၇၅ ဦးသိန်းမောင် နှင့် ဦးသိန်းအောင် ပါ (၆)

အပေါ်၊ ကွယ်လွန်သူ အဖွားဒေါ်ဂျမ်း ကျန်ရစ်သော အမွေပုံပစ္စည်းများကို စီမံခန့်ခွဲပေးစေရန် တရားစွဲဆိုသည်။ စနစ်သစ် တရားစီရင်ရေးအရ ယင်းအမှုမှာ ဝက်လက်မြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၁၄/၇၄ ဖြစ်လာသည်။ အမှုအတော အတွင်း ဦးခို ကွယ်လွန် သွား၍ ဒေါ်ခင်မြင့်စိန်က တရားဝင် ကိုယ်စားလှယ်အဖြစ်ဆက်လက် ဆောင်ရွက်သည်။ မြို့နယ်တရားရုံးက တရားလို၊ တရားပြိုင်တို့သည် ဒေါ်ဂျမ်း၏ အမွေပစ္စည်းများကို ၆ ပုံ၊ ၁ ပုံစီ ခံစားထိုက်ကြောင်း၊ အမွေပစ္စည်း အရပ်ရပ်၏ တန်ဖိုးကို ၂၇၇၀၀ိ/-ဟု သတ်မှတ်ကြောင်း၊ ဦးသိန်းအောင်သည် အမွေပုံပစ္စည်းများ၏ ၆ ပုံ ၁ ပုံ ဖြစ်သော ၄၁၆၆/-ကို ရထိုက်ကြောင်း စသည်ဖြင့် ကောက်ယူ၍အပြီးသတ် ဒီကရီချမှတ်သည်။ ဦးသိန်းအောင်က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် စစ်ကိုင်းတိုင်းတရားရုံးတွင် အယူခံဝင်သောအခါ တိုင်းတရားရုံးက အမွေဝေစုတန်ဖိုးသတ်မှတ်ခြင်းကို ပယ်ဖျက်ပြီး ဦးသိန်းအောင်သည် အမွေပစ္စည်းများ၏ ၆ ပုံ ၁ ပုံကို ရထိုက်ကြောင်း ပြင်ဆင်၍ ဒီကရီ ချမှတ်လိုက်သောကြောင့် ဦးသိန်းမောင်က ဗဟိုတရားရုံးတွင် ဤတရားမ ဒုတိယအယူခံမှုကို တင်သွင်းသည်။

ဤအမှုတွင် မူလရုံး တရားလို ဦးသိန်းအောင်နှင့် တရားပြိုင်တို့သည် ကွယ်လွန်သူ ဒေါ်ဂျမ်း ကျန်ရစ်သော အမွေပစ္စည်း အရပ်ရပ်၏ ၆ ပုံ ၁ ပုံစီ ရထိုက်ကြောင်း အငြင်းမပွားချေ။ ဤအယူခံတွင် အယူခံ တရားလို၏ ရှေ့နေက အယူခံတရားလို ဦးသိန်းမောင် ကုန်ကျခဲ့သော အသုဘစရိတ်ကို ခွင့်မပြုခြင်းမှာ မှားယွင်းကြောင်း၊ အမွေဆိုင်တစ်ဦး ဖြစ်သူ ဦးသိန်းညိုသည် အမွေအဖြစ်ဖြင့် ၃၇၀၀ိ/-ယူ ပြီးကြောင်း ထင်ရှားပါလျက် ရရန်ရှိသည့် အမွေစုမှ ထိုငွေကိုမခုနှိမ်ခြင်းမှာ မှားယွင်းကြောင်း စသည်ဖြင့် တင်ပြလျှောက်ထားသည်။

မြို့နယ်တရားရုံးက "အသုဘစရိတ်သည် ဦးသိန်းမောင် တဦးတည်းကုန်ကြောင်း မပေါ်လွင်၍ ယင်းငွေ ၂၂၅ိ/-ကို အမွေပုံမှ နုတ်ရန်မလိုကြောင်း ဆုံးဖြတ်သည်" ဟု အမိန့်ချမှတ်သည်။ ယင်းအမိန့်သည် အယူခံတရားလို ဦးသိန်းမောင်အား ထိခိုက်နစ်နာစေသော အမိန့်ဖြစ်သော်လည်း ဦးသိန်းမောင်သည် စစ်ကိုင်းတိုင်း တရားရုံးသို့ သီးခြားအယူခံဝင်ရောက်ခဲ့ခြင်း မရှိချေ။ ဦးသိန်းအောင် တင်သွင်းသောအယူခံမှုတွင်လည်း တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၂၂ တွင် ခွင့်ပြုထားသည့်အတိုင်း တန်ပြန်ကန့်ကွက်လွှာ တင်သွင်းခဲ့ခြင်းလည်း မရှိချေ။

၁၉၈၅ သိန်း မောင် နှင့် ဦးသိန်း အောင်ပါ (၆)

သို့ဖြစ်ရာ ဤအယူခံတွင် အသုဘစရိတ်နှင့် စပ်လျဉ်း၍ မြို့နယ်[redacted]၏ ဆုံးဖြတ်ချက်သည် မှားယွင်းသည်ဟု ပြောဆိုခွင့်မရှိချေ။

ကော်မရှင်နာ၏ အစီရင်ခံစာအပိုဒ် ၄ တွင် အောက်ပါ အတိုင်း ဖော်ပြထားသည်။

> "၄။ ဒေါ်ဂျမ်း၏ အမွေဆိုင် အိမ်ဝင်း မြေအဖြစ် ၀.၃၅ ဧကကို တွေ့ရှိရပါသည်။ တရားပြိုင် ဦးသိန်းမောင်မှ ၀.၁၈ ဧက ကျယ်သော ဝင်းမြေ မြေပုံညွှန်း (ခ) မှာ ကျေးရွာ လူကြီးများ ခွဲဝေပေးမှုအရ ဦးသိန်းညို ရယူထားခဲ့ကြောင်း၊ ဦးသိန်းညိုထံမှ ၃၈၀၀ိ/-နှင့် မိမိဝယ်ယူထားကြောင်း၊ အဆိုပါ ဝင်းမြေကို ခုနှိမ်ပေးရန် တင်ပြလာပါသည်။ တရားလိုမှ မိမိတို့ဆန္ဒ မပါပဲခွဲဝေမှုဖြစ်ကြောင်း၊ အရောင်းအဝယ်ပြုသည်ကို မိမိတို့ သိရှိခြင်းမရှိကြောင်း တင်ပြပါသည်။ ဦးသိန်းမောင်နှင့် ဦးသိန်းညို အရောင်းအဝယ် ပြုထားသော မှတ်ပုံတင် စာချုပ်စာတမ်း တင်ပြနိုင်ခြင်း မရှိသည်ကို တွေ့ရပါသည်။ အရောင်းအဝယ် ပြုထားသည်မှာ မှန်ကန်ကြောင်း တွေ့ရှိရပါသည်။"

ဤအမှုမှာ တရားလို ဦးသိန်းအောင်က အဖွားကျန်ရစ်သော အမွေပစ္စည်းများမှ သူရသင့်ရထိုက်သော အမွေဝေစုကို ခွဲဝေပေးစေရန် စွဲဆိုသော အမှုဖြစ်၍ အမှုတွင် အဓိကအားဖြင့် သူ၏ရပိုင်ခွင့်ကို အဆုံးအဖြတ်ပေးရန် ဖြစ်သည်။ သို့ဖြစ်ရာ အမွေဆိုင် မြေ၏ တစိတ် တဒေသနှင့် စပ်လျဉ်း၍ ဦးသိန်းမောင်နှင့် ဦးသိန်းညိုတို့ အချင်းချင်းအရောင်းအဝယ် ပြုလုပ်သည့်ကိစ္စကို စဉ်းစားဆုံးဖြတ်ရန် အကြောင်းမပေါ်ပေါက်ချေ။

အယူခံတရားလို၏ ရှေ့နေက ကော်မရှင်နာ၏ အစီရင်ခံစာကို အယူခံတရားပြိုင်များနှင့် မူလရုံးက လက်ခံပြီးဖြစ်သည်ဟု ယူဆရန်အကြောင်း ရှိပါလျက် တိုင်းတရားရုံးက တရားလို၊ တရားပြိုင်များ သဘောတူ လက်ခံပြီးဖြစ်သည့် ကော်မရှင်နာ၏ အစီရင်ခံစာအတိုင်း ချမှတ်သော မြို့နယ်တရားရုံး၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ပယ်ဖျက်ခြင်းမှာ မှားယွင်းကြောင်း အကျယ်တဝင့် တင်ပြလျှောက်ထားသည်။

၁၉၈၅
ဦးသိန်း မောင် နှင့် ဦးသိန်းအောင်ပါ (၆)

ဒေါ်ဂျမ်း ကွယ်လွန်သောအခါ ကော်မရှင်နာ၏ အစီရင်ခံစာအပိုဒ် (၂)တွင် ဖော်ပြထားသည့်အတိုင်း ပစ္စည်း ၁၀မျိုး ကျန်ရစ်သည် ဆိုသော အချက်ကိုနှစ်ဘက်အမှုသည်များက လက်ခံသည်ဆိုသည့် အချက်မှာ အငြင်း မပွားချေ။ ကော်မရှင်နာ ခန့်ထားသည့် အမိန့် စာတွင် ဒေါ်ဂျမ်းပိုင် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေး၍ အစီရင်ခံရန် တာဝန်ပေးအပ်ထားသည်ကို တွေ့ရသည်။ သို့ဖြစ်ရာ ကော်မရှင်နာ ဦးတင်နု၏ လုပ်ပိုင်ခွင့်မှာ တရားမကျင့်ထုံးဥပဒေအမိန့် ၂၆၊ နည်း ၁၁ တွင် ပြဋ္ဌာန်းထားသည့် အတိုင်း ကွယ်လွန်သူ ကျန်ရစ်သည့် ပစ္စည်း အရပ်ရပ်နှင့် စပ်လျဉ်း၍ စာရင်းကောက်ယူရန် ဖြစ်ပေသည်။ ကော်မရှင်နာက သူ၏ အစီရင်ခံစာတွင် အမွေ ပစ္စည်းများ တန်ဖိုးကို သင့်ပြီး၊ ထိုသင့်ငွေမှ ဦးသိန်းမောင်၏ တင်ပြချက်အရ ငွေ ၃၈၀၀၀/-ကို ခုနှိမ်လျှင် အမွေစုတစု၏ တန်ဖိုးသည် ၄၁၆၉/၆၀ ါး ဖြစ်သည်ဟု တန်ဖိုးသင့်ခြင်းမှာ မိမိ လုပ်ပိုင်ခွင့် ဘောင်ကို ကျော်လွန်ရာရောက်သည်ဖြစ်၍ အယူခံရုံးဖြစ်သည့် စစ်ကိုင်းတိုင်း တရားရုံးက ယင်းသို့တန်ဖိုး သင့်ခြင်းနှင့် စပ်လျဉ်း၍ ကော်မရှင်နာ အစီရင်ခံစာကို လက်မခံခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ချေ။

အမွေပုံပစ္စည်းများကို စီမံခန့်ခွဲပေးစေလိုမှုတွင် အမွေပစ္စည်းများကို စာရင်းကောက်ယူရုံမျှဖြင့် အမှုပြီးဆုံးသည်ဟု မဆိုနိုင်ပေ။ ဤအမှုတွင် ကွယ်လွန်သူ ဒေါ်ဂျမ်း ကျန်ရစ်သော ပစ္စည်းများကို တရားလို ဦးသိန်းအောင်အား ခွဲဝေပေးရန် လိုအပ်သေးသည် ဖြစ်၍ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၆၊ နည်း ၁၃ အရ ကော်မရှင်နာတဦး ခန့်ထား၍ အမွေပုံ ပစ္စည်းများကို ခွဲဝေစေရမည် ဖြစ်သည်။ ထိုသို့ခွဲဝေရန် မဖြစ်နိုင်ပါက အမွေ ပစ္စည်းများကို ရောင်းချစေ၍ ရောင်းရငွေကို ခွဲဝေပေးစေရန် ကော်မရှင်နာအား တရားမကျင့်ထုံး ဥပဒေအမိန့် ၂၀၊ နည်း ၁၃(၁) အရ ခွင့်ပြုထားသည့်အတိုင်း ညွှန်ကြားရန် လိုပေလိမ့်မည်။

ဤစီရင်ချက်ကို အဆုံး မသတ်မီ ကော်မရှင်နာ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ မှတ်ချက်ပြုလိုသည်။ ကော်မရှင်နာသည် တရားရုံးသို့ အစီရင်ခံစာတင်သွင်းရာတွင် မိမိစစ်ဆေးသော သက်သေတို့၏ ထွက်ချက်များနှင့် အမှုသည်များက တင်ပြသည့် သက်သေခံစာရွက် စာတမ်းများကို တပါတည်း တင်ပြရန် လိုပေသည်။ ယင်းအစီရင်ခံစာနှင့် စာရွက်စာတမ်းများသည် တရားရုံးကစစ်ဆေးလျက်ရှိသောအမှုတွဲ၏ မှတ်တမ်းဖြစ်လာသည်။

ကော်မရှင်နာ၏ အစီရင်ခံစာ ရရှိသောအခါ တရားရုံးက နှစ်ဘက်အမှုသည် များအား ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ကန့်ကွက်ပြောဆိုခွင့်ပေးရသည်။ တစုံတရာ ကန့်ကွက်တင်ပြလာလျှင် သက်သေ ထွက်ချက်များနှင့် သက်သေခံ စာရွက်စာတမ်းများ အပေါ် အခြေခံ၍ ကန့်ကွက်ချက် ခိုင်လုံမှု ရှိမရှိ အဆုံးအဖြတ် ပေးရန်ဖြစ်သည်။ ကန့်ကွက်ချက်ကို အဆုံးအဖြတ် ပေးပြီးနောက် ကော်မရှင်နာ၏ အစီရင်ခံစာကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်ရမည်ဖြစ်သည်။ လိုအပ်လျှင် ကော်မရှင်နာအား ထပ်မံစုံစမ်းစစ်ဆေးမှု ပြုရန်ညွှန်ကြားနိုင်သည်။

ထို့ကြောင့် မူလရုံးတရားလို ဦးသိန်းအောင်အား အမွေပစ္စည်းများ၏ ၆ ပုံ ၁ ပုံကို ခွဲဝေပေးစေရန် စစ်ကိုင်းတိုင်း တရားရုံးက ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုလိုက်သည်။ မြို့နယ်တရားရုံးသည် အချင်းဖြစ်ပစ္စည်းများကို ခွဲဝေစေရန်အတွက် တရားမကျင့်ထုံးဥပဒေအမိန့် ၂၆၊ နည်း ၁၃ အရ ခန့်ထားဆောင်ရွက်စေ၍ ကော်မရှင်နာ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ နည်း ၁၄ အရ အဆုံးအဖြတ် ပေးပြီးနောက်၊ အပြီးသတ် ဒီကရီချမှတ်ရန် ညွှန်ကြားလိုက်သည်။ ဤအယူခံတွင် နှစ်ဘက်အမှုသည်တို့သည် မိမိတို့ကုန်ကျသောတရားစရိတ်တို့ကို မိမိတို့ကိုယ်တိုင်ကျခံကြစေ။

## တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်း နှင့် ဦးမြကျော် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

† ၁၉၈၅ မတ်လ ၁၁ရက်

ဦး အောင် ခင်

နှင့်

ဦး တက် စီ *

**ငှားရမ်းခြင်းကို ရပ်စဲရန် သီးခြား ပဋိညာဉ် ပြုခဲ့ကြခြင်း— နို့တစ်စာ တရားဝင် မဝင်ကို ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆ အရ ဆုံးဖြတ်ရန်မဟုတ်— အိမ်ရှင်အိမ်ငှား ပဋိညာဉ်နှင့် ညီညွတ်ခြင်း ရှိမရှိသာ စိစစ်ဆုံးဖြတ်ရန် ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ဦးအောင်ခင်နှင့် ဦးတက်စီတို့သည် ငှားရမ်းမှုရပ်စဲရန် သီးခြားပဋိညာဉ် ပြုခဲ့ကြသည်။ ထို့ကြောင့် အိမ်ရှင်ဘက်မှ ပေးပို့သော နို့တစ်စာ တရားဝင်မဝင်ဆိုသော အချက်ကို ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆ အရ ဆုံးဖြတ်ရန် မဟုတ်ပဲ အိမ်ရှင် အိမ်ငှား ပဋိညာဉ်နှင့် ညီညွတ်ခြင်း ရှိမရှိ စိစစ်ဆုံးဖြတ်ရပေသည်။

အယူခံ တရားလို အတွက် — ဦးကိုယု၊ ဗဟိုတရားရုံးရှေ့နေ

အယူခံ တရားပြိုင်အတွက် — ဦးဟန်၊ ဗဟိုတရားရုံးရှေ့နေ

လမ်းမတော်မြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၁၅/၈၂ တွင် အယူခံတရားလို ဦးအောင်ခင်က အယူခံတရားပြိုင် ဦးတက်စီ အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁)(က)(ဒုတိယပိုင်း)အရ ငှားရမ်းထားသည့် အိမ်ခန်းမှ ဖယ်ရှားစေရန် တရားစွဲရာ ဦးအောင်ခင်၏ အမှုကို ပလပ်သဖြင့် ရန်ကုန်တိုင်း

---

* ၁၉၈၄ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၁၄၀

† ၁၉၈၃ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၀၃တွင် ချမှတ်သော (၂၆-၁၀-၈၃) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

တရားရုံးတွင် အယူခံဝင်ရောက်သော်လည်း အောင်မြင်ခြင်း မရှိသော ကြောင့် ဦးအောင်ခင်က ဗဟိုတရားရုံးတွင် ဤတရားမ ဒုတိယအယူခံမှုကို တင်သွင်းခဲ့သည်။

၁၉၇၅
ဦးအောင်ခင်
နှင့်
ဦးတက်စီ

ဦးအောင်ခင်နှင့် ဦးတက်စီတို့သည် လမ်းမတော်မြို့နယ်၊ လှည်းတန်း လမ်း၊ တိုက် အမှတ် ၅၇၊ အခန်း ၁ ၏ အိမ်ရှင် နှင့် အိမ်ငှားများ ဖြစ်ကြသည်။ အိမ်ရှင် အိမ်ငှား သဘောတူ ကတိစာချုပ် အရ ၃ လ ကြိုတင် အကြောင်းကြားပြီး ငှားရမ်းခြင်းကို အဆုံးသတ်ရန် သဘော တူချက် ရှိခဲ့ကြသည်။ ဦးအောင်ခင်က ဦးတက်စီသည် တိုက်ခန်းအတွင်း ဘက် အုတ်နံရံကို ခွင့်ပြုချက်မရှိပဲ ဖောက်ထွင်းခဲ့သဖြင့် အိမ်ငှားတာဝန် ဖောက်ဖျက်သည်ဟုဆို၍ အကျိုးဆောင်မှတဆင့် နို့တစ်ပေးပြီး တရားစွဲ ခြင်းဖြစ်သည်။ ဦးတက်စီကမူ နို့တစ်စာမှာ တရားမဝင်ဟု ထုချေခဲ့သည်။

ထို့ကြောင့် မြို့နယ်တရားရုံးက နို့တစ်စာနှင့် ပတ်သက်၍ အောက်ပါ ပဏာမ ငြင်းချက်ကို ထုတ်နုတ်ခဲ့သည်—

> "တရားလို ပေးသော နို့တစ် စာသည် တရား မဝင်သော နို့တစ်စာ ဖြစ်သည်ဆိုတာ မှန်သလား။"

မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က ပစ္စည်းလွှဲပြောင်းရေး အက် ဥပဒေပုဒ်မ ၁၀၆ အရ ဦးအောင်ခင်က ဦးတက်စီသို့ ပေးပို့သော နို့တစ် စာသည် တရားမဝင်ဟူ၍ ကောက်ယူခဲ့ကြသည်။

ဦးအောင်ခင်နှင့် ဦးတက်စီတို့သည် ငှားရမ်းမှု ရပ်စဲရန် သီးခြား ပဋိညာဉ် ပြုခဲ့ကြသည်။ထို့ကြောင့် အိမ်ရှင်ဘက်မှ ပေးပို့သော နို့တစ်စာ တရားဝင် မဝင်ဆိုသော အချက်ကို ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၁၀၆ အရ ဆုံးဖြတ်ရန် မဟုတ်ပဲ အိမ်ရှင်အိမ်ငှား ပဋိညာဉ်နှင့် ညီညွတ်ခြင်း ရှိမရှိ စိစစ်ဆုံးဖြတ်ရပေသည်။ ၃၀-၆-၇၂ ရက်စွဲပါနို့တစ် စာ အပိုဒ် ၅ နှင့် ၆ တို့တွင် အောက်ပါအတိုင်း ဖော်ပြထားသည်—

> "၅။ လူကြီးမင်း၏ ဆောင်ရွက် ပြုမူချက်များသည့် အိမ်ငှား တာဝန် ဖောက်ဖျက်ရာ ရောက်ပြီး လူကြီး မင်းအား ကျွန်ုပ်၏ အမှုသည်က ဆက်လက်၍ ငှားရမ်းခြင်း မပြုလို တော့ သဖြင့် ၁-၇-၇၂ နေ့မှ စ၍ အိမ်ရှင် အိမ်ငှား အဖြစ်မှ အဆက်အသွယ် ဖြတ်တောက်လိုပါသည်။

၆။ သို့ဖြစ်၍ လူကြီးမင်းသည် ယခု ငှားရမ်း နေထိုင်သည့် တိုက်ခန်းမှ ၁၉၇၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ စေ့ရောက်သည်နှင့် ထွက်ခွါပေးရန် တောင်းဆိုလိုက်ပါသည်။"

အိမ်ငှါး ဦးတက်စီ၏ အကျိုးဆောင်က အိမ်ရှင် ဦးအောင်ခင်သည် နို့တစ်စာ ပေးပို့ပြီး နောက်တနေ့တွင် အိမ်ရှင် အိမ်ငှား ဆက်သွယ်မှုကို ရပ်စဲကြောင်း နို့တစ်စာ၌ ဖော်ပြ ထား သ ဖြင့် ပ ဋိ ည ၁ ဉ် အ တိုင် း ၃ လ ကြိုတင်၍ နို့တစ်မပေးသောကြောင့် တရားမဝင်ပါဟု တင်ပြလျှောက်ထားသည်။ သို့ရာတွင် နို့တစ်စာအရအိမ်ငှားသည် ၃၀-၉-၇၂ နေ့အထိ အချင်းဖြစ် အိမ်ခန်းတွင် နေထိုင်ခွင့် ရှိသည်ဖြစ်ရာ အိမ်ခန်းမှ ဖယ်ရှားပေးရန် အချိန်မစေ့မီ ဦးတက်စီထံ ၃ လကြိုတင်၍ နို့တစ်စာ ပေးခဲ့ကြောင်း ပေါ်ပေါက်သည်။ သို့ဖြစ်၍ နို့တစ်စာသည် အိမ်ရှင် အိမ်ငှား ကတိစာချုပ်ပါ စည်းကမ်းချက်များနှင့် ဆန့်ကျင်သည်ဟု မဆိုနိုင်ပေ။

အယူခံလွှာကို ခွင့်ပြုပြီး တိုင်းတရားရုံးနှင့် မြို့နယ်တရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီများကို ပယ်ဖျက်လိုက်သည်။ မြို့နယ်တရားရုံးသည် အမှုကို မူလအမှု အမှတ်အတိုင်း ပြန်လည်ဖွင့်လှစ်၍ ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးရန် ညွှန်ကြားလိုက်သည်။ အယူခံလွှာတွင် ထမ်းဆောင်ထားသည့် ရုံးခွန်ကို အယူခံတရားလိုအား ပြန်လည်ထုတ်ပေးရေးအတွက် သက်သေခံလက်မှတ် ထုတ်ပေးရန် ရုံးခွန်တော်အက်ဥပဒေပုဒ်မ ၁၃ အရ ညွှန်ကြားလိုက်သည်။ ဤအမှုအတွက် စရိတ်မရှိ။

## တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးတင်အောင်၊အဖွဲ့ဝင်များအဖြစ်ဦးအေးမောင်နှင့်ဦးတင်အုန်း တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦး ကို လေး ပါ (၃)
နှင့်
ဦး စိန် မောင် ပါ (၂) *

†၁၉၇၅
ဇွန်လ
၁၀ ရက်

**မြန်မာဓလေ့ထုံးတမ်းဥပဒေ— ကိတ္တိမ သားသမီး အဖြစ် မွေးစားခြင်း— အပတိဋ္ဌ သားသမီးအဖြစ် မွေးစားခြင်း— ဤနှစ်မျိုးတွင် အမွေစား အမွေခံ ဖြစ်စေရန် ရည်ရွယ်ချက်ရှိကြောင်း ဖော်ထုတ်ခြင်း ရှိမရှိသာ ကွာခြားခြင်း— ကိတ္တိမ မွေးစားမှု မမြောက်သော်လည်း အပတိဋ္ဌ မွေးစားမှု မြောက်ကြောင်း တွေ့လျှင် အပတိဋ္ဌသားသမီးဖြစ်ကြောင်း ကောက်ယူနိုင်ခြင်း။**

ဆုံးဖြတ်ချက်။ ။မြန်မာဓလေ့ ထုံးတမ်း ဥပဒေအရ ကိတ္တိမ သားသမီးအဖြစ် မွေးစားခြင်းနှင့် အပတိဋ္ဌ သားသမီးအဖြစ် မွေးစားခြင်း တို့တွင် မွေးစားသည်ဆိုသော အချက်မှာ အတူတူပင်ဖြစ်သည်။ ယင်း မွေးစားမှု နှစ်မျိုးတွင် အမွေစား အမွေခံဖြစ်စေရန် ရည်ရွယ်ချက် ရှိကြောင်း ဖော်ထုတ်ခြင်း ရှိမရှိသာ ကွာခြားသည်။ သို့ဖြစ်ရာ ကိတ္တိမ မွေးစားမှုတွင် အပတိဋ္ဌ မွေးစားခြင်း အကျုံးဝင်သည် ဖြစ်၍ ကိတ္တိမ သားသမီးအဖြစ်ဖြင့် အရေးဆိုသောအမှုတွင် ကိတ္တိမမွေးစားမှု မမြောက်သော်လည်း အပတိဋ္ဌ သားသမီးအဖြစ် မွေးစားမှုမြောက်ကြောင်း တွေ့ရလျှင် အပတိဋ္ဌ သားသမီးဖြစ်သည်ဟု ကောက်ယူဆုံးဖြတ်ပါက အဆို အချေနှင့် ကွဲလွဲ၍ အဆုံးအဖြတ် ပြုရာရောက်သည်ဟု မဆိုနိုင်ပေ။

အယူခံ တရားလိုများအတွက် — ဦးဖေတင်၊ ဗဟိုတရားရုံးရှေ့နေ
အယူခံတရားပြိုင်များအတွက် — ဦးကျော်ကျော်ဝင်း၊
ဗဟိုတရားရုံးရှေ့နေ

---

* ၁၉၇၃ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၄၆
† ၁၉၇၀ ခုနှစ်၊ တရားမ ကြီးမှုအမှတ် ၁၀ တွင် ချမှတ်သော (၁၂-၇-၇၃) နေ့စွဲပါ စစ်ကိုင်းတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၈၅
ဦးကိုလေးပါ
(၃)
နှင့်
ဦးစိန်မောင်
ပါ(၂)

စစ်ကိုင်းတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၁၀/၈၀ တွင် အယူခံတရားလို ဦးကိုလေး၊ ဒေါ်မေနှင့် ဦးထွေးတို့က အယူခံတရားပြိုင် ဦးစိန်မောင်နှင့် ဒေါ်စန်းမြတို့အပေါ် ကွယ်လွန်သူ ဒေါ်အေးခင် ကျန်ရစ်သော ပစ္စည်းများကို လက်ရောက် ရလိုကြောင်း တရားစွဲဆိုရာ မအောင်မြင်သဖြင့် ဗဟိုတရားရုံးတွင် ဤ အယူခံကို တင်သွင်းသည်။

မူလရုံးတရားလို ဦးကိုလေး ဒေါ်မေနှင့် ဦးထွေးတို့က အဆိုလွှာတွင် မိမိတို့၏အစ်ကို ဦးမောင်ကိုသည် ဒေါ်အေးခင်ဆိုသူနှင့် လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြောင်း၊ ဦးစိန်မောင်သည် ဒေါ်အေးခင်နှင့် အတူနေထိုင်သူ ဖြစ်ကြောင်း၊ ၁၅-၁၂-၇၇ နေ့တွင် ဒေါ်အေးခင် ကွယ်လွန်သွားသော အခါ ကျန်ရစ်သည့် ပစ္စည်းများကို ဦးမောင်ကို အမွေ ဆက်ခံရရှိကြောင်း၊ ထို့နောက် ဦးမောင်ကို ကွယ်လွန်ပြန်သောအခါ မိမိတို့က အမွေဆက်ခံရရှိကြောင်း စသည်ဖြင့် အဆိုပြုကာ ရွှေဘိုမြို့တွင်ရှိသော မြေတစ်ကွက်၊ ထိုမြေပေါ်၌ ဆောက်လုပ်ထားသော အိမ်တစ်ဆောင်နှင့် ဒေါ်အေးခင် ကျန်ရစ်သည် ဆိုသော လက်ဝတ် လက်စား များကို လက်ရောက်ရလိုကြောင်းဖြင့် တရားစွဲဆိုလေသည်။

ဦးစိန်မောင်က အချေလွှာတွင် ကွယ်လွန်သူ ဒေါ်အေးခင်သည် မိမိအား ကိတ္တိမသားအဖြစ် မွေးစားခဲ့ကြောင်း၊ အချင်းဖြစ်မြေမှာ မိမိဂရန်ရရှိထားသော မြေဖြစ်ပြီး၊ အိမ်မှာမိမိဆောက်လုပ်သော အိမ်ဖြစ်ကြောင်း၊ လက်ဝတ် လက်စားများ ကျန်ရစ်ခြင်း မရှိကြောင်း စသည်ဖြင့် ထုချေသည်။

တိုင်းတရားရုံးက အဆိုအချေများအရ အောက်ပါ ငြင်းချက်များကို ထုတ်နှုတ် ကြားနာခဲ့သည်—

"၁။ အခင်းဖြစ် ဥပစာကို တရားလိုတို့က ပိုင်ဆိုင်သည် ဆိုခြင်းမှာ မှန်သလား။

၂။ ထိုသို့ ပိုင်ကြောင်း မည်သည့် စာချုပ် စာတမ်းများ တင်ပြခြင်း ရှိသနည်း။

၃။ လက်ရောက်ရလိုမှုတွင် တရားမစွဲမီ ၁၂ နှစ် အတွင်းက အချင်းဖြစ် ပစ္စည်းမှာ တရားလိုတို့ လက်ရှိဖြစ်ကြောင်းနှင့်

တရားပြိုင်တို့သည် ယင်းပစ္စည်းကို ဆိုင်ရာဆိုင်ခွင့် မရှိပဲ သိမ်းပိုက် ထားကြောင်းတို့ကို တရားလိုတို့က သက်သေ ထူနိုင်ခြင်း ရှိမရှိ။ ၁၉၇၅ ဦးကိုလေးပါ (၃) နှင့် ဦးစိန်မောင် ပါ (၂)

၄။ အချင်းဖြစ် ပစ္စည်းကို ပိုင်ရှင်က တရားပြိုင်အား အဖိုး စားနားဖြင့် လွှဲပြောင်းပေးခြင်း ဖြစ်မဖြစ်။

၅။ အမှတ် (၁) တရားပြိုင် ဦးစိန်မောင်သည် ကွယ်လွန်သူ ဦးမောင်ကို ဒေါ်အေးခင်တို့၏ ကိတ္တိမ မွေးစား သား ဖြစ်သည် ဆိုတာ မှန်သလား။

၆။ တရားလို တို့သည် မည်သည့် သက်သာခွင့် ရထိုက်ပါ သလဲ။

## နောက်တိုး ငြင်းချက်များ

၁။ ကွယ်လွန်သူ ဦးမောင်ကိုသည် ဒုတိယမယား ဒေါ်ရွှေနှင့် အကြောင်းပါစဉ်ကပင် ပထမ မယား ဒေါ်အေးခင်နှင့် ပစ္စည်းများ ခွဲဝေပြီး နှစ်ဦးသဘောတူ ပြတ်စဲ ကွာရှင်း ခဲ့ကြသည် ဆိုခြင်းမှာ မှန်သလား။

၂။ ဒေါ်အေးခင် သေဆုံးသောအခါ အချင်းဖြစ်ပစ္စည်းများ ကျန်ရစ်ခဲ့သည် ဆိုခြင်းမှာ မှန်သလား။"

ဤအယူခံတွင် အယူခံတရားလိုတို့၏ ရှေ့နေက လျှောက်လဲရာတွင် ဦးစိန်မောင်အား ဒေါ်အေးခင်က ကိတ္တိမသားအဖြစ် မွေးစားသည်ဆို ခြင်းမှာ မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ မမှန်ကန်ကြောင်း အကျယ် တဝင့် တင်ပြလျှောက်ထားသည်။

အယူခံတရားပြိုင်တို့၏ ရှေ့နေက လျှောက်လဲရာတွင် ဦးစိန်မောင်သည် ဒေါ်အေးခင်၏ ကိတ္တိမသားဖြစ်ကြောင်း ပြန်ကြားလျှောက်ထားသည်။ ထို့ပြင် အယူခံတရားပြိုင်တို့၏ ရှေ့နေက ဦးမောင်ကိုနှင့် သူ၏ မယား ဒေါ်သိန်းရင် တို့သည် ရက်ပိုင်း အတွင်း ကွယ်လွန်ခဲ့ကြသည် ဖြစ်၍

၁၉၀၅
ဦးကိုလေးပါ
(၃)
နှင့်
ဦးစိန်မောင်
ပါ (၂)

အချင်းဖြစ် ပစ္စည်းများမှာ အယူခံတရားလိုတို့ အဆိုပြုသည့် အတိုင်း ဦးမောင်ကိုပိုင် ပစ္စည်းများ ဖြစ်ပါမူ မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ ယင်းပစ္စည်းများကို ဦးမောင်ကို၏ညီနှင့်ညီမများကတဘက်၊ဒေါ်သိန်းရင်၏ ဆွေမျိုးများကတဘက် အမွေဆက်ခံမည် ဖြစ်သဖြင့် ဦးကိုလေးတို့သည် လက်ရောက်ရခွင့် မစွဲဆိုနိုင်ကြောင်း တင်ပြလျှောက်ထားသည်။ ဤဥပဒေပြဿနာသစ်မှာ စဉ်းစားဘွယ်ကောင်းသော ပြဿနာဖြစ်သော်လည်း အယူခံတရားလိုတို့၏ ရှေ့နေက တင်ပြသည့်အတိုင်း ဒေါ်သိန်းရင်တွင် မည်သည့် ဆွေမျိုးများ ကျန်ရစ်ကြောင်း အမှုတွင် အထောက်အထား မရှိသဖြင့် ဗဟိုတရားရုံးအနေဖြင့် ယင်းပြဿနာကို ဖော်ထုတ်အဆုံးအဖြတ်ပေးရန် မဖြစ်နိုင်ပေ။

အမှုတွဲရှိ သက်သေခံချက်များအရ ဦးစိန်မောင်၏မိခင်မှာ ဦးစိန်မောင်ရက်သားဘဝကပင် ကွယ်လွန်ခဲ့ရာ အဒေါ်အရင်းဖြစ်သူ ဒေါ်အေးခင်က သူ့ကို အိမ်သို့ ခေါ်လာခဲ့သည်။ ဒေါ်အေးခင်တွင် သားသမီး မရှိသည့်အလျောက် ဒေါ်အေးခင်က ဦးစိန်မောင်အား မွေးစားလာကြောင်း ဦးမောင်လေးနှင့် ဦးမြရီတို့၏ ထွက်ဆိုချက်များကို လက်မခံနိုင်ရန် အကြောင်းမရှိချေ။ ထို့ပြင် ဒေါ်အေးခင် ကွယ်လွန်သည်အထိ ဦးစိန်မောင်သည် ဒေါ်အေးခင်နှင့်အတူ နေထိုင်လာခဲ့သည်။ ဒေါ်အေးခင်က မိမိအသက်အရွယ် ကြီးရင့်သဖြင့် သူနေထိုင်လျက်ရှိသောမြေကွက်ကို သူနှင့် ဦးစိန်မောင် အမည်ဖြင့် ထုတ်ပေးရန်လျှောက်ထားရာ၌ ဒေါ်အေးခင်က ဦးစိန်မောင်အား သူ၏သားအဖြစ် ဖော်ပြခဲ့သည်။ သို့ဖြစ်ရာ မူလရုံးသုံးသပ်သကဲ့သို့ ဦးစိန်မောင်သည် ယုတ်စွအဆုံး ဒေါ်အေးခင်၏ အပတိဋ္ဌသားဖြစ်ကြောင်း ပေါ်ပေါက်သည် ဖြစ်၍ ဦးကိုလေးတို့ နည်းတူဦးမောင်ကို၏ အမွေကို ဆက်ခံခွင့်ရှိသူဖြစ်ပေသည်။ ဤအခြေအနေတွင် ဦး ကို လေး တို့ သည် ဦးမောင်ကို ကျန်ရစ်သော အမွေပစ္စည်းများကို ဦးစိန်မောင်ထံမှ လက်ရောက်ရလိုကြောင်း တောင်းဆိုခွင့် မရှိချေ။

အယူခံတရားလိုတို့၏ ရှေ့နေက ဦးစိန်မောင်သည် ဒေါ်အေးခင်၏ ကိတ္တိမသား ဖြစ်သည်ဟု အကြောင်းပြကာအမှုဆိုင်ခဲ့ပါလျက်၊ တိုင်းတရားရုံးက အပတိဋ္ဌသားအဖြစ် ဦးမောင်ကို၏ အမွေကို ဆက်ခံနိုင်သည်ဟု ကောက်ယူ ဆုံးဖြတ်ခြင်းမှာ မှားယွင်းကြောင်းဖြင့် စီရင်ထုံး တခုကို ကိုးကား၍ လျှောက်ထားသည်။ ယင်းစီရင်ထုံးတွင် ကိတ္တိမသားသမီးအဖြစ် မွေးစားခြင်းနှင့် အပတိဋ္ဌ သားသမီးအဖြစ် မွေးစားခြင်းတို့မှာ များစွာကွာခြားသည်ဖြစ်၍ ကိတ္တိမ သား သ မီး အ ဖြစ် အ မွေ

တောင်းဆိုသည့် အမှုတွင် အပတိဋ္ဌသားသမီးအဖြစ် အမွေတောင်းဆို နိုင်ရန်အဆိုလွှာကို ပြင်ဆင်ခွင့်မရှိကြောင်း သုံးသပ်ထားသည်ကို တွေ့ရ သည်။ မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ ကိတ္တိမသားသမီးအဖြစ်မွေးစား ခြင်းနှင့် အပတိဋ္ဌ သားသမီးအဖြစ် မွေးစားခြင်းတို့တွင် မွေးစားသည် ဆိုသော အချက်မှာ အတူတူပင်ဖြစ်သည်။ ယင်းမွေးစားမှု နှစ်မျိုးတွင် အမွေစား အမွေခံ ဖြစ်စေရန် ရည်ရွယ်ချက် ရှိကြောင်း ဖော်ထုတ်ခြင်း ရှိမရှိသာ ကွာခြားသည်။ သို့ဖြစ်ရာ ကိတ္တိမ မွေးစားမှုတွင် အပတိဋ္ဌ မွေးစားခြင်း အကျုံးဝင်သည်ဖြစ်၍ ကိတ္တိမသားသမီးအဖြစ်ဖြင့် အရေး ဆိုသော အမှုတွင် ကိတ္တိမမွေးစားမှု မမြောက်သော်လည်း အပတိဋ္ဌ သားသမီးအဖြစ် မွေးစားမှုမြောက်ကြောင်း တွေ့ရလျှင် အပတိဋ္ဌ သား သမီး ဖြစ်သည်ဟု ကောက်ယူ ဆုံးဖြတ်ပါက အဆိုအချေနှင့် ကွဲလွဲ၍ အဆုံးအဖြတ် ပြုရာရောက်သည်ဟု မဆိုနိုင်ပေ။ ၁၉၈၅ ဦးကိုလေးပါ (၃) နှင့် ဦးစိန်မောင် ပါ (၂)

အမှုတွင် အငြင်းမပွားသည့်အချက်မှာ အချင်းဖြစ်မြေကို ၁၀-၆-၇၃ နေ့မှ စ၍ ဦးစိန်မောင်က သူ၏အမည်ဖြင့် ဂရန်ရရှိခဲ့သည်။ သို့ဖြစ်ရာ ဦးကိုလေးတို့ အမှုစွဲဆိုသည့် အချိန်တွင် အချင်းဖြစ် မြေမှာ ဦးစိန်မောင် ပိုင် ဖြစ်နေသည့်အလျောက် ဦးကိုလေးတို့ အနေဖြင့် ပိုင်ဆိုင်ခွင့် တစုံတရာ မရှိချေ။ တိုင်းတရားရုံးက ယင်းမြေကို တချိန်က ဒေါ်အေးခင် ပိုင်ဆိုင် ခဲ့သည်ဖြစ်၍ ဦးကိုလေးတို့သည် ပိုင်ဆိုင်ခွင့် ရှိသည်ဟု ကောက်ယူဆုံးဖြတ် ခြင်းသည် မမှန်ကန်ချေ။ လက်ရှိဂရန် ရထားသူမှာ ဦးစိန်မောင်ဖြစ် သည်။ ထိုမြေတွင် ဦးကိုလေးတို့ အနေဖြင့် ရခွင့်ရှိသည်ဟု ယူဆလျှင် ရွှေဘိုမြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့တွင် သူတို့အား ဂရန်ပေးရန်အတွက် အရေးဆိုရန် ဖြစ်သည်။

အထက် ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံကို တရားရုံး အဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခကို ကျပ် ၂၀၀/- သတ်မှတ်သည်။

## တရားမ ပထမ အယူခံမှု

**ဥက္ကဋ္ဌအဖြစ်ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ်ဦးမြကျော်နှင့် ဦးတင်အုန်း တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်**

†၁၉၈၅ ဇွန်လ ၂၆ ရက်

ဒေါ် ကျင် မေ ပါ(၂)
နှင့်
ဒေါ် ထွေး ရင် ပါ (၃) *

**ခွင့်ပြုချက်နှင့် ထားသူအား နှင်လိုမှု– မူလပိုင်ရှင်ထံမှ အပေးစာချုပ်ဖြင့် လက်ခံ ရယူသူသည် ခွင့်ပြုသူအဖြစ်သို့ အလိုအလျောက် ရောက်ရှိနိုင်၊ မနိုင်။**

**ဆုံးဖြတ်ချက်။** ။အချင်းဖြစ်မြေနှင့်အိမ်ကို ဒေါ်ရွှေပွင့်သည် အစ်မ အရင်း တော်စပ်သူ ဒေါ်ရှမ်းမထံမှ အမွေ ဆက်ခံခဲ့ခြင်းဖြင့် ပိုင်ရှင် အဖြစ်သို့ ရောက်ရှိလာခြင်း မဟုတ်ပဲ မေတ္တာအလျောက် ဒေါ်ရှမ်းမက အပေးစာချုပ်ပြုလုပ်ပြီး ပေးခဲ့သည့်အတွက် ပိုင်ရှင် အဖြစ်သို့ ရောက်ရှိလာခြင်းသာ ဖြစ်သည်။ သို့ဖြစ်၍ ဒေါ်ရှမ်းမက ခွင့်ပြုချက်ဖြင့် ဦးကျင်မူနှင့် ဒေါ်ထွေးရင်တို့အား ထားခဲ့သည် ဆိုသည့် အချက်ကို အကြောင်းပြု၍ ဒေါ်ရွှေပွင့်မှာ အလိုအလျောက် ခွင့်ပြုသူအဖြစ်သို့ ရောက်ရှိလာသည်ဟု ဆိုနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ဒေါ်ရှမ်းမမှ ခွင့်ပြုချက်ကို ရုပ်သိမ်းပြီး တရားစွဲဆိုနိုင်ခွင့်သည် သက်သေခံအမှတ်(က) အပေးစာချုပ်ကို အကြောင်းပြု၍ ဒေါ်ရွှေပွင့်ထံသို့ သက်ဆင်းမည် မဟုတ်ချေ။ ထို့နည်းတူစွာပင် ဒေါ်ရွှေပွင့်မှ သက်သေခံအမှတ်(ခ) အပေးစာချုပ်ဖြင့် အချင်းဖြစ် မြေနှင့် အိမ်ကို ဒေါ်ကျင်မေတို့အား ပေးသည် ဆိုကာမျှဖြင့် ဒေါ်ကျင်မေတို့မှာ အလိုအလျောက် ခွင့်ပြုသူ အဖြစ်သို့ ရောက်ရှိမည် မဟုတ်ပေ။

အယူခံ တရားလိုများ အတွက် — ဦးမောင်မောင်ကြီး၊
ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် — ဦးချမ်းအေး (မော်လမြိုင်)
ဗဟိုတရားရုံးရှေ့နေ

* ၁၉၈၃ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၁၄၅
† ၁၉၈၀ ခုနှစ်၊ တရားမ ကြီးမှု အမှတ် ၅ တွင် ချမှတ်သော (၁၃-၉-၈၃)နေ့စွဲပါမွန်ပြည်နယ်တရားရုံး၏စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု။

၁၉၈၅ ဒေါ်ကျင်မေ ပါ(၂) နှင့် ဒေါ်ထွေးရင် ပါ(၃)

မွန်ပြည်နယ်တရားရုံး၊ တရားမကြီးမှု အမှတ် ၅/၈၀ တွင် အယူခံတရားလို ဒေါ်ကျင်မေနှင့် ဒေါ်ကျင်ဖွားတို့က တရားလို ပြုလုပ်၍ အယူခံတရားပြိုင်များဖြစ်ကြသည့် ဒေါ်ထွေးရင်၊ ဒေါ်ခင်မျိုးမြင့်နှင့် ဦးလှမြင့်တို့အပေါ် ခွင့်ပြုချက်ဖြင့် နေထိုင်စေသည့် အချင်းဖြစ် မြေနှင့် အိမ်မှနှင်လိုမှု စွဲဆိုရာ ပလပ်ခြင်း ခံရသောကြောင့် ဒေါ်ကျင်မေတို့က ဗဟိုတရားရုံးတွင် ဤတရားမ ပထမအယူခံမှုကို တင်သွင်းသည်။

ဒေါ်ကျင်မေက ချောင်းဆုံမြို့ အနောက်ပိုင်းရပ်ကွက်၊ အုပ်စုအမှတ် ၃၁၊ ချောင်းဆုံကွင်းအမှတ် (၇၇၇-အေ) ဦးပိုင် အမှတ် ၈၃-၁၉၄၅ ၁၉၅၀ (ယခင်-၈၄) ရှိယာ ၀.၁၂ ဧကရှိ မြေနှင့် မြေပေါ်ရှိ တိုက်ခံနှစ်ထပ် အိမ်ကို မူလက ဒေါ်ရှမ်းမက ပိုင်ကြောင်း၊ ၁၉၄၆ ခုနှစ်ခန့်တွင် ဒေါ်ရှမ်းမသည် ဒေးဒရဲရှိ လယ်များမှ စပါးများ သိမ်းရန် သွားသောအခါ မိမိတို့အား သူပိုင်မြေနှင့် အိမ်ကို စောင့်ရှောက်ရန် အပ်နှံထားစဉ် ဦးကျင်မူနှင့်ဇနီးဒေါ်ထွေးရင်တို့ကခေတ္တနေထိုင်ခွင့်တောင်းသောကြောင့် မိမိတို့က နေထိုင်ခွင့် ပြုခဲ့ကြောင်း၊ ထို့နောက် ဒေါ်ရှမ်းမအား ပြန်လည်ပြောပြသောအခါ မိမိတို့၏ ဆန္ဒအတိုင်းဖြစ်၍ မည်သို့မျှပြန်လည် ပြောဆိုခဲ့ခြင်း မရှိကြောင်း၊ ၁၉၄၇ ခုနှစ်ခန့်တွင် ဦးကျင်မူသည် ရန်ကုန်မြို့သို့အပြီးအပိုင်ထွက်ခွါသွားပြီးနောက် ၁၉၆၀ပြည့်နှစ်တွင် ရန်ကုန်၌ပင် ကွယ်လွန်သွားခဲ့ကြောင်း၊ အချင်းဖြစ် မြေနှင့် အိမ်ကို ဒေါ်ရှမ်းမမှ အဆင့်ဆင့် လွှဲပြောင်းပေးခဲ့သော မှတ်ပုံတင်စာချုပ်အမှတ် ၆၃ / ၅၃ ၂၂၂/၆၂ နှင့် ၂၇၆/၆၂ တို့ အရ မိမိတို့ တရားဝင် ပိုင်ဆိုင်လာကြောင်း၊ ဒေါ်ထွေးရင်တို့သည် အချင်းဖြစ်မြေနှင့် အိမ်ပေါ်တွင် ဆက်လက် နေထိုင်လာခဲ့ကြောင်း၊ ဒေါ်ရှမ်းမမှာ ၁၉၇၄ ခုနှစ်က ကွယ်လွန်သွားခဲ့ကြောင်း၊ ထို့နောက် ဒေါ်ထွေးရင်တို့ကို ဆက်လက် မထားလိုသောကြောင့် ခွင့်ပြုချက်ကို ရုပ်သိမ်းပြီး ဖယ်ရှားပေးရန် ပြောသော်လည်း ဖယ်ရှားပေးခြင်း မပြုကြောင်း အဆိုပြုလျက်၊ ဒေါ်ထွေးရင်တို့အပေါ် နှင်လိုမှု စွဲဆိုသည်။

ဒေါ်ထွေးရင်တို့က မိမိတို့သည် အချင်းဖြစ် မြေနှင့် အိမ်တွင် ဒေါ်ရှမ်းမ၏ ခွင့်ပြုချက်အရ နေထိုင်လာခြင်း ဖြစ်ကြောင်း၊ အချင်းဖြစ် မြေနှင့် အိမ်ကို ဒေါ်ကျင်မေတို့ ပိုင်ဆိုင်သည်ဆိုသည့် အချက်ကို ငြင်းဆိုကြောင်း၊ တရားစွဲဆိုရန် အကြောင်း မပေါ်ပေါက်ကြောင်း စသည်ဖြင့် ထုချေကြသည်။

၁၉၈၇
ဒေါ်ကျင်မေ ပါ(၂) နှင့် ဒေါ်ထွေးရင် ပါ(၃)

ပြည်နယ်တရားရုံးက အမှုကို စစ်ဆေးပြီး ဒေါ်ကျင်မေတို့ စွဲဆိုသည့် အမှုကို ပလပ်ခဲ့သောကြောင့် ဤအယူခံမှု ပေါ်ပေါက် လာရခြင်း ဖြစ်သည်။

ဒေါ်ကျင်မေတို့က အယူခံတွင် အကြောင်းပြသည်မှာ ပြည်နယ်တရားရုံးက ဒေါ်ရှမ်းမမှ ဒေါ်ရွှေပွင့်သို့ လွှဲပြောင်းပေးလိုက်သဖြင့် ဒေါ်ရွှေပွင့်သည် အလိုအလျောက် ခွင့်ပြုသူအဖြစ် ရောက်ရှိခဲ့သည်ကို လက်ခံသော်လည်း အယူခံတရားလိုများသို့ ဒေါ်ရွှေပွင့်က ထပ်ဆင့် လွှဲပြောင်းပေးလိုက်ခြင်းမှာ တရားဝင်သည်ဟု လက်ခံသော်လည်း အယူခံတရားလိုများ၏ ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်း မဟုတ်ပါဟု သုံးသပ်ထားသည်မှာ မှားယွင်းသည်ဟူ၍ ဖြစ်သည်။

ဦးဘိုးနီနှင့် ဒေါ်ရှမ်းမတို့ ဇနီးမောင်နှံတွင် သားသမီးများ ထွန်းကားခြင်း၊ ကိတ္တိမသားသမီးများ မွေးစားခဲ့ခြင်းမရှိကြောင်း အမှုတွင် အငြင်းမပွားပေ။ ဦးဘိုးနီ ကွယ်လွန်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီ ဖြစ်ပေသည်။ အချင်းဖြစ် မြေနှင့် အိမ်ကို ဒေါ်ရှမ်းမကပိုင်၍ နေထိုင်လာကြောင်းလည်း အငြင်းမပွားပေ။ ဒေါ်ရွှေပွင့်မှာ ဒေါ်ရှမ်းမ၏ ညီမအရင်းဖြစ်သည်။ ဒေါ်ရွှေပွင့်တွင် သားသမီး ၇ ယောက် ရှိ၍ ၎င်းတို့မှာ ဦးကျင်သိန်း၊ ဒေါ်ကျင်ဖွား၊ ဦးကျင်မူ၊ ဒေါ်ကျင်မေ၊ ဒေါ်ကျင်စီ၊ ဒေါ်ကျင်နုနှင့် ဦးမောင်ထွေးတို့ဖြစ်ကြသည်။ ဦးကျင်သိန်းမှာ အသက် ၃၆ နှစ်အရွယ်က ကွယ်လွန်ခဲ့သည်။ ဦးကျင်မူသည် ဒေါ်ထွေးရင်နှင့် အိမ်ထောင်ကျပြီး သမီး ဒေါ်ခင်မျိုးမြင့်ကို မွေးဖွားသည်။ ဦးလှမြင့်မှာ ဒေါ်ခင်မျိုးမြင့်၏ ခင်ပွန်းဖြစ်သည်။

ဒေါ်ကျင်မေက သူသည် ဒေါ်ရှမ်းမ မရှိခိုက် အချင်းဖြစ် မြေနှင့် အိမ်ကိုစောင့်ရှောက်ထားစဉ် ဦးကျင်မူနှင့် ဒေါ်ထွေးရင်တို့က အချင်းဖြစ် မြေနှင့် အိမ်တွင် နေထိုင်ခွင့်တောင်းသောကြောင့် နေထိုင်ခွင့်ပြုခဲ့ကြောင်း ထွက်ဆိုသည်။ ဒေါ်ကျင်မေ၏ ထွက်ဆိုချက်ကို ဒေါ်ကျင်မေ၏ ဝမ်းကွဲအစ်ကို တော်သူ ဦးကျင်ချိန် (လိုပြ-၃) ညီမအရင်း တော်သူ ဒေါ်ကျင်စီ (လိုပြ-၄) နှင့် မောင်အရင်းတော်သူ ဦးမောင်ထွေး (လိုပြ-၆) တို့က ထောက်ခံ ထွက်ဆိုကြသည်။

ဒေါ်ထွေးရင်က နှစ်ဘက်မိဘများနှင့် ဒေါ်ရှမ်းမတို့ရှေ့တွင် သူသည် ဦးကျင်မူနှင့် လက်ထပ်ပြီးနောက်၊ ဒေါ်ရှမ်းမက အိမ်ပေါ် ချွေးမအဖြစ် ခေါ်ယူပြီး သူပိုင် အချင်းဖြစ် မြေနှင့် အိမ်တွင် နေထိုင် စေခဲ့ကြောင်း

ထွက်ဆိုသည်ကို ဒေါ်ငွေတင် (ပြိုင်ပြ- ၂)၊ ဒေါ်စန်းကီ (ပြိုင်ပြ- ၃) ဦးရွှေသွယ် (ပြိုင်ပြ- ၅) နှင့် ဦးကြွယ် (ပြိုင်ပြ- ၆) တို့က ထောက်ခံ ထွက်ဆိုသည်။ ဒေါ်ရှမ်းမသည် အချင်းဖြစ် မြေနှင့် အိမ်တွင် အိမ်ငှား များအား အငှားချထားရာတွင် အိမ်ငှားများက ငှားရမ်းခ များကို ဒေါ်ထွေးရင်သို့ ပေးအပ်ခဲ့ကြောင်း ဒေါ်ထွေးရင်၏ ထွက်ဆိုချက် ရှိသည်။ ဒေါ်ထွေးရင်၏ ထွက်ဆိုချက်ကို ထိုစဉ်က အိမ်ငှားများဖြစ်ကြ သော ဦးမောင်မောင်ကြီး (ပြိုင်ပြ-၂)၊ ဦးစံမြတ် (ပြိုင်ပြ-၇) နှင့် ဦးအောင်စိန် (ပြိုင်ပြ- ၉)တို့က ထောက်ခံထွက်ဆိုကြသည်။

၁၉၇၅ ဒေါ်ကျင်မေ ပါ (၂) နှင့် ဒေါ်ထွေးရင် ပါ (၃)

ဒေါ်ကျင်မေသည် အမှုတွင် သက်သေအဖြစ် အစစ်ခံစဉ် အချိန်က အသက် ၆၀ အရွယ်ရှိပြီ ဖြစ်ကြောင်း တွေ့ရှိရသည်။ ၁၉၄၆ ခုနှစ် ခန့်က ဒေါ်ရှမ်းမပိုင် အချင်းဖြစ် မြေနှင့် အိမ်တွင် ဒေါ်ကျင်မေက ဦးကျင်မူနှင့် ဒေါ်ထွေးရင်တို့အား အခမဲ့နေထိုင်ခွင့် ပြုခဲ့သည်ဟု ဆိုစဉ် အချိန်က ဒေါ်ကျင်မေသည် အသက်အားဖြင့် ၂၅ နှစ်အရွယ် ခန့်သာ ရှိဦးမည်ဖြစ်ပေသည်။ ဒေါ်ကျင်မေနှင့် ဦးကျင်မူတို့မှာ ဒေါ်ရှမ်းမ၏တူ တူမအရင်းများ ဖြစ်ကြသောကြောင့် သားသမီး မရှိသော ကြီးတော် ဒေါ်ရှမ်းမအိမ်တွင် ဝင်ရောက် နေထိုင်လာကြောင်း ဒေါ်ထွေးရင်နှင့် သက်သေများ ထွက်ချက်အရ တွေ့ရှိရသည်။ ဒေါ်ကျင်မေ၏ သက်သေ များမှာ ဒေါ်ကျင်မေနှင့် မောင်နှမ အရင်းများ တော်စပ်ကြသူများ ဖြစ်သည့်အတွက် လွတ်လပ်သော သက်သေများဟူ၍ ဆိုနိုင်မည် မဟုတ် ပေ။ ဒေါ်ထွေးရင်၏ သက်သေများမှာ လွတ်လပ်သည့် သက်သေများ ဖြစ်ကြသည့်အတွက် သူတို့၏ထွက်ဆိုချက်များကို အလေးပေး စဉ်းစားရ ပေမည်။ ဤအမှုတွင် ပေါ်ပေါက်သည့်သက်သေခံချက်များအရ အချင်း ဖြစ် မြေနှင့် အိမ်တွင် ဦးကျင်မူနှင့် ဒေါ်ထွေးရင်တို့သည် ဒေါ်ကျင်မေ တို့၏ ခွင့်ပြုချက် အရ နေထိုင်လာကြောင်း ပေါ်ပေါက်ခြင်း မရှိပဲ ကြီးတော် တော်သူ ဒေါ်ရှမ်းမ၏ ခွင့်ပြုချက်အရ နေထိုင်လာခြင်း ဖြစ် ကြောင်းသာ ပေါ်လွင်သည်။

ထို့ကြောင့် ဒေါ်ကျင်မေတို့က ဦးကျင်မူနှင့် ဒေါ်ထွေးရင်တို့သည် ဒေါ်ရှမ်းမ၏ ခွင့်ပြုချက်အရ အချင်းဖြစ်မြေနှင့်အိမ်တွင် နေထိုင်လာခြင်း ဖြစ်ကြောင်း၊ ဒေါ်ရှမ်းမသည် အချင်းဖြစ် မြေနှင့် အိမ်ကို သက်သေခံ အမှတ် (က) မှတ်ပုံတင် အပေး စာချုပ်ဖြင့် ညီမအရင်း တော်စပ်သူ ဒေါ်ရွှေပွင့်သို့ ပေးခဲ့သောကြောင့် ဒေါ်ရွှေပွင့်သည် အလိုအလျောက် ခွင့်ပြုသူအဖြစ်သို့ ရောက်ရှိခဲ့ကြောင်း ဒေါ်ရွှေပွင့်မှ တဖန် သက်သေခံ

၁၉၈၅
ဒေါ်ကျင်မေ ပါ (၂) နှင့် ဒေါ်ထွေးရင် ပါ(၃)

အမှတ်(ခ) မှတ်ပုံတင် အပေးစာချုပ်ဖြင့် အချင်းဖြစ် မြေနှင့် အိမ်ကို သမီး ဒေါ်ကျင်မေနှင့် ဒေါ်ကျင်ဖွားတို့အား လွှဲပေးခဲ့သောကြောင့် ဒေါ်ကျင်မေတို့သည် အလိုအလျောက် ခွင့်ပြုသူများအဖြစ်သို့ ရောက်ရှိလာကြောင်း အယူခံတွင် ပြင်ဆင်၍ တင်ပြထားသည်ကို တွေ့ရှိရပေသည်။

အချင်းဖြစ် မြေနှင့်အိမ်ကို ဒေါ်ရွှေပွင့်သည် အစ်မအရင်း တော်စပ်သူ ဒေါ်ရှမ်းမ ထံမှ အမွေဆက်ခံခဲ့ခြင်းဖြင့် ပိုင်ရှင်အဖြစ်သို့ ရောက်ရှိလာခြင်း မဟုတ်ပဲ မေတ္တာအလျောက် ဒေါ်ရှမ်းမက အပေးစာချုပ် ပြုလုပ်ပြီး ပေးခဲ့သည့်အတွက် ပိုင်ရှင်အဖြစ်သို့ ရောက်ရှိလာခြင်းသာ ဖြစ်သည်။ သို့ဖြစ်၍ ဒေါ်ရှမ်းမက ခွင့်ပြုချက်ဖြင့် ဦးကျင်မူနှင့် ဒေါ်ထွေးရင်တို့အား ထားခဲ့သည် ဆိုသည့်အချက်ကို အကြောင်းပြု၍ ဒေါ်ရွှေပွင့်မှာ အလိုအလျောက် ခွင့်ပြုသူအဖြစ်သို့ ရောက်ရှိလာသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ဒေါ်ရှမ်းမမှ ခွင့်ပြုချက်ကို ရုပ်သိမ်းပြီး တရားစွဲဆိုနိုင်ခွင့်သည် သက်သေခံအမှတ် (က) အပေးစာချုပ်ကို အကြောင်းပြု၍ ဒေါ်ရွှေပွင့်ထံသို့ သက်ဆင်းမည် မဟုတ်ချေ။ ထိုနည်း တူစွာပင် ဒေါ်ရွှေပွင့်မှ သက်သေခံအမှတ် (ခ) အပေးစာချုပ်ဖြင့် အချင်းဖြစ် မြေနှင့် အိမ်ကို ဒေါ်ကျင်မေတို့အား ပေးသည်ဆိုကာမျှဖြင့် ဒေါ်ကျင်မေတို့မှာ အလိုအလျောက် ခွင့်ပြုသူအဖြစ်သို့ ရောက်ရှိမည်မဟုတ်ပေ။သို့ဖြစ်၍ ဒေါ်ကျင်မေတို့မှာ အနိုင်ဒီကရီရရှိရန် အကြောင်းမရှိပေ။

ထို့ကြောင့် ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုပြီး ဤအယူခံကို ပလပ်လိုက်သည်။

တရားရုံး အဆင့်ဆင့် စရိတ်ကို ဒေါ်ကျင်မေတို့က ကျခံစေရမည်။ ရှေ့နေခ ကျပ် ၈၀/-သတ်မှတ်သည်။

# တရားမ ပြင်ဆင်မှု

## ဥက္ကဋ္ဌအဖြစ် ဦးမြကျော်၊အဖွဲ့ဝင်များအဖြစ် ဦးအေးမောင်နှင့်ဦးတင်အုန်း တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ ရှေ့တွင်

† ၁၉၈၅ ဧပြီလ ၂၆ ရက်

ဒေါ် ခွေး ကြီး

နှင့်

ဦး မြ မောင် *

**တရားမကျင့်ထုံးဥပဒေအမိန့် ၆၊ နည်း ၁၇–အချေလွှာကို ပြင်ဆင်ခြင်း– ခုခံရေးလမ်းကြောင်း ပြောင်းလဲသွားမည်ဆိုပါက ချေလွှာကို ပြင်ခွင့် မပြုရခြင်း။**

**ဆုံးဖြတ်ချက်။** ။မူလချေလွှာအပိုဒ် ၅၊ ၇၊ ဂ တို့အရ အချင်းဖြစ်မြေကို ဦးဘိုးလူးနှင့် ဒေါ်သန်းကြည်တို့ မပိုင်ကြောင်း၊ အမည်ငှားများအဖြစ် စာချုပ်တွင် ၎င်းတို့၏ အမည်များကို ထည့်သွင်းထားခြင်းသာဖြစ်ကြောင်း၊ မြေငှားခများကို တရားလိုသည် ပိုင်ရေး ပိုင်ခွင့် မရှိပဲ တောင်းဆိုခြင်း ဖြစ်ကြောင်း စသည်ဖြင့် ချေပခဲ့သော်လည်း ပြင်ဆင်ချေပလွှာအပိုဒ် ၅၊ ၇၊ ဂ တို့တွင် ထိုဇာတ်လမ်းကို မြှုပ်ထားခဲ့ပြီး အချင်းဖြစ် မြေကို နှစ်ဦးအတူ ပူးတွဲပိုင်သည့် သဘောမျိုး ချေပထား၍ ခုခံရေးလမ်းကြောင်း ပြောင်းထားကြောင်း တွေ့ရသည်။ ဒေါ်ခွေးကြီး အနေနှင့် ပြင်ဆင်ချေပလွှာ ဖင်သွင်းခွင့် ရှိသည်မှန်သော်လည်း ခုခံရေး လမ်းကြောင်းကိုမူ ပြောင်းလဲပိုင်ခွင့် မရှိပေ။

လျှောက်ထားသူ အတွက် — ဦးသိန်းရှိန်၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက် — ဦးချစ်၊ ဗဟိုတရားရုံးရှေ့နေ

---

* ၁၉၈၄ ခုနှစ်၊ တရားမ ပြင်ဆင်မှု အမှတ် ၃၁

† ၁၉၇၉ ခုနှစ်၊ တရားမကြီးမှု အမှတ် ဂ တွင် ချမှတ်သော (၂၆ - ၄ - ၈၅) နေ့စွဲပါ စစ်ကိုင်းတိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၈၅

ဒေါ်ခွေးကြီး နှင့် ဦးမြမောင်

စစ်ကိုင်းတိုင်း တရားရုံးတွင် ကွယ်လွန်သူ ဒေါ်သန်းကြည် က ကွယ်လွန်သူ ဦးကံမြင့်၊ ဦးကောင်းညွန့်နှင့် ဦးဘသာတို့အပေါ် မြင်းမူမြို့၊ အကွက် နံပတ် ၆၊ မြောက်ရွာတောင် ဦးပိုင်နံပါတ် ၇၀၊ စာရင်းပေါက်သည့် မြေကို မိမိပိုင်ကြောင်းနှင့် မြေလခများ ရရှိခံစားထိုက်ကြောင်း မြွက်ဟကြေငြာပေးရန် တရားမကြီးမှု အမှတ် ၈/၇၉ အရ တရားစွဲဆိုခဲ့ရာ စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီရရှိခဲ့သည်။ စစ်ကိုင်းတိုင်း တရားရုံးတွင် အမှုရင်ဆိုင်နေစဉ် ဦးကံမြင့် ကွယ်လွန်ခဲ့သဖြင့် ဒေါ်ခွေးကြီးအား ၎င်း၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းခဲ့သည်။ စစ်ကိုင်းတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဒေါ်ခွေးကြီးက မကျေနပ်၍ ဗဟိုတရားရုံးသို့ အယူခံတက်သည့်အခါ ဤရုံးက မြေကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးရန်အပြင် လက်ရောက်ရလိုမှုပါ ထည့်သွင်း စွဲဆိုရန် လိုအပ်သဖြင့် ကွယ်လွန်သူ ဒေါ်သန်းကြည်၏ ကိုယ်စား ဦးမြမောင်အား အဆိုလွှာကို ဥပဒေနှင့်အညီ ပြင်ဆင်ခွင့်ပြုပြီး ဒေါ်ခွေးကြီးကိုလည်း ပြင်ဆင်ချက် ချေလွှာတင်လိုက တင်သွင်းခွင့် ပြုစေလျက် အမှုကို ဥပဒေနှင့်အညီ ဆက်လက် စစ်ဆေး စီရင်ဆုံးဖြတ်ရန် ညွှန်ကြားခဲ့သည့် အလျောက် ဒေါ်သန်းကြည်၏ တရားဝင်ကိုယ်စားလှယ် ဦးမြမောင်က တိုင်းတရားရုံးတွင် ပြင်ဆင် အဆိုလွှာ တင်သွင်းခဲ့သည်။ အလားတူပင် ဒေါ်ခွေးကြီးကလည်း ပြင်ဆင်ချေပလွှာ တင်သွင်းသည်။ ထိုသို့ချေပလွှာ တင်သွင်းရာ၌ ချေလွှာမှာ မူလချေလွှာနှင့် မတူညီတော့ပဲ ခုခံရေးလမ်းကြောင်း အသစ် ပြောင်းလဲခဲ့၍ ပြင်ဆင်သည့် ချေလွှာကို ခွင့်မပြုသင့်ကြောင်း ဦးမြမောင်တို့က ကန့်ကွက်ခဲ့သဖြင့် စစ်ကိုင်းတိုင်းတရားရုံးက ပြင်ဆင်ချက် ချေလွှာကို လက်ခံသင့် မသင့် နှစ်ဘက်အကျိုးဆောင်များ၏ လျှောက်လဲချက်ကို ကြားနာပြီး ပြင်ဆင်ချက် ချေလွှာသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၆၊ နည်း ၁၇ နှင့် မညီဟု သုံးသပ်ကာ ပယ်ခဲ့သည်။ ထိုအမိန့်ကို မကျေနပ်၍ ဒေါ်ခွေးကြီးက ဤပြင်ဆင်မှုကို တင်သွင်း လာခြင်းဖြစ်သည်။

မူလချေလွှာအပိုဒ် ၅ တွင် "ဦးဘိုးလူးသည်လည်းကောင်း၊ တရားလိုမသန်းကြည်သည် လည်းကောင်း၊ အငှားစာချုပ်များတွင် အမည်ပါနေခြင်းမှာ အမည်ငှားအဖြစ်ဖြင့် ထည့်သွင်းထားခြင်းသာ ဖြစ်ပါသည်" ဟု လည်းကောင်း၊ မူလချေလွှာအပိုဒ် ၇ တွင် "တရားလိုသည် အမည်ငှားဖြစ်သဖြင့် ပိုင်ဆိုင်ခွင့်မရှိပဲ တောင်းဆိုသောကြောင့် ၂-၃ တရားပြိုင်များက လခမပေးပဲ နေခဲ့ခြင်းဖြစ်သောကြောင့် ၁ တရားပြိုင်တွင် များစွာ နစ်နာပါသည်" ဟု လည်းကောင်း၊ မူလချေလွှာအပိုဒ် ၈ တွင်

၁၉၈၅
ဒေါ်ခွေးကြီး
နှင့်
ဦးမြမောင်

"မြေငှားခ မပေးခြင်းမှာ တရားလိုသည် ပိုင်ရေးပိုင်ခွင့် မရှိပဲ တောင်းဆို ခြင်းကြောင့် ၂-၃ တရားပြိုင်များက မပေးခြင်းသာ ဖြစ်ပါသည်"ဟု လည်းကောင်း ဖော်ပြထုချေခဲ့သည်။ သို့သော် ဒုတိယအကြိမ် တင်သွင်း ခဲ့သည့် ပြင်ဆင်ချေလွှာ အပိုဒ် ၅၊ ၇၊ ၈ တို့တွင် အထက်ပါ စကားရပ် များကို လုံး၀ဖော်ပြခြင်း မရှိတော့ပဲ မြုပ်ကွယ်၍ ထုချေခဲ့သည်။ မူလ ချေလွှာအပိုဒ် ၅၊ ၇၊ ၈ တို့ အရ အချင်းဖြစ် မြေကို ဦးတိုးလူးနှင့် ဒေါ်သန်းကြည်တို့ မပိုင်ကြောင်း၊ အမည်ငှားများ အဖြစ် စာချုပ်တွင် ၎င်းတို့၏ အမည်များကို ထည့်သွင်းထားခြင်းသာ ဖြစ်ကြောင်း၊ မြေငှား ခများကို တရားလိုသည် ပိုင်ရေးပိုင်ခွင့်မရှိပဲ တောင်းဆိုခြင်းဖြစ်ကြောင်း စသည်ဖြင့် ချေပခဲ့သော်လည်း ပြင်ဆင်ချေပလွှာအပိုဒ် ၅၊ ၇၊ ၈ တို့တွင် ထိုဇာတ်လမ်းကို မြုပ်ထားခဲ့ပြီး အချင်းဖြစ် မြေကို နှစ်ဦးအတူ ပူးတွဲ ပိုင်သည့် သဘောမျိုးချေပထား၍ ခုခံရေးလမ်းကြောင်း ပြောင်းထား ကြောင်း တွေ့ရသည်။ ဒေါ်ခွေးကြီး အနေနှင့် ပြင်ဆင်ချေပလွှာ တင်သွင်းခွင့်ရှိသည် မှန်သော်လည်း ခုခံရေးလမ်းကြောင်းကို မူပြောင်းလဲ ပိုင်ခွင့် မရှိပေ။ သို့ဖြစ်ရာ စစ်ကိုင်းတိုင်းတရားရုံးက ၎င်း၏ခုခံရေးလမ်း ကြောင်း ပြောင်းထားသည့် ပြင်ဆင်ချက် ချေလွှာကို ပယ်ခဲ့ခြင်းမှာ မှားသည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် စစ်ကိုင်းတိုင်းတရားရုံး၏ အမိန့်ကိုစွက်ဖက်ရန်အကြောင်း မရှိ၍ ဤပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခ ငွေကျပ် ၇၅/- သတ်မှတ်သည်။

# တရားမ ဒုတိယ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ်ဦးအေးမောင်နှင့်ဦးတင်အုန်း
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

†၁၉၇၅
ဇွန်လ
၁၀ ရက်

မောင် တင် အုန်း
နှင့်
မ အေး စန်း ပါ (၃)*

**ထိမ်းမြားမှု အထမြောက် မမြောက်ကိစ္စသည် အရွယ်ရောက်ခြင်းဆိုင်ရာ အက်ဥပဒေနှင့် မသက်ဆိုင်— မြန်မာစလေ့ ထုံးတမ်း ဥပဒေအရသာ အဆုံးအဖြတ်ပေးရခြင်း— အသက် ၂၀ မပြည့်သေးသော မိန်းကလေးသည် မိဘ၏ သဘောတူညီမှုဖြင့် တရားဝင် အိမ်ထောင်ပြုနိုင်ခြင်း— မယားခေါ်လိုမှုသည် မယားအပေါ် စွဲဆိုရန်ဖြစ်၍ ယောက္ခမအပေါ် စွဲဆိုရန် မဟုတ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။အရွယ်ရောက်ခြင်း ဆိုင်ရာအက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ထိမ်းမြားမှုနှင့် မသက်ဆိုင်ကြောင်း၊ ယင်းဥပဒေတွင် အတည့်အလင်းပြဋ္ဌာန်းထားသည်။ ထိမ်းမြားမှု အထမြောက် မမြောက် ကိစ္စကို ပဋိညာဉ် ဥပဒေအရ ဆုံးဖြတ်ရန် မဟုတ်ပဲ မြန်မာစလေ့ထုံးတမ်း ဥပဒေအရ အဆုံးအဖြတ်ပေးရန် ဖြစ်သည်။ ယင်း ဥပဒေအရဆိုလျှင် အိမ်ထောင်မကျဘူးသေးသော မိန်းကလေး တစ်ဦးသည် အသက် ၂၀ မပြည့်သေး စေကာမူ မိဘ၏ သဘောတူညီမှုဖြင့် တရားဝင်အိမ်ထောင် ပြုနိုင်သည်။ မောင်တင်အုန်းနှင့် မအေးစန်းတို့ ပေါင်းသင်းသည့်ကိစ္စကို မအေးစန်း၏ မိဘများက နောက်ပိုင်းတွင် သဘောတူညီခဲ့ကြသည်ဟု မှတ်ယူရန် အကြောင်းများ ပေါ်ပေါက်သည့် အလျောက် သူတို့စတင် ပေါင်းဖက်စဉ်ကပင် လင်မယားအရာ မြောက်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။မယားခေါ်လိုမှုကို မယားအပေါ် စွဲဆိုရန် ဖြစ်သည်။ ယောက္ခမအပေါ် စွဲဆိုရန် မဟုတ်ချေ။

---

* ၁၉၇၃ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၁၂၂

† ၁၉၇၃ ခုနှစ်၊ တရားမ အယူခံမှု အမှတ် ၄၀ တွင် ချမှတ်သော (၀-၀-၇၃) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

အယူခံတရားလို အတွက်—ဦးရဲထွန်း(ကိုယ်စား) ဦးကျော်ကျော်ဝင်း ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက်—ဦးညွန့်မြိုင်၊ ဗဟိုတရားရုံးရှေ့နေ

၁၉၈၅
မောင်တင်အုန်း
နှင့်
မအေးစန်း
ပါ(၃)

အယူခံတရားလို မောင်တင်အုန်းက အယူခံတရားပြိုင် မအေးစန်း၊ ဦးတင်ဝင်းနှင့် ဒေါ်လုံးခင်တို့အပေါ် ညောင်ဦးမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၉/၈၂ တွင် မယားခေါ်လိုမှု စွဲဆိုရာ အနိုင်ရရှိခဲ့သည်။ မအေးစန်းတို့က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် မန္တလေးတိုင်းတရားရုံးတွင် အယူခံဝင်သောအခါ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ပြီး မောင်တင်အုန်း စွဲဆိုသော အမှုကို ပလပ်လိုက်သဖြင့် မောင်တင်အုန်းက ဗဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းသည်။

မူလရုံးတရားလို မောင်တင်အုန်းက အဆိုလွှာတွင် မိမိနှင့် မအေးစန်းတို့သည် ချစ်ကြိုက်ခဲ့ရာမှ မအေးစန်းသည် ၁၈-၄-၈၂ နေ့တွင် မိမိနှင့် ခိုးရာလိုက်ပြေးပြီး တရားရုံးတွင် လက်ထပ်ခဲ့ကြောင်း၊ ၂၁-၄-၈၂နေ့၌ မအေးစန်းအား သူ၏မိဘများဖြစ်ကြသည့် ဦးတင်ဝင်းနှင့် ဒေါ်လုံးခင်တို့ထံ ရပ်ရွာထုံးစံနှင့်အညီ ပြန်အပ်ခဲ့ကြောင်း၊ ၂၉- ၄- ၈၂ နေ့၌ ညှိခံပွဲ ပြုလုပ်ရန် စီစဉ်ခဲ့ရာ မအေးစန်းသည် ၂၇-၄-၈၂ နေ့မှ စ၍ ပျောက်သွားကြောင်း၊ သို့ဖြစ်၍ မအေးစန်း မရှိပဲ ညှိခံပွဲ ကျင်းပခဲ့ရကြောင်း စသည်ဖြင့် အဆိုပြုကာ မအေးစန်းသည် မိမိနှင့် ပြန်လည်ပေါင်းသင်းစေလိုကြောင်းဖြင့် တရားစွဲဆိုလေသည်။

တရားပြိုင်တို့က အချေလွှာတွင်မအေးစန်းသည်အသက် ၁၈ နှစ်မပြည့်သေးကြောင်း၊ သို့ဖြစ်၍ မအေးစန်းသည် မောင်တင်အုန်း၏ တရားဝင်မယား မဟုတ်ကြောင်း စသည်ဖြင့် ထုချေလေသည်။

အယူခံတရားပြိုင်၏ ရှေ့နေက လျှောက်လဲရာတွင် မအေးစန်းအသက် ၁၈ နှစ် မပြည့်သေးသည်မှာ ထင်ရှားကြောင်း၊ ၂၁-၄-၈၂ နေ့က မအေးစန်းအား သူ၏မိဘများထံ ပြန်အပ်ခဲ့ကြောင်း၊ ၂၉-၄-၈၂ နေ့တွင် မင်္ဂလာဆောင်ရန် အစီအစဉ် ပြုလုပ်ခဲ့သော်လည်း သတို့သမီး မရှိသဖြင့် မင်္ဂလာပွဲ မကျင်းပနိုင်ကြောင်း၊ သို့ဖြစ်၍ မအေးစန်းသည်

၁၉၀၅
မောင်တင်
အုန်း
နှင့်
မအေးစန်း
ပါ(၃)

မောင်တင်အုန်း၏ မယားမဟုတ်ကြောင်း၊ မောင်တင်အုန်းသည် ဦးတင်ဝင်းတို့ အပေါ် မယားခေါ်လို့မှု စွဲဆိုခြင်းမှာလည်း မှားယွင်းကြောင်း စသည်ဖြင့် လျှောက်ထားသည်။

အမှုတွဲရှိ အထောက်အထားများအရ မောင်တင်အုန်းနှင့် မအေးစန်းတို့သည် တရားရုံးတွင် လက်ထပ်ခဲ့ကြကြောင်း ပေါ်ပေါက်သည်။ ထိုစဉ်က မအေးစန်းသည် အသက် ၂၀ မပြည့်သေးချေ။ မအေးစန်းသည် မောင်တင်အုန်းနှင့် ခိုးရာလိုက်ပြေးရာမှ သူတို့၏ ရွာသို့ ပြန်ရောက်သောအခါ မောင်တင်အုန်း ဘက်မှ မအေးစန်းအား ကျေးရွာလူကြီးများ ရှေ့တွင် မအေးစန်း၏ မိဘများထံသို့ အခမ်းအနားဖြင့် ပြန်အပ်ခဲ့သည်။ ယင်းအခမ်းအနားတွင် မင်္ဂလာစကား ပြောသော ဦးဘလွန်း (ပြိုင်ပြသက်သေ)က အောက်ပါအတိုင်း ထွက်ဆိုသည်—

"ဦးတင်ဝင်းအိမ်တွင် နှစ်ဘက်ပရိသတ်စုံသောအချိန် မင်္ဂလာစကား ပြောကြားခဲ့ပါသည်။ ဓလေ့ထုံးစံအရ မင်္ဂလာစကား မပြောမီ သတိုးသမီး၊ သတိုးသား ပုဆိုးတမ်းတင်လင်မယားဖြစ်နိုင်ရန် နှစ်ဘက်မိဘအုပ်ထိန်းမှုမှ ကင်းလွတ်ခွင့်ပြုရန် ပန်ကြားပါသည်။ မင်္ဂလာစကားပြောပြီး ၎င်းတို့နှစ်ဦးမှ မိဘလူကြီးတို့အား ကန်တော့စေခဲ့ပါသည်။ ကန်တော့ပွဲ ၁၁ ပွဲပါရှိပြီး ကန်တော့ကြပါသည်။ ထို့နောက် သတိုးသားဘက်မှ ရွှေဆွဲကြိုး ၆ မူးသား တစ်ကုံးနှင့် ကိုင်းမြေ တစ်ဧကခေါ် ငါးလန်တကျိုး လက်ဖွဲ့ပါသည်။"

မအေးစန်း၏ဖခင် ဦးတင်ဝင်းကလည်း "၂၁-၄-၀၂ နေ့ ညနေ ၅နာရီအချိန်ခန့်တွင် ကန်တော့ပွဲ ၁၀ ပွဲနှင့်အတူ သမီးအား ကျွန်တော့် အိမ်သို့ ပြန်လည်အပ်နှံခဲ့ပါသည်" ဟု ထွက်ဆိုသည်။

မအေးစန်း၏ မိဘများသည် မိမိတို့၏ သမီးနှင့် နှစ်ဦး သ ဘော တူ လင်မယားအဖြစ် ပေါင်းသင်းခဲ့သူက မိမိတို့၏သမီးကို မိမိတို့အား ပြန်လည်အပ်နှံခြင်းကို ကောင်းမွန်စွာလက်ခံခဲ့ကြောင်း ပေါ်ပေါက်သည့်ပြင် မောင်တင်အုန်းနှင့် မအေးစန်းတို့က လူကြီးစုံရာရှေ့တွင် ရပ်ရွာထုံးစံနှင့်အညီ ကန်တော့ခြင်းကို လက်ခံခဲ့ကြကြောင်း ပေါ်ပေါက်သည်။ သို့ဖြစ်ရာ ထိုနေ့မတိုင်မီက သူတို့နှစ်ဦး ပေါင်းသင်းခဲ့ခြင်းကို သဘောတူညီခဲ့သည်ဟု မှတ်ယူရပေမည်။

၁၉၇၅
မောင်တင်
အုန်း
နှင့်
မအေးစန်း
ပါ (၃)

တိုင်းတရားရုံးက မအေးစန်းသည် သက်သေခံ(က)ထိမ်းမြား ကတိစာချုပ်ကို လက်မှတ်ရေးထိုးစဉ်က အရွယ်မရောက်သေး၍ လက်ထပ်မှုပဋိညာဉ်မှာ ပျက်ပြယ်ကြောင်း သုံးသပ်သည်။ အရွယ်ရောက်ခြင်းဆိုင်ရာအက်ဥပဒေပါပြဋ္ဌာန်းချက်များသည် ထိမ်းမြားမှုနှင့်မသက်ဆိုင်ကြောင်း၊ ယင်းဥပဒေတွင် အတည့်အလင်းပြဋ္ဌာန်းထားသည်။ ထိမ်းမြားမှု အထမြောက် မမြောက်ကိစ္စကို ပဋိညာဉ်ဥပဒေအရ ဆုံးဖြတ်ရန်မဟုတ်ပဲ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အဆုံးအဖြတ်ပေးရန် ဖြစ်သည်။ ယင်းဥပဒေအရဆိုလျှင် အိမ်ထောင်မကျဘူးသေးသော မိန်းကလေး တစ်ဦးသည် အသက် ၂၀ မပြည့်သေးစေကာမူ မိဘ၏သဘောတူညီမှုဖြင့် တရားဝင်အိမ်ထောင်ပြုနိုင်သည်။ မောင်တင်အုန်းနှင့် မအေးစန်းတို့ ပေါင်းသင်းသည့်ကိစ္စကို မအေးစန်း၏မိဘများက နောက်ပိုင်းတွင် သဘောတူညီခဲ့ကြသည်ဟုမှတ်ယူရန်အကြောင်းများ ပေါ်ပေါက်သည့်အလျောက် သူတို့စတင်ပေါင်းဖက်စဉ်ကပင် လင်မယားအရာမြောက်ပေသည်။

၂၉-၄-၇၂ နေ့၌ အခမ်းအနားပြုလုပ်ရန်စီစဉ်ခြင်းမှာ သက်သေခံဖိတ်စာအရ ဧည့်ခံပွဲကျင်းပရန်ဖြစ်ပေသည်။ ထိုနေ့မတိုင်မီက မောင်တင်အုန်းနှင့် မအေးစန်းတို့သည် တရားရုံးတွင် ထိမ်းမြားကတိစာချုပ်ကို လက်မှတ်ရေးထိုး၍ပေါင်းသင်းခဲ့ကြသည့်အပြင် မအေးစန်း၏မိဘများက နောက်ပိုင်း၌ သဘောတူညီခဲ့သည်ဖြစ်၍ ၂၉-၄-၇၂ နေ့၌ ကျင်းပသော အခမ်းအနားတွင် မအေးစန်းပါဝင်ခြင်းမရှိစေကာမူ ထိုနေ့မတိုင်မီက လင်မယားအဖြစ် ရောက်ရှိခဲ့ခြင်းကို ပျက်ပြယ်စေခြင်းမရှိချေ။

မယားခေါ်လိုမှုကို မယားအပေါ်စွဲဆိုရန်ဖြစ်သည်။ ယောက္ခမအပေါ်စွဲဆိုရန်မဟုတ်ချေ။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး မြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အမိန့်နှင့်ဒီကရီတွင် ပါရှိသည့် ဦးတင်ဝင်းနှင့် ဒေါ်လုံးခင်တို့၏ အမည်များကို ဖယ်ထုတ်၍ တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပြန်လည်အတည်ပြုလိုက်သည်။ ရှေ့နေခ ကျပ် ၅၀/- သတ်မှတ်သည်။

# တရားမ အထွေထွေလျှောက်လွှာ

## ဥက္ကဋ္ဌအဖြစ် ဦးမြကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့် ဦးတင်အုန်း တို့ ပါဝင်သော ဗဟိုတရား စီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၅ မေလ ၂၃ ရက်

ဗဟိုတရားရုံး ရှေ့နေ တစ်ဦး ကိစ္စ *

**တရားရေးဝန်ထမ်းများ၏ အကြံပေးချက်— မှားယွင်းသည့် တိုင်အောင် တရားမကြောင်းအရ စွဲဆိုရန်မဟုတ်—တရားရေးဝန်ထမ်းသည် တရား စီရင်ရေး အဖွဲ့ကိုသာ တာဝန်ခံရသည်ဖြစ်၍ မိမိ၏ အကြံပြုချက်နှင့် စပ်လျဉ်း၍ အမှုသည်အား ဖြေရှင်းရန် တာဝန်မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားမမှုတစ်မှုတွင် တရားရေးဝန်ထမ်းတစ်ဦးသည် ပြည်သူ့တရားသူကြီးအဖွဲ့၏ညွှန်ကြားချက်အမှတ်(၂)နှင့်အညီ မိမိဉာဏ်မီ သမျှအကြံဉာဏ်ပေးရန်ဖြစ်ပေသည်။ ထိုအကြံပေးချက်မှာ မှန်သည်လည်း ရှိမည် မှားသည်လည်းရှိမည်။ တရားစီရင်ရေးအဖွဲ့သည် တရားရေးဝန်ထမ်း အကြံပေးသည့်အတိုင်း အမှုကိုဆုံးဖြတ်ရန် တာဝန်မရှိ၊ အမှုတွဲတွင် ပေါ်ပေါက်သော သက်သေခံအထောက်အထားများ၊ နှစ်ဘက်အမှုသည် တို့၏လျှောက်လဲချက်များနှင့် တရားရေးဝန်ထမ်း၏အကြံပေးချက်များကို လေ့လာစိစစ်ပြီး အမှုကို အဆုံးအဖြတ်ပေးရန်ဖြစ်သည်။ ဦးလှမြင့်ဝင်း သည် ဦးအာဇစ် စွဲဆိုသောအမှုကို အဘယ်ကြောင့် ပလပ်သင့်ကြောင်း အကျိုးအကြောင်းဖော်ပြ၍အကြံပြုခဲ့သည်ဖြစ်ရာ တရားရေးဝန်ထမ်းများ အား ကာကွယ်စောင့်ရှောက်သည့် အက်ဥပဒေပုဒ်မ ၁ ၏ အကာအကွယ် ကို ရထိုက်သည်ဖြစ်၍ သူ၏ အကြံပြုချက်များ မှားယွင်းသည့်တိုင်အောင် သူ့အပေါ် တရားမကြောင်းအရ တရားစွဲဆိုနိုင်မည် မဟုတ်ချေ။ ထို့အပြင် တရားရေးအကြံပေးတစ်ဦးသည် မိမိအကြံပြုချက်နှင့်စပ်လျဉ်း ၍ သက်ဆိုင်ရာ တရားစီရင်ရေး အဖွဲ့ကိုသာ တာဝန်ခံရသည်ဖြစ်ရာ အမှုသည် တဦးဦးအား မိမိ အကြံပြုချက်နှင့် စပ်လျဉ်း၍ ဖြေရှင်းရန် တာဝန်မရှိချေ။

---

* ၁၉၇၅ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ အမှတ် ၉

† ဗဟိုတရားရုံး ရှေ့နေ ဦးတင်ဝင်း ၏ အပြုအမူ များနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခဲ့သော စုံစမ်းစစ်ဆေးမှုနှင့်ပတ်သက်၍ ဖွင့်လှစ်သော အမှု။

၁၉၇၅
ဗဟိုတရားရုံး
ရွှေနေတစ်ဦး
ကိစ္စ

လျှောက်ထားသူအတွက် — ဦးသိန်းအောင်၊
ဥပဒေဝန်ထမ်း အဆင့်(၁)

လျှောက်ထားခံရသူအတွက် — ဦးချန်ထွန်းအောင်(ကိုယ်စား)
ဦးအောင်မြင့်၊ဗဟိုတရားရုံးရှေ့နေ

မွန်ပြည်နယ်တရားရုံး၊တရားမကြီးမှုအမှတ် ၃၂(မ)/၇၃ တွင် ဦးအာဇစ်(ခ)ဦးစိန်ဝင်းက ဒေါ်ဟဝါဘီပါ ၂ ဦးတို့အပေါ် မော်လမြိုင်မြို့၊ ဒေါင်းမင်းရပ်ရှိ အိမ်ခန်းအမှတ်(၆၀)တွင် တရားဝင်နေထိုင်ခွင့်ရှိသူဖြစ်ကြောင်း မြွက်ဟကြေငြာပေးရန် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ အရ တရားစွဲဆိုခဲ့သည်။ ထိုအမှုတွင် အကြံပေးအဖြစ် တရားရေးဝန်ထမ်း အဆင့်(၁)ဦးလှမြင့်ဝင်းက ဆောင်ရွက်ခဲ့သည်။ ဦးအာဇစ်(ခ) ဦးစိန်ဝင်း၏ အကျိုးဆောင်အဖြစ် လျှောက်ထားခံရသူ ဗဟိုတရားရုံးရှေ့နေ ဦးတင်ဝင်းက လိုက်ပါဆောင်ရွက်ခဲ့သည်။

အမှုတွင် တရားရေးဝန်ထမ်းအဆင့်(၁)ဦးလှမြင့်ဝင်းက အောက်ပါအတိုင်း အကြံပြုတင်ပြခဲ့သည်။

> "တရားလိုသည် အချင်းဖြစ်အခန်း၌ နေထိုင်ပိုင်ခွင့် သဘောရိုးဖြင့် ရယူလိုလျှင် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၃(၁)အရ ငှားရမ်းခကြီးကြပ်မှုကော်မီတီကို လျှောက်ထားနိုင်ခွင့် ရှိပါသည်။ သို့မဟုတ် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇၃ (၃) အရ နိုင်ငံတော်ကောင်စီ၌ မြို့နယ်ငှားရမ်းခကြီးကြပ်ရေး ကော်မတီမှ ချမှတ်သောအမိန့်အား ကျေနပ်မှုမရှိပါက လျှောက်ထားနိုင်ခွင့်ရှိပါသည်။ တရားလိုအနေဖြင့် ဖော်ပြပါအတိုင်း သက်သာခွင့် လျှောက်ထားနိုင်၍သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ၄၂ အရ တရားစွဲဆိုရန်မလိုပါ။ သို့ဖြစ်၍ ငြင်းချက်အမှတ် (၁)အား တရားလို၏ အမှုစွဲဆိုရန် အခွင့်အရေးမရှိဆိုခြင်းမှာ မှန်ကြောင်း ဖြေကြားပါသည်။"

မွန်ပြည်နယ်တရားရုံးက ဦးအာဇစ်၏အမှုကို ပလပ်လိုက်သည်။ထိုအခါ ဦးတင်ဝင်းက ဦးလှမြင့်ဝင်းထံ ထိုသို့ အကြံပြုတင်ပြရာ၌ မည်သည့်ဥပဒေများနှင့် မည်သည့်အခွင့်အာဏာများအရ အကြံပေးခဲ့သည်ကို စာရသည့်

၁၉၇၅
ဗဟိုတရားရုံး
ရွှေနေတစ်ဦး
ကိစ္စ

နေ့မှ ၇ ရက်အတွင်း ပြန်ကြားပေးရန်၊ ၇ ရက်အတွင်း အကြောင်း မပြန်လျှင် သူ၏အမှုသည်မှ ဥပဒေအရ လိုအပ်သလိုအရေးယူပြီး နစ်နာမှုအတွက် လျော်ကြေးပေးရမည် ဖြစ်ကြောင်း၊ တရားမရုံး အနေဖြင့် လုပ်သားပြည်သူများ၏ အခွင့်အရေးကို ငြင်းပယ်ခွင့်မရှိကြောင်း၊ တရားရေးဝန်ထမ်းအနေဖြင့် မှန်ကန်သည့် အကြံပေးချက်ကိုသာ မလွဲမသွေ ပေးရမည်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြ၍ နို့တစ်ပေးခဲ့သည်။ ဦးလှမြင့်ဝင်းက ယင်းကိစ္စကို လိုအပ်သလို အရေးယူ ဆောင်ရွက်ပေးပါရန် တင်ပြလာသဖြင့် ဦးတင်ဝင်း၏ ပြုမူဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့တရားသူကြီးအဖွဲ့က ခုံအဖွဲ့ ဖွဲ့၍ စုံစမ်းစစ်ဆေးခဲ့သည်။ ခုံအဖွဲ့က စုံစမ်းမှုပြုပြီးနောက် အောက်ပါအတိုင်း ပြန်လည်အစီရင်ခံသည်—

(၁) မည်သည့်တည်ဆဲ ဥပဒေ ကမျှ တရားရေး ဝန်ထမ်း တဦးအပေါ် ရှေ့နေမှ နို့တစ် စာမပေးရ ဟုလည်းကောင်း၊ ယင်းဝန်ထမ်း၏ ဥပဒေအကြံပြုချက် မှားယွင်းသဖြင့် ရှေ့နေမှ နို့တစ်စာ မပေးရ၊တရားမစွဲရဟုလည်းကောင်း၊တားမြစ်ထားသည်ကို မတွေ့ရသဖြင့် တရားရေး ဝန်ထမ်း ဦးလှမြင့်ဝင်း အပေါ် ဗဟိုတရားရုံး ရှေ့နေ ဦးတင်ဝင်းက နို့တစ်စာပေးခြင်းသည် အပြစ်ရှိသည်ဟု မယူဆနိုင်ပေ။

(၂) သို့ရာတွင် တရားရေးဝန်ထမ်း တစ်ဦးသည် အမှုကို လေ့လာ၍ မိမိတွေ့ရှိ သုံးသပ်ယူဆသည့်အတိုင်း ဥပဒေအကြံပေးခွင့် ရှိပါသည်။ ထိုအကြံပေးချက်မှာ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ တရားစီရင်ရေး အဖွဲ့က ယင်းအကြံပေးချက်ကို လက်ခံသည် ဖြစ်စေ၊ မခံသည် ဖြစ်စေ ထိုအကြံပေးချက် အပေါ် မှားယွင်းသည်ဟု ယူဆပြီး နို့တစ်စာပေး၍ အရေးယူလိုခြင်းသည် တရားရေး ဝန်ထမ်း၏ လွတ်လပ်စွာ အကြံပေး ဆောင်ရွက်ခွင့်ကို ဝင်ရောက် စွက်ဖက်ရာ ရောက်နေပါသည်။

(၃) ထို့ကြောင့် ဦးတင်ဝင်းအား နောင်တွင် ဤသို့မပြုသင့်ကြောင်း သတိပေးသင့်သည်ဟု ယူဆပါသည်။

ဦးတင်ဝင်းက ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၀၁ (ဃ)၊ ၁၆၄ (က) နှင့် ၁၆၅၊ နိုင်ငံသားများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ

၁၇ နှင့် တရားမကျင့်ထုံးဥပဒေပုဒ်မ ၈၀ တို့အရ နို့တစ်ပေးပိုင်ခွင့်ရှိကြောင်း၊ အမှုသည် ဦးအာဇစ်၏ ညွှန်ကြားချက်အရ ဦးလှမြင့်ဝင်းထံ လူပုဂ္ဂိုလ်အနေဖြင့် ပေးသော စာသာဖြစ်သည်ဟု ကောက်ယူသင့်ပြီး၊ တရားရေးဝန်ထမ်း၏ လွတ်လပ်စွာအကြံပေးဆောင်ရွက်ခွင့်ကို ဝင်ရောက်စွက်ဖက်ရာ ရောက်သည်ဟု ယူဆနိုင်ရန် ခဲယဉ်းကြောင်းဖြင့် ဗဟိုတရားရုံးရှေ့နေများ ကောင်စီ၊ ခုံရုံးရှေ့မှောက်တွင် ထုချေရာ၌ လည်းကောင်း ယခုအမှုအတွက် ရေးသားလျှောက်လဲချက် ပေးရာတွင် လည်းကောင်း တင်ပြထုချေသည်။ ၁၉၈၅ ဗဟိုတရားရုံး ရှေ့နေတစ်ဦး ကိစ္စ

ဥပဒေဝန်ထမ်း အဆင့်(၁) ဦးသိန်းအောင်က မှန်ပြည်နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၃၂(မ)/၈၃ တွင် ပြည်သူ့တရားသူကြီး အဖွဲ့၏ ညွှန်ကြားချက်အမှတ် (၂)နှင့်အညီ အကြံပေးသော ဦးလှမြင့်ဝင်းသည် တရားရေးဝန်ထမ်းများအား ကာကွယ်စောင့်ရှောက်သည့် အက်ဥပဒေ (**The Judicial Officers Protection Act**) ပုဒ်မ ၁ တွင် ပြဋ္ဌာန်းပါရှိသည့် (**other person acting judicially**)ဆိုသည့် စကားရပ်တွင် အကျုံးဝင် သက်ဆိုင်သည်ဖြစ်၍ တရားမကြောင်းအရ သူ့အပေါ် တရားစွဲဆိုခွင့် မရှိဟု သဘောရရှိကြောင်း၊ မိမိနိုင်စွမ်းသမျှ သဘောရိုးဖြင့် ဆောင်ရွက်ခြင်းဖြစ်၍ ၁၉၇၅ ခုနှစ်၊ နိုင်ငံသားများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေပုဒ်မ ၁၈ အရ အကာအကွယ် ရထိုက်ကြောင်း၊ ယင်းသို့ ဥပဒေအရ ကာကွယ်မှု ရထိုက်မှန်း သိနိုင်ရန် အကြောင်းရှိလျက်နှင့် နို့တစ်စာပေး၍ အနှောင့်အယှက် ပြုသည့် ဗဟိုတရားရုံးရှေ့နေ ဦးတင်ဝင်း၏ အပြုအမူမှာ ဗဟိုတရားရုံးရှေ့နေများ ကောင်စီဥပဒေပုဒ်မ ၁၀ (၁)အရ အပြစ်မကင်းဟု သဘော ရရှိကြောင်းဖြင့် ဗဟိုတရားစီရင်ရေး အဖွဲ့သို့ တင်ပြလျှောက်လဲသည်။

တရားမမှု တစ်မှုတွင် တရားရေးဝန်ထမ်းတစ်ဦးသည် ပြည်သူ့တရားသူကြီးအဖွဲ့၏ ညွှန်ကြားချက် အမှတ်(၂)နှင့်အညီ မိမိဉာဏ်မီသမျှ အကြံဉာဏ်ပေးရန် ဖြစ်ပေသည်။ ထိုအကြံပေးချက်မှာ မှန်သည်လည်းရှိမည်။ မှားသည်လည်းရှိမည်။တရားစီရင်ရေးအဖွဲ့သည် တရားရေးဝန်ထမ်း အကြံပေးသည့်အတိုင်း အမှုကို ဆုံးဖြတ်ရန်တာဝန်မရှိ၊ အမှုတွဲတွင်ပေါ်ပေါက်သော သက်သေခံ အထောက် အထားများ၊ နှစ်ဘက် အမှုသည်တို့၏ လျှောက်လဲချက်များနှင့် တရားရေးဝန်ထမ်း၏ အကြံပေးချက်များကို

၁၉၇၅
ဗဟိုတရားရုံး ရှေ့နေတစ်ဦး ကိစ္စ

လေ့လာစိစစ်ပြီး အမှုကို အဆုံးအဖြတ်ပေးရန် ဖြစ်သည်။ ဦးလှမြင့်ဝင်းသည် ဦးအာဇစ် စွဲဆိုသောအမှုကို အဘယ်ကြောင့် ပလပ်သင့်ကြောင်း အကျိုးအကြောင်း ဖော်ပြ၍ အကြံပြုခဲ့သည်ဖြစ်ရာ တရားရေးဝန်ထမ်းများအား ကာကွယ်စောင့်ရှောက်သည့် အက်ဥပဒေပုဒ်မ ၁ ၏ အကာအကွယ်ကို ရထိုက်သည် ဖြစ်၍ သူ၏အကြံပြုချက်များ မှားယွင်းသည့်တိုင်အောင် သူ့အပေါ် တရားမကြောင်းအရ တရားစွဲဆိုနိုင်မည် မဟုတ်ချေ။ ထို့အပြင် တရားရေးအကြံပေးတစ်ဦးသည် မိမိအကြံပြုချက်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တရားစီရင်ရေးအဖွဲ့ကိုသာ တာဝန်ခံရသည်ဖြစ်ရာ အမှုသည်တဦးဦးအား မိမိအကြံပြုချက်နှင့် စပ်လျဉ်း၍ ဖြေရှင်းရန်တာဝန် မရှိချေ။ ဤဥပဒေ သဘောတရားများကို ဥပဒေပညာရှင် ဖြစ်သည့် ဦးတင်ဝင်း သိကောင်းသည်။ သို့ဖြစ်ရာ ဦးတင်ဝင်းက ဦးလှမြင့်ဝင်းထံမှ ဖြေရှင်းချက် တောင်းခြင်းသည် စုံစမ်းစစ်ဆေးရေး ခုံအဖွဲ့က ထင်မြင်သည့်အတိုင်း တရားရေးဝန်ထမ်း တဦးအနေဖြင့် လွတ်လပ်စွာ အကြံပြုခွင့်ကို စွက်ဖက်ဟန့်တားရာ ရောက်သည်ဟု ဆိုရပေမည်။

သို့ဖြစ်၍ လျှောက်ထားခံရသူ ဗဟိုတရားရုံးရှေ့နေ ဦးတင်ဝင်း၏ ပြုမူဆောင်ရွက်ချက်သည် ဗဟိုတရားရုံးရှေ့နေ တဦးအနေဖြင့် မလုပ်သင့်၊ မလုပ်ထိုက်သော အမှုကို ပြုရာရောက်သဖြင့် ဗဟိုတရားရုံး ရှေ့နေများ ကောင်စီဥပဒေပုဒ်မ ၁၀(၁)အရ ငြိစွန်းသည်ဟု ကောက်ယူရပေသည်။

ထို့ကြောင့် လျှောက်ထားခံရသူ ဗဟိုတရားရုံးရှေ့နေ ဦးတင်ဝင်းအား ယခုကဲ့သို့ ပြုမူဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်ရန် သတိပေးလိုက်သည်။ စရိတ်မရှိ။

## တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးမြကျော်၊အဖွဲ့ဝင်များအဖြစ် ဦးအေးမောင်နှင့် ဦးတင်အုန်း တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဒေါ် ဟ ဝါဘီ(ခ) ဒေါ် ခင် ရီပါ(၅)

နှင့်

ဦး ဘ အေး *

†၁၉၈၅ ဧပြီလ ၂၅ ရက်

**တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၄— အယူခံဝင်သော ဒီကရီသည် တရားပြိုင်အားလုံးနှင့် သက်ဆိုင်လျှင် တရားပြိုင် တဦးဦး က ဒီကရီတရပ်လုံးကို အယူခံဝင်ရောက်နိုင်ခြင်း— တရားရုံးက ကျန် တရားပြိုင်အားလုံး၏ အကျိုးအတွက် ပယ်ဖျက်ပေး ရခြင်း၊**

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၄ တွင် အယူခံဝင်သော ဒီကရီသည် တရားပြိုင်အားလုံးနှင့် သက်ဆိုင်သည့် တူညီသောအချက်အပေါ် အခြေခံသည့်ဒီကရီဖြစ်လျှင် တရားပြိုင်များအနက် တဦးဦးသည် ဒီကရီတရပ်လုံးကို အယူခံ ဝင်ရောက်နိုင်ကြောင်း၊ ထိုသို့ အယူခံဝင်သည့်အမှုတွင် အယူခံရုံးသည် ဒီကရီကို တရားပြိုင် အားလုံး၏ အကျိုးအတွက် ပယ်ဖျက်နိုင်ကြောင်း၊ သို့မဟုတ် ပြင်ဆင်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ အယူခံတရားပြိုင် ဦးဘအေးက တရားလိုပြုလုပ်ပြီး အချင်းဖြစ်ဥပစာနှင့်စပ်လျဉ်း၍ ငှားရမ်းခများကို ပေးရန်ပျက်ကွက်သည် ဆိုသည့် တူညီသောအချက်အပေါ် အခြေခံ၍ အယူခံတရားလိုများဖြစ် ကြသည့် ဒေါ်ဟဝါဘီ၊ မောင်အုန်းဖေ(ခ) စဒစ်၊ မခင်ညိမ်း၊ မကြူ ကြူနှင့် ကိုမဂျစ်တို့အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီး ကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က)အရ နှင်လိုမှုစွဲဆိုခဲ့သဖြင့် မူလ မြို့နယ်တရားရုံးက အနိုင်ဒီကရီ ချမှတ်ခဲ့ခြင်းဖြစ်သည်။ တိုင်းတရားရုံး ကလည်း မြို့နယ်တရားရုံး ၏ စီရင်ချက် နှင့် ဒီကရီကို အတည်ပြုခဲ့ပြီး ဖြစ်ပေသည်။ ဒီကရီမှာ ဦးဘအေးက တရားမဝင်သည့် နို့တစ်စာကို

---

* ၁၉၈၃ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၁၀၇

† ၁၉၈၃ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၀ တွင် ချမှတ်သော (၄-၅-၈၃) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၇၅
ဒေါ်ဟဝါဘီ
(ခ)ဒေါ်ခင်
ရီပါ(၅)
နှင့်
ဦးဘအေး

အခြေခံ၍ စွဲဆိုပြီး အနိုင်ရရှိထားသည့် ဒီကရီဖြစ်သဖြင့် ယင်းဒီကရီကို တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁ နည်း ၄ ပါ ပြဋ္ဌာန်းချက်နှင့် အညီ အယူခံတရားလို မောင်အုန်းဖေ(ခ)စဒစ်နှင့် ကျန်တရားပြိုင်ဒေါ်ဟဝါဘီ၊ မခင်ညိမ်း၊ မကြူကြူနှင့် ကိုမဂျစ်တို့အားလုံး၏ အကျိုးအတွက် ပယ်ဖျက်ရန်ရှိပေသည်။

အယူခံတရားလိုများအတွက် — ဦးညွန့်မြိုင်(ကိုယ်စား)
ဦးလွန်းမောင်၊ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် — ကိုယ်တိုင်

မန္တလေးအရှေ့မြောက်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၀/၇၃ တွင် အယူခံတရားပြိုင် ဦး ဘ အေး က တ ရား လိုပြုလုပ်၍ အယူခံတရားလို ဒေါ်ဟဝါဘီ (ခ) ဒေါ်ခင်ရီ၊ မောင်အုန်းဖေ (ခ) စဒစ်၊ မခင်ညိမ်း၊ မကြူကြူနှင့်ကိုမဂျစ်တို့အပေါ် ၁၉၆၀ ပြည့်နှစ်မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) အရ နှင်လိုမှု စွဲဆိုရာ အနိုင်ဒီကရီရရှိခဲ့သည်။ ဒေါ်ဟဝါဘီတို့က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို မကျေနပ်သည့်အတွက် မန္တလေးတိုင်း တရားရုံး၌ အယူခံဝင်ရာ ပလပ်ခြင်းခံရသောကြောင့် ဗဟိုတရားရုံးတွင် ဤအယူခံကို ဆက်လက်တင်သွင်းသည်။

ဦးဘအေးက အဆိုလွှာတွင် အချင်းဖြစ်အိမ်ကို ၃၀-၁၀-၆၄ နေ့က ဟာဂျီမိုဟာမက်မှ တဆင့် လွှဲပြောင်းရယူခဲ့သည့်အချိန်မှစ၍ အင်္ဂလိပ်လဆန်း ၁ရက်နေ့မှစတင်၍တစ်လလျှင် ငှားရမ်းခငွေကျပ် ၆၀/-နှုန်းဖြင့် ဒေါ်ဟဝါဘီတို့အား ငှားရမ်းခဲ့ကြောင်း၊ဒေါ်ဟဝါဘီတို့သည် အိမ်ငှားရမ်းခကို တစ်လသာပေးပြီး၊၃၁-၃-၇၂ ရက် ကုန်ဆုံးသည်အထိမပေးပဲ၊ ပျက်ကွက်ခဲ့ကြောင်း၊ တရားဥပဒေနှင့်အညီ ရထိုက်သော ၁၉၆၉ ခုနှစ်၊ မေလမှ ၁၉၇၂ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ ၃၅လအတွက် ငွေကျပ် ၂၁၀၀/-ကိုအကျိုးဆောင်မှတဆင့်နို့တစ်စာပေးပို့တောင်းခံသော်လည်း နို့တစ်စာကို လက်မခံပဲငြင်းဆိုခဲ့သည့်အပြင်ငှားရမ်းခ ကျန်ငွေများကိုပေးဆောင်ခြင်းလည်း မပြုကြောင်း အဆိုပြုလျက် ဒေါ်ဟဝါဘီတို့ ၅ ဦး အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (က) အရ နှင်လိုမှု စွဲဆိုသည်။

ဒေါ်ဟဝါဘီတို့က ဦးဘအေး၏အဆိုပြုချက်များကို ဝန်မခံခဲ့ပေ။ ၁၉၇၅ ဒေါ်ဟ ဝါဘီ (ခ) ဒေါ်ခင် ရီပါ (၅) နှင့် ဦးဘအေး

မြို့နယ်တရားရုံးက ငြင်းချက်များထုတ်၍ အမှုကို ကြားနာစစ်ဆေးပြီး ဦးဘအေးအား အနိုင်ဒီကရီ ချမှတ်ပေးခဲ့သည်။ ဒေါ်ဟဝါဘီတို့က တိုင်းတရားရုံးသို့ အယူခံဝင်ရောက်ခဲ့သော်လည်း တိုင်းတရားရုံးက အယူခံကို ပလပ်ခဲ့လေသည်။

ဒေါ်ဟဝါဘီတို့က နို့တစ်စာမှာ တရားမဝင်ကြောင်း အယူခံတွင် တင်ပြသည်။

နို့တစ်စာ တရားမဝင်ဆိုသည့်အချက်နှင့်စပ်လျဉ်း၍ မူလတရားရုံးနှင့် ပထမ အယူခံတရားရုံးတို့တွင် တင်ပြခြင်းမပြုခဲ့သည့်အတွက် ဒုတိယအယူခံမှုတွင် တင်ပြခြင်းမပြုနိုင်ကြောင်း အယူခံတရားပြိုင်ဘက်မှ တင်ပြသည်။ နို့တစ်စာ တရားဝင်၊ မဝင်ဆိုသည့် အချက်မှာ ဥပဒေကြောင်းဆိုင်ရာ ပြဿနာဖြစ်ပေသည်။ ဥပဒေကြောင်းဆိုင်ရာပြဿနာကို မူလတရားရုံးနှင့် ပထမအယူခံတရားရုံးတို့တွင် တင်ပြခဲ့ခြင်း မရှိစေကာမူ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၀ အရ တင်သွင်းသည့် ဒုတိယအယူခံမှုတွင် တင်ပြနိုင်ခွင့် ရှိပေသည်။

ဤအမှုတွင် အဓိကသုံးသပ်ရန်အချက်မှာ ဦးဘအေးက ဒေါ်ဟဝါဘီတို့ထံသို့ ပေးပို့ခဲ့သော နို့တစ်စာမှာ ဥပဒေနှင့်ညီ ညွတ်ခြင်းရှိမရှိဆိုသည့် အချက်ပင် ဖြစ်သည်။

ဦးဘအေးတင်သွင်းသည့်အဆိုလွှာအပိုဒ်(၆)တွင် အောက်ပါအတိုင်း ဖော်ပြထားသည်—

"၆။ ဤအမှု၏ အမှုအချင်းဖြစ်အကြောင်းအရာမှာ တရားလိုက(၁)တရားပြိုင်အပေါ်တွင်အိမ်လခတစ်လ ငွေ ၆၀/-ကျနှင့် ၃၅ လတွက် ငွေ ၂၁၀၀/- ရရန် ကျန်ရှိနေရာ ထို ငွေ များ ကို ရက်သတ္တ-၃ ပတ်အတွင်း ပြေလည်အောင် ပေးဆပ်ရန်နှင့် မပေးဆပ်ပါက ထိုအိမ်မှ ၁၉၇၂ ခု မတ်လ ၃၁ရက်နေ့ ကုန်ဆုံးသော အချိန်တွင် ထိုအိမ်မှ ထွက်ခွာသွားရန် ၁၀-၁-၇၂ နေ့က

၁၉၇၅
ဒေါ်ဟဝါဘီ
(ခ) ဒေါ်ခင်
ရီပါ (၅)
နှင့်
ဦးဘအေး

နို့တစ်စာပေး၍ အကြောင်းကြားပါသော်လည်း တရားပြိုင်တို့သည် နို့တစ်စာကိုမယူပဲ ငြင်းဆန်လိုက်ပါသောကြောင့် ၎င်းနေ့များကစ၍ အချင်းဖြစ် အကြောင်းအရာ ပေါ်ပေါက်ပြီးလျှင် တရားလိုနှင့် တရားပြိုင်တို့သည် မန္တလေးမြို့တွင် နေထိုင်ကြပါ၍ ဤရုံးတော် စီရင်ခွင့် အာဏာအတွင်း ကျရောက် တင်သွင်းပါသည်။"

ထို့အပြင် ဦးဘအေးက ဒေါ်ဟဝါဘီတို့ ၅ ဦးထံ ၁၀-၁-၇၂ နေ့က ပေးပို့သည့် နို့တစ်စာတွင် အောက်ပါအတိုင်း ဖော်ပြထားသည်—

"ကျွန်တော်၏အမှုသည်ပိုင် မန္တလေးမြို့၊ ချမ်းအေးသာဇံ အလယ်ပိုင်း အကွက်အမှတ် ၅၉၂၊ ဦးပိုင်အမှတ် ၄၆/၂ ရှိ မြေနှင့် အိမ်ကို ခင်ဗျားတို့အား ၃၀-၁၀-၆၄ နေ့က ခင်ဗျားတို့အား တစ်လ ၆၀/—နှုန်းနှင့် အငှားချထားခဲ့ရာ ခင်ဗျားတို့က အိမ်လခမပေး၍ တရားစွဲဆိုရန် မန္တလေးမြို့၊ မြို့ပြဆိုင်ရာငှားရမ်းခဝန်ရုံးမှ အိမ်လခ တစ်လ ၆၀/—နှုန်း သတ်မှတ်ပေးလိုက်ပြီး ဖြစ်၍ ၁၉၆၉ ခုနှစ် မေလမှ ၁၉၇၂ ခုနှစ် မတ်လ ၃၁ရက်အထိ လပေါင်း ၃၅ လအတွက် အိမ်လခ ငွေပေါင်း ၂၁၀၀/- (ကျပ်နှစ်ထောင့်တစ်ရာတိတိ) ကို ရက်သတ္တ ၃ ပတ် ရက်ပေါင်း ၂၁ ရက် အတွင်း ကျွန်တော်အမှုသည်ထံပေးပါ၊ ၁၉၇၂ ခု၊ မတ်လ ၃၁ ရက် ကုန်ဆုံးလျှင် ကုန်ဆုံးခြင်း အချင်းဖြစ် မြေနှင့် အိမ်မှ ထွက်ခွာသွားစေလိုပါသည်"။

ဦးဘအေးက ပေးပို့သည့် ၁၀-၁-၇၂ နေ့စွဲပါ နို့တစ်စာ၌ ၃၁-၃-၇၂ အထိ ငှားရမ်းခများကိုပေးချေရန် တောင်းဆိုထားသည်ကို တွေ့ရှိရသည်။ နို့တစ်စာမှာ ၁၀-၁-၇၂ နေ့က ပေးပို့သော နို့တစ်စာဖြစ်နေသည့်အလျောက် ထိုနေ့တွင် အိမ်ငှားဖြစ်သူ ဒေါ်ဟဝါဘီတို့က ၁၉၇၂ ခုနှစ်၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလနှင့် မတ်လအထိ ငှားရမ်းခများကို အိမ်ရှင်အား ပေးရန် အချိန်နှင့် တာဝန် မကျရောက်သေးချေ။ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) အရ အိမ်ငှားထံသို့ ပေးပို့သော နို့တစ်စာသည် အိမ်ရှင်ဖြစ်သူက တရားဥပဒေနှင့်အညီ ရရန်ရှိသော ငှားရမ်းခ ကျန်ငွေများကိုသာ

တောင်းဆိုနိုင်ခွင့်ရှိပြီး ရထိုက်ခွင့်မရှိသေးသည့် ကြိုတင်ငှားရမ်းခများကို ထည့်သွင်းတောင်းခံနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် နို့တစ်စာမှာ ပုဒ်မ ၁၂ (၁) (က)ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်နေပေသည်။

၁၉၇၅ ဒေါ်ဟဝါဘီ (ခ) ဒေါ်ခင်ရီပါ (၅) နှင့် ဦးဘအေး

အယူခံတရားပြိုင် ဦးဘအေးက အယူခံတရားလိုများအတွက် လိုက်ပါ ဆောင်ရွက်သည့် အကျိုးဆောင်၏ ကိုယ်စားလှယ် လွှဲစာတွင် ရေးထိုး ထားသည့် လက်မှတ်များမှာ အယူခံတရားလိုများကိုယ်တိုင် ရေးထိုး ထားသည့် လက်မှတ်များ မဟုတ်ပဲ၊ လက်မှတ်အတုများ ဖြစ်နေကြောင်း တင်ပြချက် အပေါ် ဤတရားစီရင်ရေးအဖွဲ့မှ လိုအပ်သလို စုံစမ်းရန် ရုံးခန်းသို့ အမှုတွဲကို ပြန်လည်ပေးပို့ခဲ့သည်။ ရုံးခန်းမှ တရားရေးဝန်ထမ်း အဆင့် (၁)နှင့် အဖွဲ့က ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ပြီး၊ ယင်း ဆောင်ရွက်ချက်ကို ဤတရားစီရင်ရေး အဖွဲ့သို့ ပြန်လည်တင်ပြသည်။ အယူခံတရားလို မောင်အုန်းဖေ (ခ) စဒစ်က ကျန်အယူခံတရားလိုများ၏ ခွင့်ပြုချက်အရ သူတို့ကိုယ်စား သူတို့၏ အမည်များကို လက်မှတ်ရေးထိုး ခဲ့ကြောင်း ဝန်ခံချက်ရှိသည်။ အယူခံကို ဒေါ်ဟဝါဘီ၊ မခင်ညိမ်း၊ မကြူကြူနှင့် ကိုမဂျစ်တို့က သူတို့အတွက် ဤအယူခံမှုတွင် လိုက်ပါ ဆောင်ရွက်ရန်မောင်အုန်းဖေ (ခ)စဒစ်အား အထွေထွေကိုယ်စားလှယ်စာ လွှဲအပ်ထားကြောင်း ပေါ်လွင်ခြင်းမရှိသဖြင့် ဤအယူခံကို မောင်အုန်း ဖေ (ခ) စဒစ် တဦးတည်းကသာ အယူခံဝင်ရောက်သည်ဟု မှတ်ယူရ ပေမည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၄ တွင် အယူခံဝင်သော ဒီကရီသည် တရားပြိုင် အားလုံးနှင့် သက်ဆိုင်သည့် တူညီသော အချက် အပေါ် အခြေခံသည့် ဒီကရီဖြစ်လျှင် တရားပြိုင်များအနက် တဦးဦးသည် ဒီကရီတရပ်လုံးကို အယူခံဝင်ရောက်နိုင်ကြောင်း၊ ထိုသို့အယူခံဝင်သည့် အမှုတွင် အယူခံရုံးသည် ဒီကရီကို တရားပြိုင်အားလုံး၏ အကျိုးအတွက် ပယ်ဖျက်နိုင်ကြောင်း၊ သို့မဟုတ် ပြင်ဆင်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ အယူခံတရားပြိုင် ဦးဘအေးက တရားလိုပြုလုပ်ပြီး အချင်းဖြစ် ဥပစာနှင့် စပ်လျဉ်း၍ ငှားရမ်းခများကို ပေးရန်ပျက်ကွက်သည်ဆိုသည့် တူညီသော အချက်အပေါ်အခြေခံ၍ အယူခံတရားလိုများဖြစ်ကြသည့်ဒေါ်ဟဝါဘီ၊ မောင်အုန်းဖေ (ခ) စဒစ်၊ မခင်ညိမ်း၊ မကြူကြူနှင့် ကိုမဂျစ်တို့အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁)(က)အရ နှင်လိုမှု စွဲဆိုခဲ့သဖြင့် မူလမြို့နယ်တရားရုံးက အနိုင် ဒီကရီချမှတ်ခဲ့ခြင်းဖြစ်သည်။ တိုင်းတရားရုံးကလည်း မြို့နယ်တရားရုံး၏

၁၉၈၅
ဒေါ်ဟဝါဘီ
(ခ)ဒေါ်ခင်
ရီပါ(၅)
နှင့်
ဦးဘအေး

စီရင်ချက်နှင့်ဒီကရီကိုအတည်ပြုခဲ့ပြီး ဖြစ်ပေသည်။ဒီကရီမှာ ဦးဘအေးက တရားမဝင်သည့် နို့တစ်စာကို အခြေခံ၍စွဲဆိုပြီး အနိုင်ရရှိထားသည့် ဒီကရီဖြစ်သဖြင့် ယင်းဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၄ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အယူခံတရားလို မောင်အုန်းဖေ(ခ) စဒစ်နှင့် ကျန်တရားပြိုင် ဒေါ်ဟဝါဘီ၊ မခင်ညိမ်း၊ မကြူကြူနှင့် ကိုမဂျစ် တို့အားလုံး၏ အကျိုးအတွက် ပယ်ဖျက်ရန် ရှိပေသည်။

ထို့ကြောင့်ဤအယူခံကိုခွင့်ပြု၍ မြို့နယ်တရားရုံးနှင့်တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီများကို ပယ်ဖျက်ပြီး ဦးဘအေး စွဲဆိုသည့် အမှုကို ပလပ်လိုက်သည်။ တရားရုံးအဆင့်ဆင့် စရိတ်ကို ဦးဘအေးက ကျခံစေရမည်။ ရှေ့နေခ ကျပ် ၅၀/- သတ်မှတ်သည်။

## တရားမ ပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးခင်ဇော်မု၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးကြွင်
နှင့်
ဦးချစ်လှပါ(၂) *

† ၁၉၇၅
စက်တင်ဘာလ
၂-ရက်

**ခွင့်ပြုချက်ဖြင့် ထားသူအား နှင်ထုတ်လိုမှု—ခွင့်ပြုသူ ရဟန်းဝတ်သွား၍ ခွင့်ပြုချက်ဖြင့် ထားခဲ့သော ဆက်ဆံရေးမှာ ရပ်စဲသွားခြင်း— ရဟန်းဝတ်မှ လူထွက်သောအခါ မူလကတည်ရှိခဲ့သော ဆက်ဆံရေးမှာ ပြန်လည်ပေါ်ပေါက်ရန် အကြောင်းမရှိခြင်း။**

ဆုံးဖြတ်ချက်။ ။ဦးကြွင် လူဝတ်အဖြစ် ရှိခဲ့စဉ်က ဦးကြွင် နှင့် ဦးချစ်လှတို့အကြားတွင် ခွင့်ပြုသူနှင့် ခွင့်ပြုခြင်းခံရသူများအဖြစ် ဆက်ဆံမှု ရှိခဲ့သည့်တိုင်အောင် နောက်ပိုင်းတွင် ဦးကြွင် ရဟန်းဝတ်သောအခါ ယင်းဆက်ဆံရေးအခြေအနေမှာ ရပ်စဲသွားပြီဖြစ်၍ ဦးကြွင်ရဟန်းဝတ်ပြီးနောက် ဦးချစ်လှတို့ အချင်းဖြစ်ဥပစာတွင် နေထိုင်ခြင်းမှာ သူ၏ ခွင့်ပြုချက်အရ ဆက်လက်နေထိုင်ခြင်း မဟုတ်တော့ချေ။ သို့ဖြစ်ရာ ဦးကြွင် လူထွက်သောအခါ တချိန်က သူတို့အကြားတွင် တည်ရှိခဲ့သည်ဆိုသော အဆိုပါဆက်ဆံရေးသည် ပြန်လည်ပေါ်ပေါက်ရန် အကြောင်းမရှိချေ။

အယူခံ တရားလိုအတွက် — ဦးတင်လှိုင်(တောင်တွင်းကြီး)၊
ဗဟိုတရားရုံးရှေ့နေ။

အယူခံတရားပြိုင်များအတွက် —ဦးဇော်လင်း၊ဗဟိုတရားရုံးရှေ့နေ။

မကွေးတိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၆/၇၀·တွင် အယူခံတရားလို ဦးကြွင်က အယူခံတရားပြိုင် ဦးချစ်လှနှင့် ဒေါ်ခင်စောတို့အား အချင်းဖြစ်အိမ်ခန်းနှင့် မြေမှ ခွင့်ပြုချက်အရ နေထိုင်သူများ အဖြစ်ဖြင့် ဖယ်ရှားပေးစေရန် တရားစွဲဆိုရာ တိုင်းတရားရုံးက ဦးကြွင်သည် အမှုစွဲဆို

* ၁၉၇၄-ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၇၇။

† ၁၉၇၅ ပြည့်နှစ်၊ တရားမကြီးမှု အမှတ် ၆ တွင် ချမှတ်သော (၂၅-၁-၇၄)နေ့စွဲပါ မကွေးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

ခွင့်မရှိကြောင်း ကောက်ယူ ဆုံးဖြတ်၍ စွဲဆိုသောအမှုကို ပလပ်လိုက်သဖြင့် ဦးကြွင်က ဗဟို တရားရုံးတွင် ဤအယူခံကို တင်သွင်းခြင်း ဖြစ်သည်။

၁၉၇၅
ဦးကြွင်
နှင့်
ဦးချစ်လှ
ပါ(၂)

မူလရုံး တရားလို ဦးကြွင်က မကွေးတိုင်း၊ မင်းဘူးမြို့ရှိ အချင်းဖြစ် အိမ်နှင့်မြေကို ပိုင်ကြောင်း၊ တရားပြိုင် ဦးချစ်လှသည် မိမိ၏ ယောက်ဖဖြစ်သဖြင့် ဦးချစ်လှနှင့်ဇနီး ဒေါ်ခင်စောတို့အား မိမိ၏ အိမ်နှင့်မြေကို စောင့်ရှောက်ရန် နေထိုင်ခွင့်ပြုခဲ့ကြောင်း၊ မိမိသည် ဒုလ္လဘရဟန်းဝတ်ခဲ့ပြီးနောက် သာသနာ့ဘောင်မှ ထွက်လာသောအခါ ဦးချစ်လှတို့အား အိမ်မှဖယ်ရှားပေးရန် မေတ္တာရပ်ခံသောအခါ ဦးချစ်လှတို့က ငြင်းဆန်နေကြောင်းစသည်ဖြင့် အဆိုပြုကာ သူတို့အား ဖယ်ရှား ပေးစေလိုကြောင်းဖြင့် တရားစွဲဆိုသည်။

ဦးချစ်လှတို့က အခြား အချက် အလက်များ အပြင် ဦးကြွင်သည် ဒုလ္လဘရဟန်းဝတ်သည်ဆိုခြင်းမှာ မမှန်ကြောင်း၊ လူ့ဘောင်ကို အပြီးအပိုင် စွန့်ခွါ၍ သာသနာ့ဘောင်သို့ ဝင်သွားသူဖြစ်ကြောင်း၊ တရားဥပဒေအရ မိမိတို့ အပေါ် တရားစွဲဆိုခွင့် မရှိကြောင်း စသည် ဖြင့် ထုချေသည်။

တိုင်းတရားရုံးက အောက်ပါ ငြင်းချက်အပါအဝင် ငြင်းချက် ၅-ရပ်ထုတ်နုတ်ကြားနာခဲ့သည်-

> "ချေလွှာအပိုဒ် ၂ အရ တရားလိုသည် သာသနာ့ဘောင်သို့ ရာသက်ပန် ကူးပြောင်း သွားသည် ဆိုသည်မှာ မှန်သလား၊ အကယ်၍ ဟုတ်မှန်လျှင် ဤအမှုကို တရားစွဲဆိုခွင့် မရှိဆိုသည်မှာ မှန်သလား"

တိုင်းတရားရုံးက ဦးကြွင်သည် သာသနာ့ဘောင်တွင် ၂၂ ဝါ ဝတ်ခဲ့ကြောင်း၊ သို့ဖြစ်၍ သာသနာ့ ဘောင် သို့ ရာသက်ပန် ကူးပြောင်းရန် ရည်ရွယ်ချက်ဖြင့် ရဟန်း ဝတ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ဦးကြွင်သည် ထိုသို့ ရဟန်းဘောင်သို့ ကူးပြောင်းသည်နှင့် တပြိုင်နက် ရဟန်းမပြုမီက ရရှိခဲ့သော ပစ္စည်းများနှင့်ပတ်သက်၍ ပြတ်စဲသွားကြောင်း၊ လူ့ဘဝတွင် ရရှိခဲ့သော ပစ္စည်းများနှင့် သက်ဆိုင်ခြင်း မရှိတော့ကြောင်းစသည်ဖြင့် အကြောင်းပြကာ ဦးချစ်လှတို့အပေါ် တရားစွဲဆိုခွင့်မရှိဟု ကောက်ယူ ဆုံးဖြတ်သည်။

၁၉၇၅ ဦးကြင်နှင့် ဦးချစ်လှ ပါ(၂)

ဤအယူခံတွင် အဓိကအကြောင်းပြချက်မှာ ဦးကြင်စွဲဆိုသော အမှုသည် ခွင့်ပြုချက်အရ နေထိုင်သူတို့အား နှင်လိုမှု ဖြစ်ကြောင်း၊ ယင်းအမှုမျိုးတွင် ပိုင်ဆိုင်မှုကို ထည့်သွင်းစဉ်းစားရန် မလိုဟု စီရင်ထုံးများတွင် အတည့်အလင်း ပြဆိုထားကြောင်း၊ ရဟန်းမဝတ်မီက ခွင့်ပြုချက်ဖြင့် နေထိုင်ခွင့်ပြုခဲ့သူအား ရဟန်းဝတ်လိုက်သည်ကို အကြောင်းပြုပြီး လူထွက်ပြီးနောက်ဖယ်ရှားခွင့်မရှိဟု ဆုံးဖြတ်ခြင်းမှာ မှားယွင်းကြောင်း၊ ဦးကြင်သည် ရဟန်းအဖြစ် တရားစွဲဆိုခြင်းမဟုတ်ပဲ လူအဖြစ်တရားစွဲဆိုခြင်းသာဖြစ်ကြောင်း၊ ရဟန်းဘောင်သို့ ရောက်သာပန် ကူးပြောင်းသွားရန် ရည်ရွယ်ခဲ့ခြင်းမရှိကြောင်းစသည်တို့ ဖြစ်သည်။

ဒေါ်စိစိကြာနှင့် ဦးဘိုးမှိုတို့၏ ထွက်ဆိုချက်များအရ ဦးကြင်သည် သာသနာ့ဘောင်သို့ ၁၃၁၃ ခုနှစ်တွင် ဝင်ရောက်ခဲ့၍ ၂၂ နှစ်တိုင်တိုင် ရဟန်းဝတ်ခဲ့ကြောင်း ပေါ်ပေါက်၍ ဒုလ္လဘရဟန်းဝတ်ခြင်း မဟုတ်ကြောင်း ထင်ရှားနေပေသည်။ ယင်းသို့ သာသနာ့ဘောင်သို့ ဝင်ခြင်းဖြင့် သက်ဆိုင်ရာပုဂ္ဂိုလ်၏ တရားဝင်အခြေအနေမှာ ပြောင်းလဲသွားကြောင်း အေအာအယ်လ်အာရ်ဖမ်းနှင့် ဦးဖိုးကြိုင်ပါ(၂)[၁] တွင် ပြဆိုထားသည်။

ယင်းစီရင်ထုံးအရ ဦးကြင် လူဝတ်အဖြစ်ရှိခဲ့စဉ်က ဦးကြင်နှင့် ဦးချစ်လှတို့အကြားတွင် ခွင့်ပြုသူနှင့် ခွင့်ပြုခြင်းခံရသူများအဖြစ် ဆက်ဆံမှုရှိခဲ့သည့်တိုင်အောင် နောက်ပိုင်းတွင် ဦးကြင် ရဟန်းဝတ်သောအခါ ယင်းဆက်ဆံရေး အခြေအနေမှာ ရပ်စဲသွားပြီဖြစ်၍ ဦးကြင် ရဟန်းဝတ်ပြီးနောက် ဦးချစ်လှတို့ အချင်းဖြစ် ဥပစာတွင် နေထိုင်ခြင်းမှာ သူ၏ခွင့်ပြုချက်အရ ဆက်လက်နေထိုင်ခြင်း မဟုတ်တော့ချေ။ သို့ဖြစ်ရာ ဦးကြင် လူထွက်သောအခါ တချိန်က သူတို့အကြားတွင် တည်ရှိခဲ့သည်ဆိုသော အဆိုပါ ဆက်ဆံရေးသည် ပြန်လည် ပေါ်ပေါက်ရန် အကြောင်းမရှိချေ။

အယူခံတရားလိုတို့၏ ရှေ့နေတင်ပြ လျှောက်ထားသည့်အတိုင်း ခွင့်ပြုချက်အရ နေထိုင်သူအား နှင်လိုမှုတွင် ပိုင်ဆိုင်မှုကို ထည့်သွင်းစဉ်းစားရန် လိုအပ်ခြင်းမရှိ ဟူသော ဥပဒေသမှာ မှန်သော်လည်း ဦးကြင် ရဟန်းဘောင်သို့ ဝင်ခြင်းဖြင့် လူဝတ်ဘဝက ပိုင်ဆိုင်ခဲ့သော ပစ္စည်း

---

(၁) ၁၉၃၉ ရန်ကုန်၊ ၃၁၁၊ (စုံညီ)

၁၉၈၅
ဦးကြွင်
နှင့်
ဦးချစ်လှ
ပါ(၂)

အရပ်ရပ်တွင် ပိုင်ဆိုင်ခွင့်များ လက်လွှတ် ဆုံးရှုံး သွားသည်သာမက လူ့ဝတ်ဘဝက တည်ရှိခဲ့သော ဆက်ဆံမှုများမှာလည်း ရပ်စဲသွားပြီ ဖြစ်၍ တိုင်းတရားရုံးက ဦးကြွင်သည် ဦးချစ်လှတို့အား သူ၏ခွင့်ပြုချက် အရ နေထိုင်သူများအဖြစ်ဖြင့် ဖယ်ရှားခွင့်မရှိဟု ကောက်ယူဆုံးဖြတ် ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။ ထို့ကြောင့် ဤ အယူခံကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခကို ကျပ် ၁၀၉/-သတ်မှတ်သည်။

တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးခင်ဇော်မှု၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့်ဦးသန့်စင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်ခင်ညွန့်ပါ(၂)
ဒေါ်ခင်သန်း
နှင့်
ဒေါ်ခင်သန်း*
ဒေါ်ခင်ညွန့်ပါ(၂)

† ၁၉၇၅
စက်တင်ဘာ
လ
၁၇-ရက်

**ပြစ်မှုကြောင်းအရ အရေးယူခံရမည့်သူ ကွယ်လွန်သောအခါ သူ့အပေါ် ဆက်လက်အရေးယူရန် အကြောင်းမရှိခြင်း—ကွယ်လွန်သူ၏ တရားဝင်ကိုယ်စားလှယ် ဆောင်ရွက်သည်မှာ မှားယွင်းခြင်း—အမှုနိုင်သူများသည် မိမိတို့အား အရှုံးပေးထားသော ငြင်းချက်များအပေါ် အယူခံဝင်ခွင့်မရှိခြင်း—တန်ပြန်ကန့်ကွက်လွှာ တင်သွင်းခွင့်လည်း မရှိခြင်း— ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၇၆ အရ စုံစမ်းစစ်ဆေးသည့် အမှုတွင် မည်သည့်ပုဒ်မအရ အရေးယူရမည်ကို ဆုံးဖြတ်ရန် လိုအပ်ခြင်း—သက်ဆိုင်ရာတရားစီရင်ရေးအဖွဲ့က တရားလိုပြုလုပ် တိုင်တန်းရန် လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။အမှုမှာ ဦးအေးမောင်အပေါ် ပြစ်မှုကြောင်းအရ အရေးယူရန် ဆုံးဖြတ်သည့်ကိစ္စဖြစ်ရာ သူ ကွယ်လွန်သောအခါ သူ့အပေါ် ထိုသို့အရေးယူရန်အကြောင်း မရှိတော့သဖြင့် အယူခံမှုများမှာ သူနှင့်စပ်လျဉ်းသရွေ့ ရပ်စဲသွားပြီး ဖြစ်သောကြောင့် ဒေါ်ခင်သန်းက သူ၏တရားဝင်ကိုယ်စားလှယ်အဖြစ် ဆက်လက်ဆောင်ရွက်ခြင်းသည် မှားယွင်းပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဒေါ်ခင်ညွန့်တို့သည် အမှုနိုင်သူများဖြစ်၍ သူတို့အား အရှုံးပေးသော ငြင်းချက်များအပေါ် တိုင်းတရားရုံး၏ ကောက်ယူ ဆုံးဖြတ်ချက်များကို အယူခံဝင်ခွင့် မရှိချေ။ တရားမကျင့်ထုံး

* ၁၉၇၄ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၄ နှင့် ၆။
† ၁၉၇၃ ခုနှစ်၊ တရားမ အထွေထွေမှုအမှတ် ၄၁ တွင် ချမှတ်သော (၁၂-၁-၇၄) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ အမိန့်ကို အယူခံမှု။

ဥပဒေအမိန့် ၄၁၊ နည်း ၂၂ အရလည်း တန်ပြန် ကန့်ကွက်လွှာ တင်သွင်းခွင့် မရှိချေ။

၁၉၈၅
ဒေါ်ခင်ညွန့်
ပါ(၂)
ဒေါ်ခင်သန်း
နှင့်
ဒေါ်ခင်သန်း
ဒေါ်ခင်ညွန့်
ပါ(၂)

**ထပ်မံဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၇၆ အရ စုံစမ်းစစ်ဆေးသည့် အမှုတွင် သက်ဆိုင်ရာ တရားစီရင်ရေး အဖွဲ့သည် လျှောက်ထားခံရသူအပေါ် အရေးယူရန် ဆုံးဖြတ်လျှင် မည်သည့်ဥပဒေ၊ မည်သည့်ပုဒ်မအရ အရေးယူမည် ဖြစ်ကြောင်း အမိန့်ချမှတ်ရမည်။ ယင်းတရားစီရင်ရေးအဖွဲ့က လျှောက်ထားခံရသူအပေါ် တရားလိုပြုလုပ်၍ တိုင်တန်းရမည်ဖြစ်သည်။

| | | |
|---|---|---|
| **အယူခံတရားလိုအတွက်** | – ဦးဘိုဘို၊ ဦးကျော်ကျော်ဝင်း | ဗဟိုတရားရုံး ရှေ့နေ။ |
| အယူခံတရားပြိုင်အတွက် | – ဦးကျော်ကျော်ဝင်း ဦးဘိုဘို | ဗဟိုတရားရုံး ရှေ့နေ။ |

မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၁၅၁/၈၂ တွင် ဒေါ်ခင်သန်းနှင့် ဦးအေးမောင်တို့က ဒေါ်ခင်ညွန့်နှင့် မတင်တင်လင်း တို့အပေါ် အချင်းဖြစ်မြေကို လက်ရောက် ရလိုကြောင်း တရားစွဲဆိုခဲ့ရာ သူတို့တင်ပြသော မှတ်ပုံတင်စာချုပ်များတွင် မြေကွက်အမှတ်နှင့် ဦးပိုင်အမှတ်များကို ပြင်ဆင်ပြောင်းလဲထားသည်ဟု ဆိုကာ ဒေါ်ခင်ညွန့်တို့က အဆိုပါတရားရုံး တရားမ အထွေထွေမှုအမှတ် ၄၀/၈၃ (အနောက်မြောက်)တွင် ဒေါ်ခင်သန်းတို့အပေါ် မမှန်သက်သေခံ ဖန်တီးမှုဖြင့် အရေးယူပေးရန် လျှောက်ထားသည်။ တိုင်းတရားရုံးက စုံစမ်းပြီးနောက် ဒေါ်ခင်သန်းတို့အပေါ် သင့်တော်သော ပုဒ်မဖြင့် အရေးယူပေးရန် အနောက်မြောက်မြို့နယ် တရားရုံးသို့ လျှောက်ထားရန် အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို ဒေါ်ခင်ညွန့်တို့က မကျေနပ်သဖြင့် ဗဟိုတရားရုံး၊ တရားမအထွေထွေအယူခံမှုအမှတ် ၄/၈၄ တွင်လည်းကောင်း၊ ဒေါ်ခင်သန်းတို့က တရားမအထွေထွေ အယူခံမှုအမှတ် ၆/၈၄ တွင်လည်းကောင်း အယူခံဝင်သည်။ အယူခံအတော အတွင်း ဦးအေးမောင် ကွယ်လွန်သွားသဖြင့် ဒေါ်ခင်သန်းက ဦးအေးမောင်၏ တရားဝင် ကိုယ်စားလှယ်အဖြစ်လည်း ဆောင်ရွက်သည်။

အမှုမှာ ဦးအေးမောင်အပေါ် ပြစ်မှုကြောင်းအရ အရေးယူရန် ဆုံးဖြတ်သည့်ကိစ္စဖြစ်ရာ သူကွယ်လွန်သောအခါ သူ့အပေါ် ထိုသို့

အရေးယူရန်အကြောင်း မရှိတော့သဖြင့် အယူခံမှုများမှာ သူနှင့် စပ်လျဉ်းသရွေ့ ရပ်စဲသွားပြီးဖြစ်သောကြောင့် ဒေါ်ခင်သန်းက သူ၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ဆက်လက် ဆောင်ရွက်ခြင်းသည် မှား ယွင်းပေသည်။

၁၉၇၅
ဒေါ်ခင်ညွန့်
ပါ(၂)
ဒေါ်ခင်သန်း
နှင့်
ဒေါ်ခင်သန်း
ဒေါ်ခင်ညွန့်
ပါ(၂)

ဒေါ်ခင်ညွန့်တို့သည် မူလအမှုတွင် လုံးလုံးလျားလျား အနိုင်ရခဲ့ သည့်အလျောက် မူလရုံး၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ခွင့် မရှိချေ။ တရားမအထွေထွေ အယူခံမှုအမှတ် ၄/၇၄ တွင် ဖော်ပြထားသော အယူခံအကြောင်းပြချက်များကို တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၂၂ တွင် ခွင့်ပြုထားသည့်အတိုင်း တရားမအထွေထွေ အယူခံမှု အမှတ် ၆/၇၄ တွင် တင်ပြလျှောက်ထားရန် ဖြစ်ပေသည်။

ဒေါ်ခင်သန်း၏ ရှေ့နေက မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၁၅၁/၇၂ တွင် အချင်းဖြစ်မြေကို ဒေါ်ခင်သန်းတို့ ပိုင် ကြောင်း၊ ဒေါ်ခင်ညွန့်နှင့် မတင်တင်လင်းတို့သည် မြေအတွင်းသို့ ကျူးကျော်ဝင်သည်ဆိုခြင်းမှာ မှန်ကြောင်း ငြင်းချက် နှစ်ရပ်အပေါ် ဒေါ်ခင်သန်းအား အသာပေး၍ ဆုံးဖြတ်ခဲ့သော်လည်း အမှုမှာ ကာလ စည်းကမ်းသတ် အက်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၄၄ အရ သတ် မှတ်ထားသည့် ၁၂ နှစ်ကျော်လွန်သည်ဟု အကြောင်းပြ၍ အမှုကို ပလပ်ခဲ့ရာ ဗဟိုတရားရုံး(မန္တလေးရုံးထိုင်)တွင် အယူခံဝင်ထားကြောင်း၊ ကြားနာရန် အဆင့်သို့ ရောက်နေပြီဖြစ်ကြောင်း အချင်းဖြစ်မြေကို ဒေါ်ခင်သန်းပိုင်ကြောင်း တိုင်းတရားရုံးက ကောက်ယူဆုံးဖြတ်ခြင်းနှင့် စပ်လျဉ်း၍ ဗဟိုတရားရုံး အယူခံတွင် ဒေါ်ခင်ညွန့်တို့က တန်ပြန်အယူခံ လွှာဖြစ်စေ၊ တန်ပြန်ကန့်ကွက်လွှာဖြစ်စေ တင်သွင်းခဲ့ခြင်း မရှိ၍ မြေ ကို ဒေါ်ခင်သန်းပိုင်သည်ဆိုသော တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်လျက် ရှိသဖြင့် ကွယ်လွန်သူ ဦးအေးမောင်က အချင်းဖြစ် မြေ၏ အကွက်အမှတ်နှင့် ဦးပိုင်အမှတ်တို့ကို ပြောင်းလဲခြင်းမှာ သဘော ရိုးဖြင့် အမှန်အတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ ပြစ်မှုကြောင်းအရ အရေးယူရန် မသင့်ကြောင်း တင်ပြလျှောက်ထားသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဒေါ်ခင်ညွန့်တို့သည် အမှုနိုင်သူများဖြစ်၍ သူတို့ အား အရှုံးပေးသော ငြင်းချက်များအပေါ် တိုင်းတရားရုံး၏ ကောက်ယူ ဆုံးဖြတ်ချက်များကို အယူခံဝင်ခွင့် မရှိချေ။ တရားမ ကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၂ အရလည်း တန်ပြန်ကန့်ကွက် လွှာ တင်သွင်းခွင့် မရှိချေ။

၁၉၇၅ ဒေါ်ခင်ညွန့် ပါ(၂) / ဒေါ်ခင်သန်း နှင့် ဒေါ်ခင်သန်း / ဒေါ်ခင်ညွန့် ပါ(၂)

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ အရ စုံစမ်းစစ်ဆေးရာတွင် ဦးအေးမောင် ပြုစုဆင်ထားသော စာချုပ်စာတမ်းများကို ဒေါ်ခင်သန်းက သူစွဲဆိုသော အမှု၌ သက်သေခံအထောက်အထားအဖြစ် အသုံးပြုခဲ့သည်ဖြစ်ရာ တိုင်းတရားရုံးက သူ့အပေါ် ပြစ်မှုကြောင်းအရ အရေးယူရန် ဆုံးဖြတ်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ အရ စုံစမ်းစစ်ဆေးသည့်အမှုတွင် သက်ဆိုင်ရာ တရားစီရင်ရေးအဖွဲ့သည် လျှောက်ထားခံရသူအပေါ် အရေးယူရန် ဆုံးဖြတ်လျှင် မည်သည့်ဥပဒေ၊ မည်သည့်ပုဒ်မအရ အရေးယူမည်ဖြစ်ကြောင်း အမိန့်ချမှတ်ရမည်။ ယင်းတရားစီရင်ရေးအဖွဲ့က လျှောက်ထားခံရသူအပေါ် တရားလိုပြုလုပ်၍ တိုင်တန်းရမည် ဖြစ်သည်။ ဤဥပဒေ၏ သဘောကို ဒေါ်ခင်သန်း၏ ရှေ့နေက လက်ခံသည်။

ထို့ကြောင့် အယူခံမှုများကို စရိတ်မရှိ ပလပ်လိုက်သည်။ တိုင်းတရားစီရင်ရေးအဖွဲ့သည် ဒေါ်ခင်သန်းအပေါ် မည်သည့်ဥပဒေ၊ မည်သည့်ပုဒ်မအရ အရေးယူပေးရန် သက်ဆိုင်ရာ မြို့နယ်တရားရုံးတွင် တိုင်တန်း လျှောက်ထားရန် ညွှန်ကြားလိုက်သည်။

## တရားမ ပထမအယူခံမှု

ရှေ့ဘက္ကာအဖြစ် ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးမြကျော်တို့ပါဝင်သော မဟာတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးဇော်ဖေ
နှင့်
ဒေါ်ခင်သန်း*

† ၁၉၈၅
ဇူလိုင်လ
၁၈ ရက်

အရောင်းအဝယ်ကိစ္စကို သီးခြားဆောင်ရွက်ပေးစေလိုမှုမှာ ပဋိညာဉ် အပေါ် အခြေခံ၍ စွဲဆိုခြင်းဖြစ်ပြီး လက်ရောက်ပေးအပ်စေလိုမှု မှာ ပစ္စည်းလွှဲပြောင်းစာချုပ်အပေါ် အခြေခံ၍ စွဲဆိုသည်ဖြစ်ခြင်း— ယင်းအကြောင်း နှစ်ရပ်ကို တစ်မှုတည်းတွင် ပူးတွဲစွဲဆိုနိုင်ခြင်း— တရားမကျင့်ထုံးဥပဒေအမိန့် ၂၊ နည်း ၆ ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်မှုမရှိခြင်း။

ဆုံးဖြတ်ချက်။ ။အရောင်းအဝယ် ပဋိညာဉ်ကို သီးခြားဆောင် ရွက်ပေးစေရန် စွဲဆိုသော အမှုတွင် ပေါ်ပေါက်သော အမှုစွဲဆိုရန် အကြောင်းသည် အရောင်းအဝယ်ပြုလုပ်သော ပစ္စည်းကိုလက်ရောက် ပေးအပ်ရန် စွဲဆိုသော အမှု၌ ပေါ်ပေါက်သောအမှု စွဲဆိုရန် အကြောင်း နှင့် မတူချေ။ အရောင်းအဝယ်ကိစ္စကို သီးခြားဆောင်ရွက်ပေးစေလိုမှု မှာ ပစ္စည်းရောင်းချရန် ပဋိညာဉ်အပေါ် အခြေခံ၍ စွဲဆိုခြင်းဖြစ်ပြီး လက်ရောက် အပ်ပေးစေလိုမှုမှာ ပစ္စည်းလွှဲပြောင်း စာချုပ်အပေါ် အခြေခံ၍ စွဲဆိုခြင်း ဖြစ်သည်။ သို့ရာတွင် ယင်းအမှုစွဲဆိုရန် အကြောင်း နှစ်ရပ်ကို အမှုတစ်မှုတည်းတွင် ပူးတွဲစစ်ဆေးခြင်းဖြင့် အဆင်မပြေမှုများ ပေါ်ပေါက်မှု မရှိနိုင်သည်သာ မက ယင်းအကြောင်းနှစ်ရပ်မှာ ဆက် စပ်နေသည့်အလျောက် တစ်မှုတည်းတွင် တပေါင်းတည်း စစ်ဆေးခြင်း ဖြင့် အချိန်ကုန်သက်သာခြင်း၊ စရိတ်စက သက်သာခြင်းစသည့် အကျိုး များ ဖြစ်ထွန်းနိုင်သည့်အပြင် တဘက်အမှုသည်အား နစ်နာစေမှု လည်း မရှိနိုင်သည်ဖြစ်ရာ ထိုသို့ တပေါင်းတည်း စွဲဆိုခြင်းသည်

---

* ၁၉၈၄ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၆၉၊

† ၁၉၇၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၆၉ တွင် ချမှတ်သော (၃၀-၆-၈၃) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီ ကို အယူခံမှု၊

တရားမကျင့်ထုံးဥပဒေအမိန့် ၂၊ နည်း ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ရန် အကြောင်းမရှိနိုင်။ ထို့ပြင် အမှုပွားများခြင်းကိုလည်း ပိတ်ပင်နိုင်မည် ဖြစ်သည်။

၁၉၇၅

ဦးဇော်ဖေ နှင့် ဒေါ်ခင်သန်း

အယူခံတရားလိုအတွက် — ဦးလှထွန်း၊ ဗဟိုတရားရုံးရှေ့နေ။

**အယူခံတရားပြိုင်အတွက် — ကိုယ်တိုင် (မလာ)။**

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၁၆၉/၇၉ တွင် အယူခံတရားလို ဦးဇော်ဖေက အယူခံတရားပြိုင် ဒေါ်ခင်သန်းအပေါ် ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင် ပြုလုပ်ပေးပြီး အိမ်နှင့်မြေကို လက်ရောက်ပေးအပ်ရန်တရားစွဲသည်။ တိုင်းတရားရုံးမှ စစ်ဆေးကြားနာပြီးနောက် အမှုကို ပလပ်ခဲ့ရာ ဦးဇော်ဖေက မကျေနပ်၍ ဗဟိုတရားရုံးတွင် ဤအယူခံမှုကို တင်သွင်းသည်။

အဆိုလွှာတွင် မင်္ဂလာတောင်ညွန့်မြို့နယ် (၁၀၉)လမ်း၊ အိမ်အမှတ် (၄၅) နှင့် ယင်းအိမ်တည်ရှိရာ အချင်းဖြစ်မြေကွက်ကို အရောင်းအဝယ် ကတိစာချုပ်ပြုလုပ်၍ တန်ဖိုးငွေကျပ် ၃၀၀၀၀/-ဖြင့် စာချုပ်သည့်နေ့တွင် စရန်ငွေ ကျပ် ၁၂၀၀၀/-ပေးပြီး ဝယ်ယူခဲ့ရာ ဒေါ်ခင်သန်းမှ အရောင်းအဝယ် ပြီးမြောက်အောင် ဆောင်ရွက်ပေးခြင်းမပြုကြောင်း ဖော်ပြထားသည်။

ဒေါ်ခင်သန်းက အချေလွှာတွင် အချင်းဖြစ် အိမ်နှင့်မြေ အရောင်းအဝယ် ပဋိညာဉ်စာချုပ်မှာ သူက ဦးဇော်ဖေထံ ဂရန်အပေါင်ပေးပြီး ငွေကျပ် ၁၂၀၀၀/- ချေးယူသော ဟန်ဆောင်စာချုပ်သာ ဖြစ်ကြောင်းစသည်ဖြင့် ချေပသည်။

ဦးဇော်ဖေ၏ အယူခံလွှာတွင် ခိုင်လုံသော အထောက်အထား တစုံတရာမရှိသော ဒေါ်ခင်သန်းဘက်မှ နှုတ်သက်သေခံချက်တို့ကို လက်ခံပြီး သူ့ဘက်မှ တင်ပြသော သက်သေခံ စာရွက်စာတမ်းများနှင့် အခြားအထောက်အထားများကို သုံးသပ်ခြင်းမရှိပဲ ငွေချေးငှားခြင်း အတွက် ဟန်ဆောင်စာချုပ်ဖြစ်သည်ဟု သုံးသပ်ခြင်းသည် မှားယွင်းကြောင်း၊ ဤသို့သုံးသပ်ပြီး မူလရုံးမှ သက်သေခံ (က) စာချုပ်ကို အရောင်းအဝယ် စာချုပ်အနေဖြင့်လည်း အသိအမှတ်ပြုထားကြောင်း စသည်ဖြင့် အဓိကဖော်ပြသည်။

တိုင်းတရားရုံး၏ စီရင်ချက်တွင် "တရားပြိုင်ဘက်မှ တင်ပြသော သက်သေခံချက်များအရ ငွေချေးငှားခြင်းအတွက် ဤကဲ့သို့ ကတိစာချုပ်ကို ဟန်ဆောင်ပြုလုပ်ထားသည်ဟု တရားရုံးမှ ယူဆသည်။ ××× သက်သေခံ အမှတ် (က) စာချုပ်၏ စာမျက်နှာ ၂-ပါ ကတိပြုချက်အရ ရောင်းသူသည် မိမိရယူထားသော စရန်ငွေ၏နှစ်ဆကို ပြန်လည်ပေးလျော်ရန်ရှိသည်။ ကတိပျက်ကွက်မှုအတွက် စွဲဆိုရန်သာ ရှိသည်" ဟု သုံးသပ်သည်။

၁၉၇၅
ဦးဇော်ဖေ
နှင့်
ဒေါ်ခင်သန်း

ဒေါ်ခင်သန်းက သက်သေခံ (က) အချင်းဖြစ်ဥပစာ အရောင်းအဝယ် ကတိစာချုပ် ချုပ်ဆိုခဲ့ခြင်းကို မငြင်းပေ။ အပေါင်အတွက် ရည်ရွယ်ပြီး ချုပ်ဆိုသော စာချုပ်ဖြစ်ကြောင်းသာ တင်ပြသည်။ တဘက်မှအကျိုးဆောင်မှ ပြန်လှန်မေးမြန်းရာတွင် ဒေါ်ခင်သန်းက ထွက်ဆိုရာ၌ "သက်သေခံ (ခ) (ဂ) (ဃ) (င) (စ) (ဆ) (ဇ) တို့ပေါ်ရှိ လက်မှတ်များမှာ ကျွန်မ၏လက်မှတ်မှန်ကန်ပါသည်။ ထိုစာများပေါ်ရှိ လက်ရေးအားလုံးမှာလည်း ကျွန်မ၏ လက်ရေးများသာလျှင်ဖြစ်ပါသည်။ ×××ကျွန်မအင်္ဂါက စစ်ဆေးစဉ်ကဦးဇော်ဖေမှကျွန်မအား အရှက်တကွဲ အကျိုးနည်းဖြစ်အောင်လုပ်မည်၊ အိမ်ပေါ်မှဆွဲချမည် စိုးရိမ်သဖြင့် ထိုသို့ခြိမ်းခြောက်သည်ကို ဦးဇော်ဖေ ခိုင်းသည့်အတိုင်း စာများရေးပေးခဲ့သည်ဆိုသော်လည်းထိုသို့ခြိမ်းခြောက်ကြောင်း ကျွန်မရပ်ကွက်ကောင်စီသို့ တိုင်ကြားခဲ့ခြင်း အလျှင်းမရှိပါ" ဟု ထွက်ဆိုသည်။

သူ၏ထွက်ချက်အရ သက်သေခံ (ခ)မှ (ဇ) အထိ စာရွက်စာတမ်းများကို သူရေးခဲ့ကြောင်း ဝန်ခံထားသည်။ အဆိုပါ စာရွက်များမှာ ဒေါ်ခင်သန်းမှ ဦးဇော်ဖေသို့ ပေးသော စာရွက်စာတမ်းများဖြစ်ပြီး အဆိုပါစာရွက်စာတမ်းတို့တွင် အရောင်း အဝယ်အတွက် ကျန်ငွေအပြေအလည်ပေးခြင်းကို ရွှေ့ဆိုင်းရန်ကိစ္စ အပြီးအပိုင် လွှဲပြောင်းပေးရန်ကိစ္စ၊ ရေစစ္စတြီပြုလုပ်ပေးရန်ကိစ္စ စသော အရောင်း အဝယ်ပြုလုပ်ခြင်းနှင့် သက်ဆိုင်သော ကိစ္စရပ်များကိုသာ ထင်ရှားစွာ ဖော်ပြထားကြောင်း တွေ့ရသည်။ ဒေါ်ခင်သန်းမှ အဆိုပါ စာရွက်စာတမ်းတို့ကို ဦးဇော်ဖေ၏ ခြိမ်းခြောက်မှုကြောင့် ရေးခဲ့ရကြောင်း ဖြေရှင်းသော်လည်း ယင်းအချက်ကို အထောက်အထား မတင်ပြနိုင်သည့်အပြင် သူ၏သက်သေများကပင် ထောက်ခံကြောင်း မတွေ့ရပေ။

သက်သေခံ (က) အရောင်းအဝယ်ကတိစာချုပ်ပါ စည်းကမ်းချက်များကို သက်သေခံ (ခ) မှ (ဇ) အထိ စာရွက်စာတမ်းပါ အချက်

၁၉၈၅
ဦးဇော်ဖေ
နှင့်
ဒေါ်ခင်သန်း

အလက် အထောက်အထားတို့ဖြင့် ပေါင်းစပ်သုံးသပ်ခဲ့လျှင် ဦးဇော်ဖေနှင့် ဒေါ်ခင်သန်းတို့သည် သက်သေခံ (က) ကတိစာချုပ်ကို အရောင်းအဝယ်ကိစ္စအတွက် ရည်ရွယ်၍ ချုပ်ဆိုခဲ့ကြကြောင်း ရှင်းလင်းပြတ်သားစွာ ပေါ်ပေါက်ပေသည်။

ဤကဲ့သို့ ရှင်းလင်း ပြတ်သားနေသဖြင့် ယင်း ကတိ စာချုပ်ကို အဓိပ္ပာယ်ကောက်ယူရာ၌ စာချုပ်ချုပ်ဆိုသူတို့တွင် မည်ကဲ့သို့သော ရည်ရွယ်ချက်ရှိသည်ဟု နှုတ်သက်သေခံ တင်ပြခြင်းမပြုနိုင်ချေ။ ယင်း အချက်အလက်များကို နှုတ်သက်သေခံဖြင့် ဆန့်ကျင်ရန် သက်သေခံ ဥပဒေပုဒ်မ ၉၂ က ခွင့်မပြုပေ။ စာချုပ်ပါ အချက် အလက်နှင့် အထောက်အထားတို့သည် ချုပ်ဆိုသူတို့၏ရည်ရွယ်ချက်ကို ဖော်ပြထားခြင်းဖြစ်၍ ဥပဒေက စာချုပ်ကိုသာ အသိအမှတ်ပြုပြီး အခြားသက်သေခံချက်ကို ပယ်ခြင်းဖြစ်သည်။

သို့ဖြစ်ရာ တိုင်းတရားရုံးက မူလအမှုတွင် စာရွက်စာတမ်းအထောက်အထားများအရ သက်သေခံ (က) ကတိစာချုပ်ကို အရောင်းအဝယ်အတွက်ရည်ရွယ်၍ နှစ်ဘက် အမှုသည်တို့ ချုပ်ဆိုခဲ့ကြောင်း ပေါ်လွင်ထင်ရှားပါလျက် ယင်းအချက်တို့ကိုပယ်ပြီး နှုတ်သက်သေခံချက် သက်သက်အပေါ် အဓိကအခြေခံလျက်အပေါင်အတွက်ရည်ရွယ်ချုပ်ဆိုသော စာချုပ်ဟုယူဆပြီး အမှုပလပ်ခဲ့ခြင်းသည် မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ဒေါ်ခင်သန်းက ဦးဇော်ဖေမှ သူ့အား သက်သေခံ (က) ကတိပဋိညာဉ်စာချုပ်အရ ပေးချေရန်ရှိသော ကျန်ငွေ ကျပ် ၁၇၀၀၀/- အနက်မှ ကျပ် ၂၀၀၀/-ကို (၃၁-၁-၇၉) နေ့၌ ထပ်မံရရှိကြောင်း သူရေးသားသည့် သက်သေခံ (ဃ) စာအရ ပေါ်လွင်သဖြင့် သူ့အား ပေးချေရန် ကျန်ငွေမှာ ကျပ် ၁၆၀၀၀/-ဖြစ်ပေသည်။

ဤအယူခံတွင် အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပြုလုပ်ပေးစေရန်နှင့် အချင်းဖြစ်အိမ်နှင့်မြေကို လက်ရောက်ပေးအပ်စေရန် သက်သာခွင့်နှစ်ခုစလုံးကို တစ်မှုတည်းတွင် တပေါင်းတည်း တောင်းဆိုခွင့် ရှိ မရှိ စဉ်းစားရန် ရှိပေသည်။

အရောင်းအဝယ် ပဋိညာဉ်ကို သီးခြားဆောင်ရွက်ပေးစေရန် စွဲဆိုသော အမှုတွင် ပေါ်ပေါက်သော အမှုစွဲဆိုရန် အကြောင်းသည် အရောင်းအဝယ်ပြုလုပ်သော ပစ္စည်းကို လက်ရောက်ပေးအပ်ရန် စွဲဆို

၁၉၈၅
ဦးဇော်ဖေ
နှင့်
ဒေါ်ခင်သန်း

သော အမှု၌ ပေါ်ပေါက်သော အမှုစွဲဆိုရန်အကြောင်းနှင့် မတူချေ။ အရောင်းအဝယ်ကိစ္စကို သီးခြားဆောင်ရွက် ပေးစေလိုမှုမှာ ပစ္စည်းရောင်းချရန် ပဋိညာဉ်အပေါ် အခြေခံ၍ စွဲဆိုခြင်းဖြစ်ပြီး လက်ရောက် အပ်ပေးစေလိုမှုမှာ ပစ္စည်းလွှဲပြောင်း စာချုပ်အပေါ် အခြေခံ၍ စွဲဆိုခြင်းဖြစ်သည်။ သို့ရာတွင် ယင်းအမှုစွဲဆိုရန် အကြောင်းနှစ်ရပ်ကို အမှုတစ်မှုတည်းတွင် ပူးတွဲစစ်ဆေးခြင်းဖြင့် အဆင်မပြေမှုများ ပေါ်ပေါက်မှု မရှိနိုင်သည်သာမက ယင်းအကြောင်းနှစ်ရပ်မှာ ဆက်စပ်နေသည့်အလျောက် တစ်မှုတည်းတွင် တပေါင်းတည်း စစ်ဆေးခြင်းဖြင့် အချိန်ကုန်သက်သာခြင်း၊ စရိတ်စက သက်သာခြင်းစသည့် အကျိုးများ ဖြစ်ထွန်းနိုင်သည့်အပြင် တဘက်အမှုသည်အား နစ်နာစေမှုလည်း မရှိနိုင်သည်ဖြစ်ရာ ထိုသို့ တပေါင်းတည်းစွဲဆိုခြင်းသည် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၊ နည်း ၄ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ရန်အကြောင်း မရှိနိုင်၊ ထို့ပြင် အမှုပွားများခြင်းကိုလည်း ပိတ်ပင်နိုင်မည် ဖြစ်သည်။

ထို့ကြောင့် ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၁၆၉/၇၉ တွင် (၃၀-၆-၈၃) နေ့က ချမှတ်ခဲ့သော စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီးအယူခံတရားလို ဦးဇော်ဖေမှ ကျန်ငွေကျပ် ၁၆၀၀၀/-ကို ဒေါ်ခင်သန်းသို့ ပေးချေပါက ဒေါ်ခင်သန်းက သက်သေခံ (က) ကတိ ပဋိညာဉ်အတိုင်း အချင်းဖြစ်အိမ်နှင့် မြေအတွက် အရောင်းအဝယ် စာချုပ်ကို မှတ်ပုံတင်ပြုလုပ်ပေးပြီး အိမ်နှင့်မြေကို လက်ရောက်ပေးအပ်ရန် ရုံးအဆင့်ဆင့် ကုန်ကျစရိတ်နှင့်တကွ အနိုင်ဒီကရီ ချမှတ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၅၀/-သတ်မှတ်သည်။

## တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းရှိန်၊အဖွဲ့ဝင်များအဖြစ် ဦးခင်ဇော်မှုနှင့်ဦးသန့်စင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅
စက်တင်ဘာလ
၁၀ ရက်

ဦးတင့်ဆွေပါ(၂)
နှင့်
ဒေါ်အမာ *

**တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉ နည်း ၁ ပါပြဋ္ဌာန်းချက်—အငြင်းပွားသော ပစ္စည်းသည် ပျက်စီးယိုယွင်းမည့်၊ ဖျက်ဆီးခြင်းခံရမည့်၊ သို့မဟုတ် လွှဲပြောင်းပေးခြင်းခံရမည့် အန္တရာယ်ရှိရန် လိုအပ်ခြင်း— ကုစားမရနိုင်သည့် ဆုံးရှုံးနစ်နာမှုမပေါ်ပေါက်လျှင် ယာယီတားဝရမ်းထုတ်ဆင့်ရန် မသင့်လျော်ခြင်း။**

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉၊ နည်း ၁ ပါ ပြဋ္ဌာန်းချက်များအရဆိုလျှင် အမှုတစ်မှုတွင် အငြင်းပွားသော ပစ္စည်းသည် ပျက်စီးယိုယွင်းမည့်၊ သို့မဟုတ် ဖျက်ဆီးခြင်းခံရမည့်၊ သို့မဟုတ် လွှဲပြောင်းပေးခြင်း ခံရမည့် အန္တရာယ် ရှိနေကြောင်း ထင်ရှားမှသာ ထိုအငြင်းပွားသော ပစ္စည်းနှင့် စပ်လျဉ်း၍ ယာယီတားဝရမ်း ထုတ်ဆင့်နိုင်သည်။ ဤအမှုတွင် အငြင်းပွားသော ပစ္စည်းမှာ "မြေ"သာလျှင် ဖြစ်သည်။ ဝင်းထရံကာရံခြင်း၊ အဆောက်အအုံ ဆောက်လုပ်ခြင်းတို့ကြောင့် ထိုမြေကို ယိုယွင်းပျက်စီးစေသည်ဟု မဆိုနိုင်သည့်အပြင် ကုစားမရနိုင်သည့် ဆုံးရှုံး နစ်နာမှုများ ပေါ်ပေါက်နိုင်သည် မဟုတ်သောကြောင့် တရားမကျင့်ထုံးအမိန့် ၃၉၊ နည်း ၁ အရ ယာယီ တားဝရမ်းထုတ်ဆင့်ပေးရန် မသင့်ပေ။

အယူခံတရားလိုများအတွက် — ဦးကျော်ကျော်ဝင်း၊ဗဟိုတရားရုံးရှေ့နေ။

အယူခံ တရားပြိုင်အတွက် — ဦးညွန့်မှိုင်၊ ဗဟိုတရားရုံးရှေ့နေ။

---

* ၁၉၇၄ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၂၉။

† ၁၉၇၄ ခုနှစ်၊ တရားမကြီးမှု အမှတ် ၇၀ တွင် ချမှတ်သော (၅-၇-၇၄)နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏ အမိန့်ကို အယူခံမှု။

အချင်းဖြစ်မြေကို ခွဲ၍ လက်ရောက်ပေးအပ်ရန်နှင့် ထာဝစဉ် တားဝရမ်း ထုတ်ပေးရန် အယူခံတရားပြိုင် ဒေါ်အမာက အယူခံတရားလို ဦးတင့်ဆွေတို့အပေါ် စွဲဆိုသည့် မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၇၀/၇၄ (အရွှေ့မြောက်)တွင် ဒေါ်အမာ၏ လျှောက်ထားချက်အရ ဝင်းထရံ ကာရံခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်းတို့ကို မပြုလုပ်ရန် တဘက်သတ် ယာယီ တားဝရမ်း ထုတ်ဆင့်ခဲ့သည်။ ယင်းတားဝရမ်းကို ရုပ်သိမ်းပေးရန် ဦးတင့်ဆွေတို့က တရားမ ကျင့်ထုံးအမိန့် ၃၉၊ နည်း ၄ အရ လျှောက်ထားရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံး၌ ဤအထွေထွေ အယူခံကို တင်သွင်းသည်။ ၁၉၇၅ ဦးတင့်ဆွေ ပါ (၂)နှင့် ဒေါ်အမာ

တရားမကျင့်ထုံးအမိန့် ၃၉၊ နည်း ၃ တွင် အကြောင်းကြားစာ ထုတ်ဆင့်ခြင်းအားဖြင့် ကြန့်ကြာမှုဖြစ်ကာ ယာယီတားဝရမ်း လျှောက်ထားခြင်း၏ ရည်ရွယ်ချက်ကို အဟောသိကံ ဖြစ်စေမည့် အမှုမျိုး၌သာ တရားရုံးအနေဖြင့် တဘက်သို့ အကြောင်းကြားစာ မထုတ်ပဲ ယာယီ တားဝရမ်း ထုတ်ပေးနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ တိုင်းတရားရုံး၏ ၄-၆-၇၄ နေ့စွဲပါ နေ့စဉ်မှတ်တမ်း အမိန့်၌ တဘက်သို့ အကြောင်းကြားစာ မထုတ်ဆင့်ပဲ တဘက်သတ် ယာယီတားဝရမ်း ထုတ်ပေးရလောက်အောင် အရေးကြီးသည့် အကြောင်းကိစ္စ ပေါ်ပေါက် နေကြောင်း ဖော်ပြမထားပေ။

တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊နည်း ၁ ပါပြဋ္ဌာန်းချက်များအရဆိုလျှင်လည်း အမှုတစ်မှုတွင် အငြင်းပွားသော ပစ္စည်းသည် ပျက်စီးယိုယွင်းမည့်၊ သို့မဟုတ် ဖျက်ဆီးခြင်း ခံရမည့်၊ သို့မဟုတ် လွှဲပြောင်းပေးခြင်း ခံရမည့် အန္တရာယ်ရှိနေကြောင်း ထင်ရှားမှသာ ထိုအငြင်းပွားသော ပစ္စည်းနှင့် စပ်လျဉ်း၍ ယာယီတားဝရမ်း ထုတ်ဆင့်နိုင်သည်။ ဤအမှုတွင် အငြင်းပွားသောပစ္စည်းမှာ "မြေ"သာလျှင် ဖြစ်သည်။ ဝင်းထရံ ကာရံခြင်း၊ အဆောက်အအုံ ဆောက်လုပ်ခြင်းတို့ကြောင့် ထိုမြေကို ယိုယွင်းပျက်စီးစေသည်ဟု မဆိုနိုင်သည့်အပြင် ကုစားမရနိုင်သည့် ဆုံးရှုံးနစ်နာမှုများ ပေါ်ပေါက်နိုင်သည် မဟုတ်သောကြောင့် တရားမကျင့်ထုံးအမိန့် ၃၉၊ နည်း ၁ အရ ယာယီတားဝရမ်း ထုတ်ဆင့်ပေးရန် မသင့်ပေ။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ မန္တလေးတိုင်း တရားရုံးက ယာယီတားဝရမ်း ထုတ်ဆင့်သည့်အမိန့်ကို ပယ်ဖျက်လိုက်သည်။ ဤအယူခံတွင် ကုန်ကျသော တရားစရိတ်ကို အယူခံတရားပြိုင်က ကျခံစေရမည်။

ရှေ့နေခ ကျပ် ၅၀/—သတ်မှတ်သည်။

## တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးခင်ဇာမုံ နှင့် ဦးထွန်းရှိန် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

†၁၉၇၅
စက်တင်ဘာလ
၂၀ ရက်

ဦးထွန်းပါ(၂)
နှင့်
ဦးဘမင်းပါ(၂)*

ဇာရီမှုများ၌ တရားနိုင်မလာ၍ လျှောက်လွှာကို ပယ်လျှင် တရားနိုင်က ထိုပလပ်သည့်အမိန့်ကို ပယ်ဖျက်ပေးရန် လျှောက်ထားခြင်း မပြုနိုင်—ကာလ စည်းကမ်းသတ်အတွင်း၌ ဇာရီလျှောက်လွှာသစ် တင်ရန် ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ဇာရီမှုများ၌ တရားနိုင် မလာရောက်သည်ကို အကြောင်းပြုပြီး ဇာရီလျှောက်လွှာကို ပယ်လျှင် တရားနိုင်အနေဖြင့် ထိုပလပ်သည့် အမိန့်ကို ပယ်ဖျက်ပေးရန်အတွက် လျှောက်ထားခြင်း မပြုနိုင်ပေ။ ကာလစည်းကမ်းသတ် ဘောင်အတွင်း ဇာရီလျှောက်လွှာ သစ် တင်သွင်းလျှောက်ထားရန်သာ ဖြစ်ပေသည်။

လျှောက်ထားသူများအတွက် — မရှိ။

လျှောက်ထားခံရသူများအတွက် — မရှိ။

မွန်ပြည်နယ်တရားရုံး၊ တရားမကြီးမှု အမှတ် ၄၇(မ)/၇၂ တွင် ဦးဘမင်းနှင့် ဒေါ်ကြည်နှစ်တို့က ဦးထွန်းနှင့် ဒေါ်အုံးမေတို့အပေါ် တွင် ရရှိထားသော ဒီကရီကို မွန်ပြည်နယ်တရားရုံး၊ တရားမ ဇာရီမှု အမှတ် ၁(ခ)/၇၄ တွင် အတည်ပြုသည်။ ထိုဇာရီမှုတွင် တရားနိုင် ဦးဘမင်းတို့၏ကိုယ်စားလှယ်ကချိန်းဆိုသည့်နေ့တွင် လာရောက်ရန် ပျက်ကွက်သောကြောင့် ပြည်နယ်တရားရုံးက ဇာရီမှုကို ပိတ်သိမ်းကြောင်း ၅-၆-၇၄ နေ့တွင် အမိန့်ချမှတ်သည်။ ပိတ်သိမ်းလိုက်သည့် ဇာရီမှုကို ပြန်လည်ဖွင့်လှစ်ပေးရန် ဦးဘမင်းတို့၏ ကိုယ်စားလှယ်က ၁၂-၆-၇၄

---

* ၁၉၇၅ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၂။

† ၁၉၇၄ ခုနှစ်၊ တရားမ ဇာရီမှုအမှတ် ၁ (ခ)တွင် ချမှတ်သော (၂၆-၉-၇၄) နေ့စွဲပါ မွန်ပြည်နယ်တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

နေ့တွင် လျှောက်ထားသည်။ ဦးထွန်းတို့က ထိုလျှောက်လွှာကို ကန့်ကွက်သော်လည်း ပြည်နယ်တရားရုံးက ပိတ်သိမ်းထားသည့် ဇာရီမှုကို ပြန်လည်ဖွင့်လှစ်ခွင့် ပြုကြောင်း ၂၆-၉-၇၄ နေ့က အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို ဦးထွန်းတို့က မကျေနပ်၍ သူတို့၏ ကိုယ်စားလှယ်မှတဆင့် ပြင်ဆင်ပေးရန် ဗဟိုတရားရုံးတွင် ဤတရားမ ပြင်ဆင်မှုကို လျှောက်ထားခြင်းဖြစ်သည်။

၁၉၇၅
ဦးထွန်း ပါ(၂)
နှင့်
ဦးဘမင်း ပါ(၂)

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၁ တွင် တရားမ အထွေထွေမှုများကို တရားမကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာစစ်ဆေးရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ ဤပုဒ်မပါ ပြဋ္ဌာန်းချက်အရ တရားလိုဘက်က ရုံးချိန်းပျက်ကွက်၍ ပလပ်လိုက်သော တရားမ အထွေထွေမှုများကို တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်း ၉ အရ ပြန်လည်ဖွင့်လှစ်ပေးရန်အတွက် လျှောက်ထားနိုင်ပေသည်။ သို့ရာတွင် ဤပြဋ္ဌာန်းချက်များသည် တရားမ ဇာရီမှုများနှင့် သက်ဆိုင်ခြင်း မရှိချေ။

သို့ဖြစ်၍ ဇာရီမှုများ၌ တရားနိုင် မလာရောက်သည်ကို အကြောင်းပြုပြီး ဇာရီလျှောက်လွှာကို ပယ်လျှင် တရားနိုင်အနေဖြင့် ထိုပလပ်သည့် အမိန့်ကို ပယ်ဖျက်ပေးရန်အတွက် လျှောက်ထားခြင်း မပြုနိုင်ပေ။ ကာလစည်းကမ်းသတ် ဘောင်အတွင်း ဇာရီလျှောက်လွှာသစ် တင်သွင်းလျှောက်ထားရန်သာ ဖြစ်ပေသည်။

ထို့ကြောင့် မွန်ပြည်နယ် တရားရုံးက ပိတ်သိမ်းထားသည့် ဇာရီမှုကို ပြန်လည်ဖွင့်လှစ်ခွင့် ပြုရန် ဦးဘမင်းတို့၏ လျှောက်ထားချက်ကို ခွင့်ပြုခဲ့ခြင်းသည် ဥပဒေနှင့် မညီပေ။ ပြည်နယ်တရားရုံးသည် စီရင်ပိုင်ခွင့် မရှိသည့် ကိစ္စကို စီရင်ရာ ရောက်သဖြင့် ဤပြင်ဆင်မှုကို ခွင့်ပြုပြီး မွန်ပြည်နယ် တရားရုံး၊ တရားမဇာရီမှု အမှတ် ၁ (ခ)/၇၄ တွင် ၂၆-၉-၇၄ နေ့က ဇာရီမှုကို ပြန်လည်ဖွင့်လှစ် ခွင့်ပြုသော အမိန့်ကို စရိတ်နှင့် တကွ ပယ်ဖျက်လိုက်သည်။

ရှေ့နေခ သတ်မှတ်ခြင်း မပြု။

တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးခင်ဇာမုံနှင့် ဦးထွန်းရှိန် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၅
စက်တင်ဘာ
၂၀ ရက်

ဒေါ်နီ

နှင့်

ဦးတင်လှ ပါ (၅) ဦး*

**မိခင်တစ်ဦးသည် မိမိပိုင်ပစ္စည်းကို အတူနေ သားသမီး တစ်ဦးဦးသို့ရောင်းချပိုင်ခွင့်ရှိခြင်း—ရောင်းချရာ၌ အခြားသားသမီးများကို အသိပေးရမည်ဟု ဥပဒေသမရှိခြင်း—တိတ်တဆိတ် အရောင်းအဝယ် ပြုရုံမျှဖြင့် မလျော်ညြဇာသုံးသည်ဟု တထစ်ချမဆိုနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။မိခင်တစ်ဦးသည် သူပိုင်ပစ္စည်းတစ်ရပ်ရပ်ကို အတူနေ သားသမီး တစ်ဦးဦးသို့ရောင်းချခွင့်ရှိပေသည်။ ထိုသို့ရောင်းချသည့်အခါ ကျန်အခြား သားသမီးများကို အသိပေးရမည်ဟူ၍ ဥပဒေသမရှိချေ။ မိဘများက သူတို့ပိုင်ပစ္စည်းကို အရောင်း အဝယ်စာချုပ်ပြုလုပ်ရောင်းချခြင်းသည် ကိုတ္တိမမွေးစားခြင်း ကိစ္စမျိုးကဲ့သို့ ကျော်စောမှုရှိရန် မလိုပေ။ တိတ်တဆိတ် အရောင်းအဝယ် ပြုထားရုံမျှဖြင့် မလျော်ညြဇာသုံးပြီး ရောင်းခြင်း ဝယ်ခြင်းဖြစ်သည်ဟု တထစ်ချမဆိုနိုင်ချေ။

အယူခံတရားလိုအတွက် — ဦးတင်ဝင်း၊ ဗဟိုတရားရုံးရှေ့နေ။

အယူခံတရားပြိုင်(၁) နှင့် (၂) အတွက် — ဦးလှဘူး၊ ဗဟိုတရားရုံးရှေ့နေ။

(၃) နှင့် (၄)အတွက် — ဦးခင်မောင်အေး၊ ဗဟိုတရားရုံးရှေ့နေ။

(၅)အတွက် — အကျိုးဆောင် မလာ။

---

* ၁၉၇၄-ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၁၄၉၊

† ၁၉၇၄-ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၄(မ) တွင် ချမှတ်သော (၁၆-၇-၇၄) နေ့စွဲပါ မွန်ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

မော်လမြိုင်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၁/၇၈ တွင် အမှတ်(၁) နှင့် (၂)အယူခံတရားပြိုင် ဦးတင်လှနှင့် ဒေါ်ပေါ်လီ တို့က အယူခံတရားလို ဒေါ်နီ နှင့် အမှတ်(၃)၊ (၄) နှင့် (၅)အယူခံ တရားပြိုင်များဖြစ်ကြသော ဒေါ်ဂျက်စီ၊မောင်အောင်မြင့်နှင့် ဒေါ်မြဆန်းတို့ အပေါ် ဒေါ်နီနှင့် သူတို့၏ မိခင်ကွယ်လွန်သူ ဒေါ်နှင်းဥတို့ ပြုလုပ်ခဲ့သော အိမ်နှင့် မြေ အရောင်းအဝယ်စာချုပ်အမှတ် ၄၇၅/၆၂ သည် တရားမဝင်သော စာချုပ်ဖြစ်၍ ထိုစာချုပ်ကို ပယ်ဖျက်ပေးရန် တရားစွဲရာ မြို့နယ်တရားရုံးက ဦးတင်လှတို့၏ အမှုကို ပလပ်ခဲ့သည်။ ဦးတင်လှတို့က မွန်ပြည်နယ်တရားရုံးတွင် အယူခံဝင်သည့်အခါ ပြည်နယ်တရားရုံးက အနိုင်ဒီကရီ ချမှတ်လိုက်သောကြောင့် ဒေါ်နီက ဗဟိုတရားရုံးတွင် ဤတရားမ ဒုတိယအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။ ၁၉၈၅ ဒေါ်နီ နှင့် ဦးတင်လှ ပါ(၅)

ဦးတင်လှနှင့် ဒေါ်ပေါ်လီတို့က အဆိုလွှာတွင် မိမိတို့နှစ်ဦးနှင့် ဒေါ်နီ၊ ဒေါ်ဂျက်စီနှင့် ဒေါ်မြသန်းတို့သည် မောင်နှမများ ဖြစ်ကြကြောင်း၊ မော်လမြိုင်မြို့၊ မောင်ငံရပ်၊ အမှတ် ၇၀၀ စာရင်းပေါက်သော နေအိမ်နှင့် မြေကွက်ကို သူတို့၏မိခင် ဒေါ်နှင်းဥ မကွယ်လွန်မီက စာချုပ်အမှတ် ၄၇၅/၆၂ ဖြင့် အတူနေသည့် သမီး ဒေါ်နီအား ရောင်းချထားကြောင်း၊ ထိုသို့ရောင်းချထားကြောင်းကို ၁၉၇၈-ခုနှစ်တွင် ဒေါ်နီ၏သားမက်ဖြစ်သူက အချင်းဖြစ်မြေပေါ်တွင် ရော်ဘာမှိုင်းခံရုံ ဆောက်လုပ်သဖြင့် မိမိတို့က ကန့်ကွက်သည့် အခါတွင်မှ သိရှိရကြောင်း၊ မိမိတို့၏မိခင် ဒေါ်နှင်းဥသည် အသက် ၈၄-နှစ်အရွယ်တွင် စိတ်မမှန်တော့ပဲ သူငယ်ပြန်နေသူဖြစ်ကြောင်း၊ ထိုအချိန်တွင် မလျော်သြဇာသုံးပြီး အရောင်းအဝယ်ပြုထားခြင်း ဖြစ်၍ စာချုပ်မှာ ပျက်ပြယ်သော စာချုပ်ဖြစ်ကြောင်းစသည်ဖြင့် အဆိုပြုသည်။

ဤအမှုတွင် ဒေါ်နီနှင့် ဒေါ်မြသန်းတို့ကသာ ဦးတင်လှတို့စွဲဆိုသည့် အမှုကို ချေပကြသည်။ ဒေါ်နီတို့က အချေလွှာတွင် အချင်းဖြစ်ဥပစာကို မိခင်ဒေါ်နှင်းဥအမည်ဖြင့် ဒေါ်နီက ဝယ်ယူခဲ့ခြင်း ဖြစ်ကြောင်း၊ ဝယ်ယူချိန်က ဒေါ်နီသည် ဒုတိယအိမ်ထောင်နှင့် ဖြစ်ရာ ဒေါ်နီ၏ ဒုတိယခင်ပွန်းက နောက်ပိုင်းတွင် ဝင်မရှုပ်နိုင်စေရန်နှင့် ပထမ အိမ်ထောင်မှ သားသမီးများ ထိပါးမှုမရှိစေရန်အတွက် မိခင်ဒေါ်နှင်းဥ၏ အမည်ဖြင့် ဝယ်ယူခြင်းဖြစ်ကြောင်း၊ ဒေါ်နှင်းဥက သူမရှိသည့်အခါ အရှုပ်အရှင်းမဖြစ်စေရန် ဒေါ်နီအား ပြန်လည်လွှဲပြောင်းပေးခြင်းသာ ဖြစ်ကြောင်း ချေပသည်။

၁၉၇၅ ဒေါ်နီ နှင့် ဦးတင်လှ ပါ(၅)

မြို့နယ်တရားရုံးက ဦးတင်လှတို့သည် မလျော်ဩဇာသုံး၍ ချုပ်ဆိုသော စာချုပ်ဖြစ်ကြောင်း အဆိုပြုသော်လည်း သက်သေထင်ရှား မပြနိုင်ဟူ၍ ကောက်ယူသုံးသပ်ပြီး သူတို့စွဲဆိုသည့်အမှုကို ပလပ်ခဲ့သည်။ ပြည်နယ်တရားရုံးကမူ အခြားမောင်နှမများအား အသိမပေးပဲ တိတ်တဆိတ် စာချုပ်ချုပ်ဆို ဝယ်ယူခြင်းသည် မမှန်မကန် ဝယ်ယူထားခြင်းသာ ဖြစ်သည်ဟု ကောက်ယူသုံးသပ်ပြီး ဦးတင်လှတို့၏ အမှုကို အနိုင်ဒီကရီချမှတ်ပေးခဲ့ခြင်း ဖြစ်သည်။

ဒေါ်နီက သူ၏အယူခံလွှာတွင် ဤအမှုမှာ ကာလ စည်းကမ်းသတ်ကျော်လွန်ပြီဖြစ်ကြောင်း၊ မလျော်ဩဇာဖြင့် ချုပ်ဆိုခဲ့သော စာချုပ်မဟုတ်ကြောင်းစသည်ဖြင့် အကြောင်းပြသည်။

ပထမအယူခံ အကြောင်းပြချက်ဖြစ်သည့် ကာလ စည်းကမ်းသတ်ကျော်လွန်ခြင်းရှိ-မရှိ ပြဿနာနှင့် စပ်လျဉ်းပြီး မြို့နယ်တရားရုံးက ဦးတင်လှတို့၏ အမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်ပြီး ဖြစ်သည်ဟု ဆုံးဖြတ်ခဲ့သည်။ ပြည်နယ်တရားရုံးကမူ ကာလ စည်းကမ်းသတ်ကျော်လွန်ခြင်း မရှိသေးဟု ဆုံးဖြတ်ခဲ့သည်။ စာချုပ်စာတမ်းများကို ပယ်ဖျက်ပေးစေလိုပါက ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၉၁ အရ ထိုစာချုပ်ကို ပယ်ဖျက်နိုင်သည့် အကြောင်းအရာများကို တရားလိုသိရှိသည့်နေ့မှ ၃ နှစ်အတွင်း စာချုပ်ကိုပယ်ဖျက်ပေးရန်အတွက် တရားစွဲဆိုရမည်ဖြစ်သည်။ ဤအမှု၏ အထောက်အထားများအရ ၁၉၇၀ ခုနှစ်တွင် ဒေါ်နီ၏သားမက်ဖြစ်သူ ဦးသန်းအောင်က မြေပေါ်တွင် ရေဘ်တာမှိုင်းခံရုံ ဆောက်လုပ်သည့်အတွက် ဦးတင်လှတို့က တားမြစ်ရာမှ ယခုအချင်းဖြစ်စာချုပ် ချုပ်ဆိုထားကြောင်း ဦးတင်လှတို့သိရှိကြခြင်း ဖြစ်ပေသည်။ သို့ဖြစ်ရာ ဤအမှု၏ ကာလစည်းကမ်းသတ်ကို ၁၉၇၀ ခုနှစ်တွင်မှ စတင်ရေတွက်ရမည် ဖြစ်သည်။ ဦးတင်လှတို့က ဤအမှုကို ၄-၈-၇၀ ရက်နေ့တွင် တရားစွဲဆိုသည်ဖြစ်၍ သူတို့၏အမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်ခြင်း မရှိသေးကြောင်း ပြည်နယ်တရားရုံးက ဆုံးဖြတ်သည်မှာ မှန်ကန်ပေသည်။

ဒုတိယပြဿနာသည် ဒေါ်နှင်းဥက သမီး ဒေါ်နီအား ရောင်းချခဲ့သော စာချုပ်သည် မလျော်ဩဇာကြောင့် ချုပ်ဆို ရောင်းချခဲ့ခြင်းဟုတ် မဟုတ်ဖြစ်ပေသည်။ ဒေါ်နီနှင့် ဒေါ်မြသန်းတို့ ညီအစ်မသည် မိခင်ဒေါ်နှင်းဥ ကွယ်လွန်သည်အထိ သူတို့၏မိခင်နှင့်အတူ နေထိုင်သူများ ဖြစ်သည်။ ကျန်သားသမီးများမှာ အလုပ်တာဝန်ဖြင့် မိခင်နှင့်

၁၉၇၅
ဒေါ်နီ
နှင့်
ဦးတင်လှ
ပါ(၅)

အတူနေထိုင်ခြင်း မရှိသူများဖြစ်သည်။ ရောင်းချစဉ်က ဒေါ်နှင်းဥသည် အသက် ၈၄-နှစ်အရွယ်ရှိပြီး သူငယ်ပြန်နေသောကြောင့် အတူနေသည့်သမီး ဒေါ်နီ၏ ဩဇာလွှမ်းမိုးမှုဖြင့် ထိုသို့ ရောင်းချထားခြင်း ဖြစ်ကြောင်း ဦးတင်လှတို့က အဆိုပြုသည်။ ဒေါ်နှင်းဥသည် ထိုစဉ်က သူငယ်ပြန်နေကြောင်း ဦးအောင်ကြည် (လိုပြ-၁)၊ ဦးဆားဝက် (လိုပြ-၂)၊ ဦးဆာတား (လိုပြ-၅)တို့က ထောက်ခံထွက်ဆိုကြသည်။

ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၁ အရ ရူးသွပ်သူမဟုတ်သူ တစ်ဦးသည် ပဋိညာဉ်ပြုနိုင်သည်။ ရူးသွပ်ခြင်းနှင့် သူငယ်ပြန်ခြင်းသည် တူညီခြင်း မရှိပေ။ စာချုပ်ရေးသူ လျှောက်လွှာစာရေး ဦးပါ (ပြိုင်ပြ-၁)က စာချုပ်တွင် လက်မှတ်ရေးထိုးစဉ်အခါက ဒေါ်နှင်းဥသည် သန်သန် မာမာ ဖျတ်ဖျတ်လတ်လတ်ရှိပြီး သတိလည်း ကောင်းသူ ဖြစ်သည်ဟု ထွက်ဆိုသည်။ ဤအခြေအနေတွင် အချင်းဖြစ်နေအိမ်နှင့် မြေကွက်ကို ရောင်းချစဉ်က ဒေါ်နှင်းဥသည် စိတ်ဖောက်ပြန်သူ ဖြစ်သည်ဟု မဆို နိုင်ချေ။

မိခင်တစ်ဦးသည် သူပိုင်ပစ္စည်းတစ်ရပ်ရပ်ကိုအတူနေသားသမီး တစ်ဦး ဦးသို့ ရောင်းချခွင့်ရှိပေသည်။ ထိုသို့ ရောင်းချခဲ့သည့်အခါ ကျန်အခြား သားသမီးများကို အသိပေးရမည်ဟူ၍ ဥပဒေသမရှိချေ။ မိဘများက သူတို့ပိုင်ပစ္စည်းကို အရောင်းအဝယ်စာချုပ် ပြုလုပ်ရောင်းချခြင်းသည် ကိတ္တိမ မွေးစားခြင်း ကိစ္စမျိုးကဲ့သို့ ကျော်စောမှု ရှိရန် မလိုပေ။ တိတ်တဆိတ် အရောင်းအဝယ် ပြုထားရုံမျှဖြင့် မလျော်ဩဇာသုံးပြီး ရောင်းခြင်းဝယ်ခြင်းဖြစ်သည်ဟု တထစ်ချ မဆိုနိုင်ချေ။

အမှုတွဲရှိ အထောက်အထားများအရ ဦးတင်လှတို့အနေဖြင့် သူတို့၏ မိခင် ဒေါ်နှင်းဥက သမီး ဒေါ်နီအား အချင်းဖြစ် နေအိမ်နှင့် မြေ ကွက်ကို ဦးတင်လှတို့မသိပဲ ရောင်းချထားသည့် အချက်မှလွဲ၍ မလျော် ဩဇာသုံးပြီး အရောင်းအဝယ် ပြုလုပ်ထားခြင်းဖြစ်ကြောင်း သက်သေ ထင်ရှား ပြသနိုင်ခြင်းမရှိဟု မော်လမြိုင်မြို့နယ် တရားရုံးက ကောက် ယူ ဆုံးဖြတ်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြုသည်။ မွန်ပြည်နယ်တရားရုံး၏ စီရင် ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီးဦးတင်လှတို့၏အမှုကို ပလပ်သော မြို့နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပြန်လည်အတည်ပြုလိုက်သည်။

ရှေ့နေခကိုကျပ် ၁၀၀/-ဟုသတ်မှတ်သည်။

## တရားမ ပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးခင်ဇော်မှု၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးသန့်ဇင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၈၅ ဇူလိုင်လ ၂၉-ရက်

ဦးမင်းဟန်
နှင့်
ဦးမြင့်သိန်း*

**အမှုစစ်ဆေးနေစဉ် တရားပြိုင်တစ်ဦးသည် ၁၉၆၀ ပြည့်နှစ်၊မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃ (၁)အရ အိမ်ငှား ဖြစ်လာခြင်း—အိမ်ငှားဖြစ်လာပါက မူလအချေလွှာကို ပြင်ဆင်သင့် ခြင်း—မူလက ကျူးကျော်သူပင် ဖြစ်စေကာမူ ပုဒ်မ ၁၃ (၁) အရ အိမ်ငှားဖြစ်လာသူအား ကျူးကျော်သူအဖြစ် ဖယ်ရှားခွင့် မရှိခြင်း။**

ဆုံးဖြတ်ချက်။ ။အမှု စစ်ဆေးနေစဉ် တရားပြိုင် တစ်ဦးသည် ၁၉၆၀ ပြည့်နှစ်၊မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁)အရ အိမ်ငှား မြေငှားဖြစ်လာပါက တရားမ ကျင့်ထုံး ဥပဒေ အမိန့် ၆၊ နည်း ၇ အရ အချေလွှာကို လိုအပ်သလို ပြင်ဆင်သင့်ပေ သည်။ ဤအမှုတွင် ဦးမင်းဟန်သည် ဥပဒေအရ မြေငှားဖြစ်လာရာ တိုင်းတရားရုံးသည် သူ၏လျှောက်လွှာကို ပလပ်မည့်အစား အဆိုအချေ တို့ကို ဥပဒေနှင့်အညီ လိုအပ်သလိုပြင်ဆင်ဆောင်ရွက်စေသင့်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဦးမင်းဟန်သည် မူလက အချင်းဖြစ်မြေ ကွက်ပေါ်တွင် ကျူးကျော်နေထိုင်သူ ဖြစ်ခဲ့စေကာမူ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃ (၁) အရ ဆက်လက် နေထိုင်ခွင့်ရရှိပြီးနောက် ဦးမြင့်သိန်းသည် ဦးမင်းဟန်အား ကျူးကျော်သူအဖြစ် ဖယ်ရှားခွင့် မရှိတော့ချေ။ အဆိုပါ ဥပဒေပုဒ်မ ၁၄(၁)တွင် ဖော်ပြထားသော ကိစ္စတစ်ရပ်ရပ်အတွက်သာ ဖယ်ရှားခွင့် ရှိပေသည်။

---

* ၁၉၈၄ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၁၂၆။

† ၁၉၈၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၄၀ တွင် ချမှတ်သော (၂၈-၅-၈၄) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

အယူခံတရားလိုအတွက် — ဦးလှတင်၊ဗဟိုတရားရုံးရှေ့နေ။

အယူခံတရားပြိုင်အတွက် — ဦးမြတင်၊ ဦးကျော်နိုင်၊ ဗဟိုတရားရုံး ရှေ့နေများ။

၁၉၇၅
ဦးမင်းဟန်
နှင့်
ဦးမြင့်သိန်း

ရန်ကုန်တိုင်း တရားရုံး၊တရားမကြီးမှုအမှတ် ၂၄၀/၇၁(ကမာရွတ်) တွင် အယူခံတရားပြိုင် ဦးမြင့်သိန်းက အယူခံ တရားလို ဦးမင်းဟန် အပေါ် မြေပေါ်မှ နေအိမ်ကို ဖျက်သိမ်းဖယ်ရှား၍ လက်ရောက်ရလို ကြောင်း တရားစွဲရာ တိုင်းတရားရုံးက အနိုင်ဒီကရီ ချမှတ်လိုက်သော ကြောင့် ဦးမင်းဟန်က ဗဟိုတရားရုံးတွင် ဤတရားမ ပထမ အယူခံမှုကို တင်သွင်းသည်။

ဦးမြင့်သိန်းက အဆိုလွှာတွင် ကမာရွတ်မြို့နယ်၊ အမှတ်(၁)ရပ်ကွက် ရတနာမြိုင်လမ်း၊ အမှတ် ၇၁ စာရင်းပေါက်သော မြေကွက်သည် မိမိ အဘိုး ဦးကောင်းဝိန်ပိုင် ဖြစ်ကြောင်း၊ မိမိသည် ဦးကောင်းဝိန် ကျန် ရစ်သော ပစ္စည်းများအတွက် အမွေထိန်းစာ ရထားသူ ဖြစ်ကြောင်း၊ ဦးမင်းဟန်သည် မြေပေါ်တွင် တဲထိုး နေထိုင် လာရာမှ နှစ်ထပ်ပျဉ် ထောင်အိမ်ကို တိုးချဲ့ ဆောက်လုပ်ခဲ့သဖြင့် ရပ်ကွက် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ တားမြစ်ပေးရန် တိုင်ကြားသော်လည်း ပြေ လည်ခြင်းမရှိ၍ ဤအမှုကို စွဲဆိုရခြင်းဖြစ်ကြောင်း စသည်ဖြင့် အဆို ပြုသည်။

ဦးမင်းဟန်ကအချေလွှာတွင် ဦးကောင်းဝိန်အားမြေပေါ်တွင် ပိုင်ရှင် အား ဆန့်ကျင်နေထိုင်ခဲ့သောဦးဘိုးမြနှင့် ဒေါ်နှင်းလှတို့၏သားမက် ဦး သောင်းနှင့် သမီးဒေါ်စိန်အေးတို့ထံမှ အချင်းဖြစ်မြေကို ဝယ်ယူ နေထိုင် ခဲ့ခြင်းဖြစ်ကြောင်း၊ဦးမြင့်သိန်းသည်ဤအမှုကိုစွဲဆိုခွင့်မရှိကြောင်းစသည် ဖြင့် ချေပသည်။ ထို့ပြင် ဦးမင်းဟန်က အမှုအတောအတွင်း ၁၉၆၀ ပြည့်နှစ်၊မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁) အရ အချင်းဖြစ်မြေတွင် ဆက်လက်နေထိုင်ခွင့် ရခဲ့သူ ဖြစ်သဖြင့် သူ့ အား မြေပေါ်မှ ဖယ်ရှားခြင်း မပြုနိုင်ကြောင်း လျှောက်ထားသည်။

တိုင်းတရားရုံးက ဦးမင်းဟန်သည် ဦးသောင်းနှင့် ဒေါ်စိန်အေးတို့ ထံမှ မြေကို ဝယ်ယူနေထိုင်သည်ဆိုသော်လည်း အထောက်အထားတစုံ တရာတင်ပြနိုင်ခြင်း မရှိသဖြင့် မြေပေါ်တွင် ကျူးကျော် နေထိုင်သူဖြစ်

ကြောင်း၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁)အရ မြေငှားအဖြစ် နေထိုင်ခွင့် ရသူ ဖြစ်ကြောင်း တင်ပြသော်လည်း စီရင်ချက် ချမှတ်သည့် အဆင့်တွင် စဉ်းစား ရန် အကြောင်း မပေါ်ပေါက်သေးကြောင်းစသည်ဖြင့် သုံးသပ်ပြီး ဦးမြင့်သိန်း စွဲဆိုသည့်အမှုကို ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

**၁၉၇၅**
**ဦးမင်းဟန် နှင့် ဦးမြင့်သိန်း**

ဦးမင်းဟန်က အယူခံလွှာတွင် သူသည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃ (၁) အရ မြေငှားအဖြစ် သတ်မှတ်ခံရသူဖြစ်၍ ထိုအမိန့်ကို တင်ပြခဲ့သော်လည်း တိုင်းတရားရုံးက ထည့်သွင်းစဉ်းစားခြင်း မပြုသည်မှာ ဥပဒေနှင့် မညီကြောင်း အဓိက အကြောင်းပြသည်။

အမှုစစ်ဆေးနေစဉ် ဦးမင်းဟန်သည် ကမာရွတ်မြို့နယ် ငှားရမ်းခကြီးကြပ်ရေးအဖွဲ့ အမှုတွဲအမှတ် ၅/၇၂ တွင် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁)အရ အိမ်ငှား အဖြစ် နေထိုင်ခွင့်ပြုရန် လျှောက်ထားခဲ့ရာ မြို့နယ်ငှားရမ်းခ ကြီးကြပ်ရေးအဖွဲ့က ခွင့်ပြုခဲ့သည်။ ဦးမင်းဟန်က သူသည် ဥပဒေအရ မြေငှားတစ်ဦး အဖြစ် ပြောင်းလဲလာခဲ့သည့်အလျောက် ဦးမြင့်သိန်းကသူ့အပေါ်တွင် ကျူးကျော်နေထိုင်သူအဖြစ် တရားစွဲခွင့် မရှိတော့၍ အမှုကို ပလပ်ပေး ရန် ၂၃-၉-၇၃ နေ့က တိုင်းတရားရုံးသို့ လျှောက်ထားကြောင်း တွေ့ ရသည်။ တိုင်းတရားရုံးက ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီး ကြပ်ရေးအက်ဥပဒေပုဒ်မ ၁၃ (၁) အရ ဆက်လက် နေထိုင်ခွင့် ရရှိရုံမျှ ဖြင့် ထိုသို့ နေထိုင်ခွင့် ရသူအပေါ် စွဲဆိုထားသော အမှုကို ပယ်ရန် အကြောင်းမရှိဟု သုံးသပ်ပြီး ဦးမင်းဟန်၏ လျှောက်လွှာကို ငြင်းပယ်ခဲ့ သည်။ အမှုကို ဆက်လက်စစ်ဆေးရန်လည်း အမိန့်ချမှတ်ခဲ့သည်။

အမှုစစ်ဆေးနေစဉ် တရားပြိုင်တစ်ဦးသည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြ ဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁)အရ အိမ်ငှား မြေငှား ဖြစ်လာပါက တရားမကျင့်ထုံးဥပဒေအမိန့် ၇၊ နည်း ၇ အရ အချေလွှာကို လိုအပ်သလို ပြင်ဆင်သင့် ပေသည်။ ဤအမှုတွင် ဦးမင်းဟန်သည် ဥပဒေအရ မြေငှားဖြစ်လာရာ တိုင်းတရားရုံးသည် သူ၏ လျှောက်လွှာကို ပလပ်မည့်အစား အဆိုအချေတို့ကို ဥပဒေနှင့် အညီ လို အပ်သလို ပြင်ဆင်ဆောင်ရွက်စေသင့်ပေသည်။ ထိုသို့အဆို အချေတို့ကို ပြင်ဆင်ခြင်း မပြုခဲ့သော်လည်း ဤအမှုတွင် ကမာရွတ်မြို့နယ် ငှားရမ်းခ

ကြီးကြပ်ရေးအဖွဲ့က ဦးမင်းဟန်အား မြေငှားအဖြစ်သတ်မှတ်သည့်အမိန့်ကို သက်သေခံအဖြစ် လက်ခံထားပြီးဖြစ်ကြောင်း တွေ့ရသည်။

၁၉၇၅
ဦးမင်းဟန်
နှင့်
ဦးမြင့်သိန်း

ဦးမင်းဟန်သည် မူလက အချင်းဖြစ် မြေကွက်ပေါ်တွင် ကျူးကျော်နေထိုင်သူ ဖြစ်ခဲ့ကောမူ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၃ (၁) အရ ဆက်လက်နေထိုင်ခွင့် ရရှိပြီးနောက် ဦးမြင့်သိန်းသည် ဦးမင်းဟန်အား ကျူးကျော်သူအဖြစ် ဖယ်ရှားခွင့် မရှိတော့ချေ။ အဆိုပါ ဥပဒေပုဒ်မ ၁၄ (၁) တွင် ဖော်ပြထားသော ကိစ္စတစ်ရပ်ရပ်အတွက်သာ ဖယ်ရှားခွင့် ရှိပေသည်။

ထို့ကြောင့် ဤအယူခံမှုကို ခွင့်ပြုသည်။ ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး ဦးမြင့်သိန်းက ဦးမင်းဟန်အပေါ် စွဲဆိုသည့်အမှုကို တရားစရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀/-သတ်မှတ်သည်။

# တရားမပထမအယူခံမှု

## ဥက္ကဋ္ဌအဖြစ်ဦးခင်ဇာမုံ၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်နှင့်ဦးတင်အုန်း တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးကျော် ပါ (၂)
နှင့်
ဒေါ်ဗီရာကျော်*

†၁၉၈၅
အောက်တို
ဘာလ
၁၅ ရက်

**ခရစ်ယာန်ဘာသာဝင်တစ်ဦး ကွယ်လွန်သောအခါ သေတမ်းစာ မကျန်ရစ်လျှင် အမွေဆက်ခံခြင်းအက်ဥပဒေအရ အဆုံးအဖြတ်ပေးရမည်ဖြစ်ခြင်း— ကွယ်လွန်သူ၏ အမွေကို ဆက်ခံခွင့်ရှိကြောင်း တွေ့ရှိရလျှင် မြန်မာဓလေ့ ထုံးတမ်းဥပဒေအရ အမွေဆက်ခံခွင့်ရှိကြောင်းမှားယွင်းကိုးကားမိရုံမျှဖြင့် အမွေမရသင့်ဟု ကောက်ယူဆုံးဖြတ်ခြင်းမပြုနိုင်— ဗုဒ္ဓဘာသာဝင် သားသမီးတစ်ဦးသည် ခရစ်ယာန်ဘာသာဝင်၏အမွေကိုဆက်ခံခွင့်မရှိဟု အမွေဆက်ခံခြင်း အက်ဥပဒေတွင် တားမြစ်ခြင်းမရှိ— အမွေဆိုင်တစ်ဦးသည် ပူးတွဲအမွေဆိုင်တစ်ဦးအပေါ် အမွေစီမံခန့်ခွဲပေးစေလိုလျှင် တိုက်ရိုက်စွဲဆိုနိုင်ခြင်း— အမွေပစ္စည်းတွင် အမွေဝေစု ရခွင့်ရှိကြောင်း မြွက်ဟကြေငြာပေးရန် သာမန်အားဖြင့် စွဲဆိုရန် အကြောင်းမရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ကွယ်လွန်သူ ဒေါ်စီသည် ခရစ်ယာန် ဘာသာဝင် တစ်ဦးဖြစ်ကြောင်း အငြင်းမပွားချေ။ သူကွယ်လွန်သောအခါ သေတမ်းစာ ကျန်ရစ်ကြောင်း အထောက်အထား တစုံတရာမရှိပေ။ သို့ဖြစ်ရာ ဒေါ်စီ၏ အမွေကို ဆက်ခံခြင်းကိစ္စနှင့် စပ်လျဉ်း၍ အမွေဆက်ခံခြင်း အက်ဥပဒေအရ အဆုံးအဖြတ် ပေးရမည်ဖြစ်သည်။ အယူခံတရားပြိုင်၏ အဆိုလွှာအပိုဒ် ၈ တွင် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အမွေရထိုက်ကြောင်း အဆိုပြုထားသည်ကို တွေ့ရသည်။ ကွယ်လွန်သူသည် ဗုဒ္ဓဘာသာဝင်မဟုတ်သဖြင့် သူ၏ အမွေကို ဆက်ခံသည့်ကိစ္စမှာ မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့် မသက်ဆိုင်ချေ။ သို့ရာတွင် အယူခံတရားပြိုင်သည် ကွယ်လွန်သူ၏ အမွေကို ဆက်ခံခွင့်ရှိကြောင်း တွေ့ရှိရလျှင် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံခွင့် ရှိကြောင်း မှားယွင်း ကိုးကားမိရုံမျှဖြင့် အမွေမရသင့်ဟု ကောက်ယူ ဆုံးဖြတ်ခြင်းမပြုနိုင်ပေ။

---

* ၁၉၈၄ ခုနှစ်၊ တရားမပထမ အယူခံမှုအမှတ် ၁၄၃

† ၁၉၇၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၂၅ တွင် ချမှတ်သော (၁၆-၂-၈၄) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၈၅
ဦးကျော်
ပါ (၂)
နှင့်
ဒေါ်ဗီရာ
ကျော်

**ထပ်မံဆုံးဖြတ်ချက်။** ။အယူခံတရားပြိုင်ဒေါ်ဗီရာကျော်သည် ကွယ်လွန်သူ၏ သမီးအရင်းဖြစ်ကြောင်း အငြင်းမပွားချေ။ အယူခံ တရားလိုတို့၏ ရှေ့နေက ဗုဒ္ဓဘာသာဝင်ဖြစ်သူ ဒေါ်ဗီရာကျော်သည် ခရစ်ယာန်ဘာသာဝင် အမွေရှင်၏ အမွေကို ရခွင့်ရှိသည်ဟု တိုင်းတရားရုံးက ဆုံးဖြတ်ခြင်းမှာ မှားယွင်းကြောင်း လျှောက်ထားသည်။ ဗုဒ္ဓဘာသာဝင်သားသမီးတစ်ဦးသည် ခရစ်ယာန်ဘာသာဝင်၏ အမွေကို ဆက်ခံခွင့်မရှိဟု အမွေဆက်ခံခြင်း အက်ဥပဒေတွင် တားမြစ်ထားခြင်း မရှိချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။အမွေဆိုင်တစ်ဦးသည် ပူးတွဲအမွေဆိုင် တစ်ဦးအပေါ် **အမွေစီမံခန့်ခွဲပေးစေလိုလျှင် တိုက်ရိုက်စွဲဆိုနိုင်သည်။ အမွေပစ္စည်း**တွင် အမွေဝေစုရခွင့်ရှိကြောင်း မြွက်ဟကြေငြာပေးရန် သာမန်အားဖြင့် စွဲဆိုရန် အကြောင်းမရှိချေ။

အယူခံတရားလိုအတွက် — ဦးဘထွန်း၊ ဗဟိုတရားရုံးရှေ့နေ

**အယူခံတရားပြိုင်အတွက်** — ဒေါက်တာ မောင်မောင်ကျော်၊ ဗဟိုတရားရုံးရှေ့နေ

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၆၂၅/၇၇ (မင်္ဂလာတောင်ညွန့်)တွင် အယူခံတရားပြိုင် ဒေါ်ဗီရာကျော်နှင့် အမှုစွဲဆိုပြီးမှ ရုပ်သိမ်းသွားသော ဒေါ်ရီတာကျော်တို့က အယူခံတရားလို ဦးကျော်နှင့် ဒေါ်တင်မြတို့အပေါ် မိမိတို့နှစ်ဦးသည် ကွယ်လွန်သူ ဒေါ်စီ ကျန်ရစ်သော ပစ္စည်း **အရပ်ရပ်တွင် ထက်ဝက်ဝေစု ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေငြာပေးရန်နှင့် အမွေပစ္စည်းများကို စီမံခန့်ခွဲပေးစေရန် တရားစွဲဆိုရာ၊ တိုင်းတရားရုံးက** နှစ်ဘက်ကို စစ်ဆေးကြားနာပြီးနောက် ဒေါ်စီ ကျန်ရစ်သောအမွေပစ္စည်း များ၏ ထက်ဝက်ကို ဒေါ်ဗီရာကျော် အမွေဆက်ခံခွင့်ရှိကြောင်း ပဏာမ ဒီကရီ ချမှတ်လိုက်သဖြင့် ဦးကျော်တို့က မကျေနပ်၍ ဗဟိုတရားရုံးတွင် ဤတရားမပထမအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

မူလရုံးတရားလို ဒေါ်ဗီရာကျော်တို့က မိမိတို့သည် ဦးကျော်နှင့် ဒေါ်ဂျူစီကျော် (ခ) ဒေါ်စီတို့၏ သားသမီးများဖြစ်ကြောင်း၊ ဒေါ်စီသည် ၁၅-၇-၇၄ နေ့တွင် ကွယ်လွန်ခဲ့ကြောင်း၊ မရွှေ့မပြောင်း နိုင်သော ပစ္စည်းနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ ကျန်ရစ်ခဲ့ကြောင်း၊ ဦးကျော်သည် တရားပြိုင် ဒေါ်တင်မြနှင့် ၇-၇-၇၆ နေ့တွင် အိမ်ထောင်ပြုခဲ့ကြောင်း စသည်ဖြင့် အဆိုပြုကာ မိမိတို့သည် ကွယ်လွန်သူ ကျန်ရစ်သော

ဇစ္စည်းအရပ်ရပ်တွင် ထက်ဝက်ပိုင်ဆိုင်ကြောင်း . မြွက်ဟကြေငြာပေးရန်နှင့် အမွေပစ္စည်းများကို စီမံခန့်ခွဲပေးစေရန် တရားစွဲဆိုလေသည်။

၁၉၇၅ ဦးကျော် ပါ(၂) နှင့် ဒေါ်ဗီရာ ကျော်

ဦးကျော်တို့က ဒေါ်ရီတာကျော်သည် ဦးကျော်နှင့် ဒေါ်စီတို့၏ သမီး မဟုတ်ကြောင်း၊ သို့ဖြစ်၍ မိထွေးဒေါ်စီ၏ အမွေကို တောင်းခံပိုင်ခွင့်မရှိကြောင်း၊ တရားလိုများသည် ဒေါ်စီ၏ အမွေကို မြန်မာဓလေ့ ထုံးတမ်း ဥပဒေအရ လျှောက်ထားစွဲဆိုခွင့်မရှိကြောင်း စသည်ဖြင့် ထုချေသည်။

ကွယ်လွန်သူ ဒေါ်စီသည် ခရစ်ယာန် ဘာသာဝင်တစ်ဦး ဖြစ်ကြောင်း အငြင်းမပွားချေ။ သူ ကွယ်လွန်သောအခါ သေတမ်းစာ ကျန်ရစ်ကြောင်း အထောက်အထား တစ်စုံတရာမရှိပေ။ သို့ဖြစ်ရာ ဒေါ်စီ၏ အမွေကို ဆက်ခံခြင်း ကိစ္စနှင့်စပ်လျဉ်း၍ အမွေဆက်ခံခြင်း အက်ဥပဒေအရ အဆုံး အဖြတ် ပေးရမည်ဖြစ်သည်။ အယူခံတရားပြိုင်၏ အဆိုလွှာ အပိုဒ် ၇ တွင် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အမွေရထိုက်ကြောင်း အဆိုပြုထားသည်ကို တွေ့ရသည်။ ကွယ်လွန်သူသည် ဗုဒ္ဓဘာသာဝင် မဟုတ်သဖြင့် သူ၏အမွေကို ဆက်ခံသည့်ကိစ္စမှာ မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့် မသက်ဆိုင်ချေ။သို့ရာတွင် အယူခံတရားပြိုင်သည် ကွယ်လွန်သူ၏အမွေကို ဆက်ခံခွင့်ရှိကြောင်း တွေ့ရှိ ရလျှင် မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ အမွေဆက်ခံခွင့် ရှိကြောင်း မှားယွင်းကိုးကားမိရုံမျှဖြင့် အမွေမရသင့်ဟု ကောက်ယူဆုံးဖြတ်ခြင်း မပြု နိုင်ပေ။

ဒေါ်ရီတာကျော်သည် အယူခံတရားလိုတို့အပေါ် တရားလိုအဖြစ် တရားစွဲဆိုခဲ့သည်။ ထို့နောက် ၁၃–၁၂–၇၉ ရက်စွဲပါ လျှောက်လွှာကို တင်သွင်း၍ သူနှင့်ပတ်သက်သမျှအမှုကို ရုပ်သိမ်းခဲ့သည်။ အယူခံတရားလို၏ ရှေ့နေက အမွေစီမံခန့်ခွဲပေးစေလိုမှုတွင် အမွေစားအမွေခံအားလုံး ပါဝင် ရမည်ဖြစ်ကြောင်း၊ အမွေစားအမွေခံ မစုံလင်လျှင် အမှုထပ်မံပွားများ လာမည်ဖြစ်၍ ဒေါ်ရီတာကျော်အနေဖြင့် မိမိသဘောဖြင့် အမှုမှနုတ်ထွက် သွားခြင်းကို တိုင်းတရားရုံးကခွင့်ပြုခြင်းမှာ မှားယွင်းကြောင်း အကျယ်တဝင့် တင်ပြ လျှောက်ထားသည်။ အယူခံတရားလိုတို့၏ ချေလွှာအပိုဒ် ၇ တွင် ဒေါ်ရီတာကျော်သည် ခရစ်ယာန်ဘာသာဝင် မိထွေးဖြစ်သော ဒေါ်စီ၏ အမွေကို တောင်းခံခွင့်မရှိဟု အတည့်အလင်း ငြင်းဆိုထားသည်ဖြစ်ရာ ကွယ်လွန်သူ၏ အမွေစား အမွေခံ မဟုတ်သော ဒေါ်ရီတာကျော်သည် အမွေမှုတွင် အမှုသည်အဖြစ် ပါဝင်ရန် အကြောင်းမရှိချေ။

အယူခံတရားပြိုင် ဒေါ်ဗီရာကျော်သည် ကွယ်လွန်သူ၏ သမီးအရင်း ဖြစ်ကြောင်း အငြင်းမပွားချေ။အယူခံတရားလိုတို့၏ ရှေ့နေက ဗုဒ္ဓဘာသာဝင် ဖြစ်သူ ဒေါ်ဗီရာကျော်သည် ခရစ်ယာန်ဘာသာဝင် အမွေရှင်၏ အမွေကို

၁၉၇၅
ဦးကျော်
ပါ(၂)
နှင့်
ဒေါ်ဗီရာ
ကျော်

ရခွင့်ရှိသည် ဟု တိုင်းတရားရုံးက ဆုံးဖြတ်ခြင်းမှာ မှားယွင်းကြောင်း လျှောက်ထားသည်။ ဗုဒ္ဓဘာသာဝင်သားသမီးတစ်ဦးသည် ခရစ်ယာန်ဘာသာဝင်၏ အမွေကို ဆက်ခံခွင့်မရှိ ဟု အမွေဆက်ခံခြင်း အက်ဥပဒေတွင် တားမြစ်ထားခြင်း မရှိချေ။

ဒေါ်စိကွယ်လွန်သောအခါ ခင်ပွန်းဖြစ်သူ ဦးကျော်နှင့် သမီး ဒေါ်ဗီရာကျော်တို့ ကျန်ရစ်ခဲ့သည်။ သို့ဖြစ်ရာ အမွေဆက်ခံရေး အက်ဥပဒေ ပုဒ်မ ၃၃(က)နှင့် ပုဒ်မ ၃၃ အရ ဦးကျော်သည် ဒေါ်စိ၏ အမွေ ၃ပုံ၁ပုံကို ဆက်ခံ၍ ကျန် ၃ ပုံ ၂ ပုံကို သမီးဒေါ်ဗီရာကျော်က ရရှိမည် ဖြစ်သည်။ ဒေါ်ဗီရာကျော်သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေကို ကိုးကား၍ အမွေတဝက်ကိုသာ တောင်းဆိုခဲ့သည်။အမွေ ၃ပုံ ၂ပုံ ရခွင့်ရှိကြောင်း တန်ပြန်အယူခံလွှာ ဖြစ်စေ၊ တန်ပြန် ကန့်ကွက်လွှာဖြစ်စေ တင်သွင်းခဲ့ခြင်း မရှိသဖြင့် တရားမကြီးမှုတွင် ချမှတ်ထားသည့် ၂ပုံ ၁ပုံ ထက် ပိုမိုရခွင့်မရှိတော့ချေ။

၎င်း စီရင်ချက်ကို အဆုံးမသတ်မီ မှတ်ချက် ပြုလိုသည့် အချက်မှာ ဒေါ်ဗီရာကျော်နှင့် ဒေါ်ရီတာကျော်တို့က ကွယ်လွန်သူ၏ပစ္စည်းအရပ်ရပ်တွင် ထက်ဝက်စေ့ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးစေရန် တောင်းဆိုထားသည့် ကိစ္စဖြစ်သည်။ တိုင်းတရားရုံးသည် ယင်း တောင်းဆိုချက်ကို ခွင့်ပြုသည် ခွင့်မပြုသည်နှင့်စပ်လျဉ်း၍ တစုံတရာအဆုံးအဖြတ် ပေးထားခြင်း မရှိချေ။ အမွေဆိုင်တစ်ဦးသည် ပူးတွဲအမွေဆိုင်တစ်ဦးအပေါ် အမွေစီမံခန့်ခွဲ ပေးစေလိုလျှင် တိုက်ရိုက်စွဲဆိုနိုင်သည်။ အမွေပစ္စည်းတွင် အမွေဝေစု ရခွင့် ရှိကြောင်း မြွက်ဟ ကြေငြာပေးရန် သာမန်အားဖြင့် စွဲဆိုရန်အကြောင်း မရှိချေ။ အမှုတွင် ဒေါ်ဗီရာကျော်သည် အမွေစီမံခန့်ခွဲပေးစေလိုမှု တိုက်ရိုက် မစွဲဆိုနိုင်ရန် အတားအဆီး တစုံတရာရှိကြောင်း အဆိုပြုထားခြင်းမရှိသဖြင့် မြွက်ဟဒီကရီရလိုကြောင်း စွဲဆိုခြင်းမှာ မှားယွင်းပေသည်။

ထို့ကြောင့် ၎င်းအယူခံကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခကို ကျပ် ၁၀၀/–သတ်မှတ်သည်။

# တရားမ အထွေထွေလျှောက်လွှာ

## ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ်ဦးတင်အောင်နှင့်ဦးထွန်းရှိန် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၅
အောက်တိုဘာလ
၂၁ ရက်

ဗဟိုတရားရုံး ရှေ့နေတစ်ဦး၏ကိစ္စ *

**သက်သေခံဥပဒေကို ပြဋ္ဌာန်းရခြင်းရည်ရွယ်ချက်—အမှန်တရားကို ရှာဖွေရာ၌ လွယ်ကူစေရန်ဖြစ်ခြင်း—သက်သေများအထိန်းအချုပ်မရှိ၊ အကန့်အသတ်မရှိ၊ မေးလိုရာမေးမြန်းခြင်းမရနိုင်—သက်သေခံ ဥပဒေပုဒ်မ ၁၅၁ နှင့် ပုဒ်မ ၁၅၂ တို့တွင် ပိတ်ပင်ထားသော မေးခွန်းမျိုး၊ တပါးသူအား အရှက်ရစေမည့် မေးခွန်းမျိုးကို မေးခြင်း—မကောင်းကျင့် မကောင်းကြံ ဖြင့် ပြုမူဆောင်ရွက်ရာ ရောက်သောကြောင့် ဗဟိုတရားရုံး ရှေ့နေများ ကောင်စီဥပဒေပုဒ်မ ၁၀(၁)တွင် ပြဋ္ဌာန်းထားသည့်(misconduct) ကို ကျူးလွန်ရာရောက်ခြင်း။**

**ဆုံးဖြတ်ချက်။** ။သက်သေတစ်ဦးအား ပြန်လှန်မေးမြန်းရာတွင် သက်သေခံဥပဒေက အခွင့်အရေးများ ကျယ်ပြန့်စွာပေးထားကြောင်း ဦးတင်ရီက လျှောက်ထားတင်ပြခြင်းနှင့် စပ်လျဉ်း၍ သတိချပ်ရန်မှာ သက်သေအား အထိန်းအချုပ်မရှိ၊ အကန့်အသတ်မရှိ မေးလိုရာ မေးမြန်းခြင်း မပြုနိုင်ချေ။ မေးချင်တိုင်း မေးခွင့်ပြုခဲ့လျှင် အမှုနှင့်မသက်ဆိုင်သည့် အချက်အလက်များ ကို ထည့်သွင်းလာရန် အကြောင်းရှိသည်ဖြစ်၍ တရားရုံးက အမှန်တရားကို ရှာဖွေသုံးသပ်ရာ၌ အနည်းနှင့်အများ အခက်အခဲတွေ့ရမည်မှာ ယုံမှားဖွယ် မရှိပေ။သက်သေခံဥပဒေကို ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်တစ်ရပ်မှာ အမှန် တရားကို ရှာဖွေရာ၌ လွယ်ကူစေရန် ဖြစ်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ရှေ့နေတစ်ဦးသည် သက်သေခံဥပဒေနှင့် ကင်း ကွာ၍မရချေ။ ဝါရင့်ရှေ့နေတစ်ဦးဖြစ်သူ ဦးတင်ရီအနေဖြင့် အချင်းဖြစ်မေး ခွန်းများမှာ အမှုနှင့် သက်ဆိုင်ခြင်း မရှိသည့်အပြင် သက်သေခံဥပဒေပုဒ်မ ၁၅၁ နှင့် ပုဒ်မ ၁၅၂ တို့တွင် ပိတ်ပင်ထားသော မေးခွန်းမျိုး ဖြစ်ကြောင်းကို လည်းကောင်း၊ ယင်းမေးခွန်းများ အမေးခံရသော မိန်းမသားတစ်ဦးအား လူဘုံအလယ်တွင် အရှက်တကွဲ အကျိုးနည်း ဖြစ်စေသည်ကို လည်းကောင်း

---

* ၁၉၇၅ ခုနှစ်၊ တရားမ အထွေထွေလျှောက်လွှာ အမှတ် ၂၉။

† ဗဟိုတရားရုံးရှေ့နေများကောင်စီ အက်ဥပဒေပုဒ်မ ၁၀ အရ အရေးယူပေး ရန် လျှောက်ထားမှု။

၁၉၇၅ ဗဟိုတရားရုံး ရှေ့နေတစ်ဦး ကိစ္စ

သိကောင်းသည်။ မမေးသင့်မမေးထိုက်သော၊ သက်သေခံဥပဒေက ပိတ်ပင်ထားသော၊ ထို့ပြင် တပါးသူအား အရှက်ရစေသော မေးခွန်းများကို မေးမြန်းခြင်းဖြင့် ဦးတင်ရီသည် မကောင်းကျင့်မကောင်းကြံဖြင့် ပြုမူဆောင်ရွက်ရာ ရောက်သောကြောင့် ဗဟိုတရားရုံးရှေ့နေများကောင်စီ ဥပဒေပုဒ်မ ၁၀ (၁) တွင် ပြဋ္ဌာန်းထားသည့် (**misconduct**) ကို ကျူးလွန်ရာရောက်သည်ဟု ယူဆရပေသည်။

ရုံးတော်သဟာယ — ဦးကြည်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူး ဗဟိုဥပဒေရုံး

ဗဟိုတရားရုံးရှေ့နေများ ကောင်စီ ကိုယ်စား — ဦးကိုယု၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက် — ဦးတင်ရီ၊ဗဟိုတရားရုံးရှေ့နေ (ကိုယ်တိုင်)

သက်န်းကျွန်းမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ်၄၅၅/၇၉ တွင် မခင်ဆွေသန်းက မောင်စိုးစိုးအောင်သည် မိမိ၏ ကာမကို လိမ်လည်ရယူခဲ့ပါသည်ဟု စွပ်စွဲလျက်၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ မောင်စိုးစိုးအောင်အပေါ် အရေးယူပေးရန် တိုင်လျှောက်စွဲဆိုခဲ့ရာ၊ လျှောက်ထားခံရသူ ဗဟိုတရားရုံးရှေ့နေ ဦးတင်ရီသည် တရားခံ မောင်စိုးစိုးအောင်၏ အဲကျိုးဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ယင်းအမှုတွင် တရားလိုဘက်မှ တိုင်လျှောက်သူ မခင်ဆွေသန်းနှင့် သက်သေမိခင်ဖြစ်သူ ဒေါ်မေသိန်းဆွေတို့အား စစ်ဆေးရာတွင် ဦးတင်ရီက အောက်ပါမေးခွန်းများကို မေးမြန်းခဲ့သည်။

မခင်ဆွေသန်းအား "မင်းအဖေနှင့် အမေတို့သည် မင်းတို့အိမ် ဧည့်ခန်းတွင် ကာမစပ်ယှက်တာ မြင်ဘူးသလား" ဟူ၍ လည်းကောင်း၊

ဒေါ်မေသိန်းဆွေအား "ဦးညီညီသန့် နှင့် အိမ်ထောင်မကျမီ ကာမစပ်ယှက်မှုရှိခဲ့ဘူးပါသလား၊ ဦးညီညီသန့်နှင့် လက်ထပ်သည့်ညက ကာမစပ်ယှက်မှုရှိပါသလား၊ ဘယ်နှစ်ကြိမ်လောက် ထိုညက စပ်ယှက်မှုရှိသလဲ" ဟူ၍ လည်းကောင်း မေးမြန်းခဲ့သည်။

ဖော်ပြပါ မဖွယ်ရာသည့် မေးခွန်းများကို လူဘုံအလယ်တွင် အရှက်တကွဲ အကျိုးနည်းဖြစ်စေရန် မေးမြန်းခဲ့သည်ဟု အကြောင်းပြကာ ဦးတင်ရီအပေါ် အရေးယူပေးရန် ဒေါ်မေသိန်းဆွေက ပြည်သူ့တရားသူကြီးအဖွဲ့သို့ တိုင်ကြားခဲ့ရာ ယင်းတိုင်ကြားချက်နှင့်ပတ်သက်၍ ပြည်သူ့တရားသူကြီးအဖွဲ့က ဗဟိုတရားရုံးရှေ့နေများကောင်စီ ဥပဒေပုဒ်မ ၁၁ (၂) အရ ဗဟိုတရားရုံး ရှေ့နေများကောင်စီအဖွဲ့ဝင် (၃)ဦးပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်း

**၁၉၇၅**
**ဗဟိုတရားရုံး ရှေ့နေတစ်ဦး ကိစ္စ**

လျက် နည်းလမ်းတကျ စုံစမ်းစစ်ဆေး အစီရင်ခံစေခဲ့သည်။ ဗဟိုတရားရုံး ရှေ့နေများကောင်စီခုံရုံး၏ အစီရင်ခံစာနှင့် ပတ်သက်၍ ဗဟိုတရားစီရင်ရေး အဖွဲ့သို့ တင်ပြဆောင်ရွက်ရန် ပြည်သူ့တရားသူကြီးအဖွဲ့၏ (၃ / ၉၄) အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သဖြင့် ဤအမှုကို ဖွင့်လှစ်အရေးယူခဲ့သည်။

ဗဟိုတရားရုံး ရှေ့နေများကောင်စီ ခုံရုံးက အစီရင်ခံစာတွင် "အဆိုပါမေးခွန်းများသည် ဖော်ပြပါအမှုနှင့် သက်ဆိုင်ခြင်းမရှိသည့်အပြင် ဆက်စပ်၍လည်း မရသော မေးခွန်းများဖြစ်ကြောင်း တွေ့ရသည်။ ဤမေးခွန်းများကြောင့် တိုင်တန်းသူ၏ ဂုဏ်သိက္ခာကို များစွာ ထိခိုက်ပြီး အရှက်တကွဲ အကျိုးနည်းဖြစ်ရကြောင်း တွေ့ရသည်။ သက်ဆိုင်ရာ အကြောင်းခြင်းရာ အချက်အလက်များကို ဆင်ခြင်သုံးသပ်ပါက တိုင်တန်းခံရသူ ဗဟိုတရားရုံး ရှေ့နေကြီး ဦးတင်ရီသည် အထက်ဖော်ပြပါ မေးခွန်းများကို သဘောရိုးဖြင့် မိမိ၏ ရှေ့နေတာဝန်ဝတ္တရားအလျောက် မေးမြန်းခဲ့သည်ဟု ယူဆရန် ခဲယဉ်းကြောင်းတွေ့ရသည်" ဟု ကောက်ယူသုံးသပ်လျက် လျှောက်ထားခံရသူ ဦးတင်ရီအပေါ် ဗဟိုတရားရုံးရှေ့နေများကောင်စီ ဥပဒေပုဒ်မ ၁၀(၁) အရ လိုအပ်သလို ဆက်လက်အရေးယူသင့်ကြောင်း တင်ပြအစီရင်ခံသည်။

လျှောက်ထားခံရသူ ဦးတင်ရီက အချင်းဖြစ် မေးခွန်းများနှင့် စပ်လျဉ်း၍ မေးမြန်းသူ မိမိအပေါ် ဗဟိုတရားရုံးရှေ့နေများကောင်စီ ဥပဒေပုဒ်မ ၁၀ (၁) အရ အရေးယူ အပြစ်မပေးသင့်ကြောင်း လျှောက်လဲတင်ပြရာတွင် မိမိမေးမြန်းသည့် မေးခွန်းများသည် သက်သေအား ပို့ရာတွင် ဝေးလံလွန်းသည် (far fetched) သို့မဟုတ် လိုရင်းကို ရောက်ရန် အလှမ်းဝေးလွန်းသည် (far reaching) ဟု ဆိုနိုင်ကြောင်း၊ ကာမစပ်ယှက်ပါသည် ကိုယ်ဝန်ရရှိပါသည်ဟု သမီးကစွဲသောအမှုတွင် သမီး၏သက်သေမိခင်အား ကာမစပ်ယှက်ခြင်းနှင့် ကိုယ်ဝန်ရှိခြင်းဆိုင်ရာ ပြန်လှန်မေးခွန်းများ မေးမြန်းခြင်းသည် သမီး၏ စွပ်စွဲချက်မမှန်ကြောင်း ထင်ရှားစေရန် မိခင်၏ထွက်ချက်ဖြင့် သာဓကယူတတ်ထုတ်ယူခြင်းသာဖြစ်၍ မေးသူရှေ့နေတွင် လုပ်ငန်းခွင်ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်မှု (misconduct) ကျူးလွန်ခြင်း မဟုတ်ကြောင်း၊ ပြန်လှန်မေးခွန်းနှင့်ပတ်သက်၍ သက်သေခံ ဥပဒေတွင် အခွင့်အရေးများ ကျယ်ပြန့်စွာ ပေးထားကြောင်း၊ မိမိမေးမြန်းသည့်မေးခွန်းများသည် သက်သေခံဥပဒေ ပုဒ်မ ၁၁ (၂) ပါ ပြဋ္ဌာန်းချက်များအရ အမှုနှင့်စပ်ဆိုင်သော မေးခွန်းများဟု ယူဆကြောင်း၊ အချင်းဖြစ်မေးခွန်းများကို မေးသဖြင့် မိမိတွင် အပြစ်မရှိကြောင်း၊ (misconduct) မဖြစ်ကြောင်း၊ ရှေ့နေအကျင့်သိက္ခာ ဖောက်ဖျက်ရာမရောက်၊ ရှေ့နေတာဝန်ကျေသည့်သဘောပင်ဖြစ်ကြောင်း၊ မမေးသင့်သည့်မေးခွန်းကိုမေး၍ ရှေ့နေ

၁၉၀၅ ဗဟိုတရားရုံး ရှေ့နေတစ်ဦး ကိစ္စ

အကျင့်သိက္ခာဖောက်ဖျက်မှုကျူးလွန်သည်ဟု မည်သည့်ဥပဒေတွင်မျှ ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ဗဟိုတရားရုံးရှေ့နေများကောင်စီဥပဒေပုဒ်မ ၁၀ (၁) တွင် ဖော်ပြထားသည့် အကျင့်သိက္ခာ ပျက်ပြားခြင်း (misconduct) ဟူသော ဝေါဟာရ၏အဓိပ္ပာယ်ကို ယင်းဥပဒေတွင် ဖွင့်လှစ်ဖော်ပြထားခြင်း မရှိကြောင်း တင်ပြသည်။

ဗဟိုတရားရုံး ရှေ့နေများ ကောင်စီ ကိုယ်စား လိုက်ပါ ဆောင်ရွက်သူ ဗဟိုတရားရုံးရှေ့နေ ဦးကိုယုက တင်ပြလျှောက်ထားရာတွင်၊ အချင်းဖြစ် မေးခွန်းများမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အရ စွဲဆိုမှုနှင့် လုံးဝ မပတ်သက်သည့်ပြင်၊ ဖရုဿဝါစာစကားပါရှိသဖြင့် ယင်းမေးခွန်းများကို ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီးသက်သေတစ်ဦးအား လူဘုံအလယ်တွင် အရှက်တကွဲ အကျိုးနည်း၍ ဂုဏ်သိက္ခာထိခိုက်အောင် မေးမြန်းခဲ့သည့် ဗဟိုတရားရုံး ရှေ့နေဦးတင်ရီသည် ဗဟိုတရာရုံးရှေ့နေများကောင်စီဥပဒေပုဒ်မ ၁၀ (၁) တွင် ပြဋ္ဌာန်းထားသည့် (**Misconduct**) အကျင့်သိက္ခာ ဖောက်ဖျက်မှုကို ကျူးလွန်ကြောင်း၊ ဦးတင်ရီ၏ ပြုမူဆောင်ရွက်ချက်သည် အရေးယူဟန့်တားသင့်သည့် လုပ်ရပ်ဖြစ်၍ အတွေ့အကြုံဝါနုသေးသော တက်သစ်စရှေ့နေများ အတွက် "အတုမြင်အတတ်သင်"မဖြစ်သင့်ကြောင်း စသည်ဖြင့် ဗဟိုတရားရုံး ရှေ့နေများကောင်စီခုံရုံး၏ အစီရင်ခံစာကို ထောက်ခံတင်ပြသည်။

ရုံးတော်၏ သဟာယအဖြစ် လိုက်ပါဆောင်ရွက်သော ဗဟိုဥပဒေရုံး ဒုတိယညွှန်ကြားရေးမှူး ဦးကြည်ဝင်းကလျှောက်လဲတင်ပြရာတွင် ဦးတင်ရီက အချင်းဖြစ်မေးခွန်းများကို မမေးမြန်းခဲ့ပါဟု မငြင်းဆိုကြောင်း၊ ဦးတင်ရီ မေးမြန်းခဲ့သည့် အချင်းဖြစ်မေးခွန်းများသည် အမှုတွင် အငြင်းပွားသည့် အကြောင်းအရာနှင့်အလှမ်းကွာဝေးပြီး မဖွယ်ရာသော၊အသရေယုတ်စေသော မေးခွန်းမျိုးဖြစ်၍ အမှုစစ်သည့်ရုံးနှင့် တိုင်းတရားရုံးတို့ကပင် ဟန့်တားပိတ်ပင် ခဲ့ရသဖြင့် ထိုက်သင့်သည့်အမိန့်တစ်ရပ် ချမှတ်ပါရန် လျှောက်ထားတင်ပြသည်။

မခင်ဆွေသန်း စွဲဆိုသောအမှုတွင် အဆုံးအဖြတ်ပေးရမည့် ပြဿနာမှာ မောင်စိုးစိုးအောင်သည် မခင်ဆွေသန်းအား ထိမ်းမြားပါမည်ဟူ၍ အယုံသွင်းကာ ကာမရယူခဲ့ပြီးနောက် လက်ထပ်ရန်ငြင်းဆိုခြင်း ဟုတ် မဟုတ်ဖြစ်သည်။ ဦးတင်ရီမေးသောမေးခွန်းများသည် ယင်းပြဿနာနှင့် တနည်းနည်း ဖြင့် ဆက်နွယ်ခြင်းရှိမရှိ၊တရားခံ၏ ရှေ့နေတစ်ဦးအနေဖြင့် မေးသင့်မေးထိုက်သောမေးခွန်းများ ဟုတ် မဟုတ် စိစစ်ရန်လိုပေသည်။

ဦးတင်ရီက ဒေါ်မေသိန်းဆွေအား မေးမြန်းသော မေးခွန်းများသည် မခင်ဆွေသန်း စွဲဆိုသောအမှု၌ အငြင်းထွက်အကြောင်းခြင်းရာ၊ သို့မဟုတ်

၁၉၈၅
မဟိုတရားရုံး
ရှေ့နေတစ်ဦး
ကိစ္စ

စပ်ဆိုင်သော အကြောင်းခြင်းရာ မဟုတ်သည်မှာ ပေါ်လွင်သည့်အပြင် ဦးတင်ရီကလည်း ထိုအချက်ကို ငြင်းကွယ်ခြင်းမပြု၊ သို့ရာတွင် သက်သေခံ ဥပဒေပုဒ်မ ၁၁(၂)အရ အမှုနှင့်စပ်ဆိုင်ကြောင်း တင်ပြသည်။ ယင်းပုဒ်မ ပါ ပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်—

"အခြားနည်းဖြင့် မစပ်ဆိုင်သော အကြောင်းခြင်းရာများသည် စပ်ဆိုင်သည်မှာ၊

(၂) ၎င်းတို့ချည်း သက်သက်ဖြစ်စေ၊ အခြားအကြောင်းအရာနှင့် ဆက်စပ်၍ဖြစ်စေ၊ အငြင်းထွက် အကြောင်းခြင်းရာ သို့မဟုတ် စပ်ဆိုင်သော အကြောင်းခြင်းရာ ရှိသည်မရှိသည်ကို ယုံကြည်ရန် ယုတ္တိ ကောင်းစွာရှိလျှင် သို့မဟုတ် ယုတ္တိမရှိလျှင်"

ဒေါ်မေသိန်းဆွေတို့ လင်မယား ပေါင်းသင်းသည့်ကိစ္စနှင့် အချင်းဖြစ် ကိစ္စမှာ သီးခြားကိစ္စရပ်များ ဖြစ်ပေရာ ဒေါ်မေသိန်းဆွေအား မေးသည့် မေးခွန်းများ၏ အဖြေတို့သည် မခင်ဆွေသန်း၏ စွပ်စွဲချက်များအပေါ် တစုံတရာ အကျိုးသက်ရောက်မှု မရှိနိုင်ကြောင်း ယုံမှားဖွယ်မရှိချေ။ သို့ဖြစ်၍ အချင်းဖြစ်မေးခွန်းများသည်သက်သေခံဥပဒေပုဒ်မ ၁၁(၂)အရ သက်သေခံ ဝင်သည်ဆိုသောအချက်ကို လက်ခံနိုင်ရန် အကြောင်းမရှိချေ။ ထို့ပြင် မခင်ဆွေသန်း၏ စွပ်စွဲချက်မမှန်ကြောင်း ပေါ်လွင်စေရန် ရည်ရွယ်မေးရ ပါသည်ဆိုသော ဖြေရှင်းချက်ကို လက်ခံနိုင်ရန် အကြောင်းလည်းမမြင်ချေ။ သီးခြားဖြစ်ရပ်နှစ်ခုကိုယှဉ်၍ သာဓက ထုတ်ယူရန်ဖြစ်ကြောင်း ဦးတင်ရီက အကြောင်းပြသော်လည်း မည်သို့သာဓက ထုတ်ယူနိုင်သည်ကိုကား လက်ခံ နိုင်လောက်အောင် ဖြေရှင်းနိုင်ခြင်းမရှိချေ။ ဤအခြေအနေတွင် ရရာ အကြောင်းကိုရှာ၍ တင်ပြနေခြင်း ဖြစ်သည်ဟုသာ ကောက်ယူရပေမည်။

မခင်ဆွေသန်း စွပ်စွဲသောအမှုသည် မုဒိမ်းမှုမဟုတ်ချေ။ ကာမမှုနှင့်စပ်ဆိုင် သည့် ကိစ္စကို အသေးစိတ်စိစစ်ရမည့် အမှုမျိုးလည်းမဟုတ်သည်ကိုသတိချပ်ရန် လိုပေသည်။ သို့ဖြစ်၍ ဒေါ်မေသိန်းဆွေအား မေးမြန်းသော မေးခွန်းများမှာ အမှုနှင့် စပ်ဆိုင်ခြင်းမရှိသည်မှာ ယုံမှားဖွယ်မဟုတ်ချေ။

သက်သေတစ်ဦးအား ပြန်လှန်မေးမြန်းရာတွင် သက်သေခံဥပဒေက အခွင့် အရေးများ ကျယ်ပြန့်စွာပေးထားကြောင်း ဦးတင်ရီက လျှောက်ထားတင်ပြ ခြင်းနှင့် စပ်လျဉ်း၍ သတိချပ်ရန်မှာ သက်သေအား အထိန်းအချုပ်မရှိ၊ အကန့်အသတ်မရှိ မေးလိုရာမေးမြန်းခြင်း မပြုနိုင်ချေ။ မေးချင်တိုင်း မေး ခွင့်ပြုခဲ့လျှင် အမှုနှင့် မသက်ဆိုင်သည့် အချက်အလက်များကို ထည့်သွင်း လာရန် အကြောင်းရှိသည်ဖြစ်၍ တရားရုံးက အမှန်တရားကို ရှာဖွေသုံးသပ်

၁၉၇၅ ဗဟိုတရားရုံး ရှေ့နေတစ်ဦး ကိစ္စ

ရာ၌ အနည်းနှင့် အများ အခက်အခဲ တွေ့ရမည်မှာ ယုံမှားဖွယ် မရှိပေ။ သက်သေခံဥပဒေကို ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်တစ်ရပ်မှာ အမှန်တရားကို ရှာဖွေရာ၌ လွယ်ကူစေရန် ဖြစ်ပေသည်။

သက်သေခံဥပဒေပုဒ်မ ၁၅၁ နှင့် ၁၅၂ တို့တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

"ပုဒ်မ ၁၅၁။ မဖွယ်ရာသည် သို့မဟုတ် အသရေဖျက်စေသည်ဟု တရားရုံးကယူဆသော မေးခွန်းများကို သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းများကို တရားရုံး၏ရှေ့မှောက်ရှိ ပြဿနာများနှင့် အနည်းငယ်သက်ဆိုင်သော်လည်း အငြင်းထွက် အကြောင်းခြင်းရာများနှင့် သက်ဆိုင်ခြင်း မဟုတ်လျှင်၊ သို့မဟုတ်အငြင်းထွက်အကြောင်းခြင်းရာများ ရှိ မရှိ ဆုံးဖြတ်ရန်အတွက် လိုအပ်သောအကြောင်းခြင်းရာများ မဟုတ်လျှင် ၎င်းမေးခွန်းများကို သို့မဟုတ်စုံစမ်းစစ်ဆေးခြင်းများကို မေးမြန်းခြင်းမပြုရ။

ပုဒ်မ ၁၅၂။ စော်ကားရန် သို့မဟုတ် စိတ်ငြိုငြင်စေရန် ရည်ရွယ်သည်ဟု ထင်မြင်ရသော မေးခွန်းကိုဖြစ်စေ၊ သင့်လျော်ခြင်းဖြစ်သော်လည်း အကြောင်းမဲ့ မခံချင်စေမည်ဟု တရားရုံးက ထင်မြင်သော မေးခွန်းကိုဖြစ်စေ၊ တရားရုံးက တားမြစ်ရမည်။"

သက်သေတစ်ဦးအား ပြန်လှန်မေးမြန်းရာ၌ မေးချင်သလို မေးမြန်းခွင့် မရှိကြောင်း ဤပြဋ္ဌာန်းချက်များက အထင်အရှား ညွှန်ပြလျက်ရှိပေသည်။

ဦးတင်ရီက မိမိသည် ဒေါ်မေသိန်းဆွေအား အချင်းဖြစ် မေးခွန်းများကို မေးမြန်းခြင်းဖြင့် ( **misconduct**) မဖြစ်ကြောင်းတင်ပြ လျှောက်ထားသည်။ ဒေါက်တာဘဟန် ပြုစုသော အင်္ဂလိပ် မြန်မာ အဘိဓါန်တွင် (**misconduct**) ကို "အကျင့် ဖေါက်ပြန်ခြင်း၊ အကျင့် ဖေါက်ဖျက်မှု၊ ဖေါက်လဲ ဖေါက်ပြန်မှု၊ ဖေါက်လဲဖေါက်ပြန်ပြုခြင်း၊ အလွဲမကောင်းသော အကျင့်အကြံအမူအရာ အပြုအမူ၊ မကောင်းကျင့်မကောင်းကြံ"ဟူ၍ ဘာသာပြန်ထားသည်။

ရှေ့နေတစ်ဦးသည်သက်သေခံဥပဒေနှင့် ကင်းကွာ၍မရချေ။ ဝါရင့်ရှေ့နေတစ်ဦးဖြစ်သူဦးတင်ရီအနေဖြင့် အချင်းဖြစ်မေးခွန်းများမှာ အမှုနှင့်သက်ဆိုင်ခြင်းမရှိသည့်အပြင်သက်သေခံဥပဒေပုဒ်မ ၁၅၁ နှင့် ပုဒ်မ ၁၅၂ တို့တွင် ပိတ်ပင်ထားသော မေးခွန်းမျိုးဖြစ်ကြောင်းကိုလည်းကောင်း၊ ယင်းမေးခွန်းများ အမေးခံရသော မိန်းမသားတစ်ဦးအားလူဘုံအလယ်တွင် အရှက်တကွဲ အကျိုးနည်း ဖြစ်စေသည်ကို လည်းကောင်း သိကောင်းသည်။ မမေးသင့်

၁၉၇၅ ဗဟိုတရားရုံး ရှေ့နေတစ်ဦး ကိစ္စ

မမေးထိုက်သော၊ သက်သေခံဥပဒေက ပိတ်ပင်ထားသော၊ ထို့ပြင် တပါးသူအား အရှက်ရစေသော မေးခွန်းများကို မေးမြန်းခြင်းဖြင့် ဦးတင်ရီသည် မကောင်းကျင့် မကောင်းကြံဖြင့် ပြုမူဆောင်ရွက်ရာ ရောက်သောကြောင့် ဗဟိုတရားရုံး ရှေ့နေများကောင်စီ ဥပဒေ ပုဒ်မ ၁၀ (၁) တွင် ပြဋ္ဌာန်းထားသည့် (**misconduct**) ကို ကျူးလွန်ရာရောက်သည်ဟု ယူဆရပေသည်။

ဗဟိုတရားရုံး ရှေ့နေများကောင်စီခုံရုံးက အောက်ပါအတိုင်း သုံးသပ်သည်—

> "ဗဟိုတရားရုံးရှေ့နေဦးတင်ရီသည် အမျိုးသမီးသက်သေတစ်ဦးအား လူ့ဘုံအလယ်၌ အရှက်တကွဲ ဖြစ်စေလိုသော သဘောဖြင့် မိမိ၏အမှုသည်အကြိုက် မေးမြန်းခဲ့သည်။ ဗဟိုတရားရုံးရှေ့နေများ အခွင့်အရေးကို မတရားအလွဲသုံးစားပြုလုပ်ရာရောက်သည်။ စောင့်ထိန်းအပ်သည့်သိက္ခာကိုစောင့်ထိန်းခြင်း မပြုရုံသာမက ရှေ့နေလောကတစ်ခုလုံး၏ ဂုဏ်သိက္ခာကို သေးသိမ်ညှိုးငယ်အောင် ပြုရာရောက်သည်။"

ကျွန်ုပ်တို့ ဗဟိုတရားစီရင်ရေးအဖွဲ့ကလည်း၊ ဤခုံရုံးနည်းတူ သဘောရရှိသည်။ အဖနှင့် သမီး၊ မောင်နှင့် နှမတို့ ကြားသင့် နာသင့်သည်မဟုတ်သော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ယဉ်ကျေးသိမ်မွေ့စွာ ပြုမူဆောင်ရွက်ကြရသည့် တရားရုံးရှေ့တွင် သက်သေတစ်ဦးအား မဆိုမဆိုင် မေးမြန်းခြင်းဖြင့် မှန်မြတ်သောအသက်မွေးမှုအဖြစ် အများလက်ခံထားသော လူ့အဖွဲ့အစည်းတစ်ခုတွင် ပါဝင်သောရှေ့နေတစ်ဦးအနေဖြင့် စောင့်ထိန်းရမည့် ကျင့်ဝတ်ကို ဦးတင်ရီဖောက်ဖျက်ခဲ့သည်ဟု ကျွန်ုပ်တို့ ကောက်ယူသည်။

အထက်ပါအကြောင်းတို့ကို ထောက်ရှု၍၊ ဗဟိုတရားရုံးရှေ့နေ ဦးတင်ရီသည် ကျင့်ဝတ်သိက္ခာ ဖေါက်ဖျက် ကျူးလွန်ခဲ့သည့်အတွက်၊ ဗဟိုတရားရုံးရှေ့နေများကောင်စီ အက်ဥပဒေပုဒ်မ ၁၀ ( ၁ ) အရ ဤအမိန့်ချမှတ်သည့်နေ့မှ (၂) နှစ်အတွင်း ၎င်း၏ ရှေ့နေလိုက်ပါဆောင်ရွက်ခွင့်ကို ရပ်သိမ်းလိုက်သည်။

# တရားမအထွေထွေအယူခံမှု

## ဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်ခင်မောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးဝင်းမောင်နှင့် ဦးဘမော်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၈၅
ဒီဇင်ဘာလ
၂ ရက်

ဒေါ်သန်းကြည်
နှင့်
ဒေါ်နှင်းအေး *

**၁၉၆၀ပြည့်နှစ်၊မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၂) (၃) (၄)နှင့် သက်သေခံ ဥပဒေပုဒ်မ ၁၁၅—တရားနိုင်သည် အိမ်အပ်ဝရမ်းကို တရားရှုံး၏ တရားဝင်ကိုယ်စားလှယ်အပေါ် အတည်ပြုပြီး နောက်မှ ထိုသူမှာ တရားရှုံးမဟုတ် အိမ်ငှားမဟုတ်ဟု ငြင်းဆိုနိုင်ခွင့် မရှိတော့ခြင်း။**

တရားနိုင် ဒေါ်နှင်းအေးသည် မြို့နယ်တရားရုံး၌ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (င) အရ ဒီကရီကို အတည်ပြုရာတွင် ကွယ်လွန်သူတရားရှုံး ဦးစိန်အပေါ် အိမ်အပ် ဝရမ်းထုတ်ဆင့်ခဲ့သည်။ အယူခံတရားလို ဒေါ်သန်းကြည်သည် ဦးစိန်၏ အတူနေသမီး ဖြစ်၍ ဒီကရီအတိုင်း လိုက်နာဖယ်ရှား ပေးခဲ့သည်။ နောက်ပိုင်းတွင် ဒေါ်နှင်းအေးက အဆိုပါဥပဒေပုဒ်မ ၁၂ (၁) (င) အရ ချုပ်ဆိုခဲ့သည့် ခံဝန်ချုပ်ပါ စည်းကမ်းချက်အတိုင်း လိုက်နာဆောင်ရွက်ရန် ငြင်းဆန်သောကြောင့်၊ ဒေါ်သန်းကြည်က ဒေါ်နှင်းအေးအပေါ် အဆိုပါ ဥပဒေ ပုဒ်မ ၁၂ (၂) (၃) (၄) အရ အရေးယူ ဆောင်ရွက်ပေးရန် မြို့နယ် တရားရုံးတွင် လျှောက်ထားသည်။ မြို့နယ် တရားရုံးက ဒေါ်သန်း ကြည်၏ လျှောက်ထားချက်ကို ခွင့်ပြုခဲ့သော်လည်း၊ ယင်းအမိန့်ကို တိုင်း တရားရုံးက ပယ်ဖျက်ခဲ့သည်။ ဒေါ်သန်းကြည်က တိုင်းတရားရုံး၏ အမိန့်ကို မကျေနပ်၍ ဗဟိုတရားရုံးသို့ အယူခံသည်။

**ဆုံးဖြတ်ချက်။** ။တရားနိုင် ဒေါ်နှင်းအေးသည် တရားမကျင့်ထုံးအမိန့် ၂၁၊ နည်း ၃၅ အရ တရားရှုံးဦးစိန်အပေါ် ထုတ်ဆင့်သည့် အိမ်အပ်ဝရမ်းကို

---

* ၁၉၈၅ ခုနှစ်၊ တရားမအထွေထွေ အယူခံမှု အမှတ် ၄။

† ၁၉၈၄ ခုနှစ်၊ တရားမအသေးအဖွဲ့မှု အမှတ် ၁၉၇ (မင်္ဂလာတောင်ညွန့်) တွင် ချမှတ်သော (၃–၁၀–၈၄) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကို အယူခံမှု။

သူ၏ သမီးဖြစ်၍ တရားဝင်ကိုယ်စားလှယ်ဖြစ်သူ အယူခံတရားလို ဒေါ်သန်းကြည်အပေါ် ချမှတ်အတည်ပြု၍၊ အချင်းဖြစ် ဥပစာမှ ဖယ်ရှား ထွက်ခွာစေခဲ့ပြီးနောက်၊ ခံဝန်ချုပ်အရ ဥပစာကို ပြန်လည် ပေးအပ်ရတော့မည့် ယခုအချိန်တွင်မှ၊ဒေါ်သန်းကြည်အား တရားရှင်မဟုတ်၊ အိမ်ငှားမဟုတ်ဟု ငြင်းဆိုနိုင်ခွင့် မရှိတော့ပေ။ ထိုသို့ ငြင်းဆိုခြင်းကို သက်သေခံ အက်ဥပဒေပုဒ်မ ၁၁၅ အရ တားမြစ်ပိတ်ပင်ထားပေသည်။

၁၉၇၅ ဒေါ်သန်းကြည် နှင့် ဒေါ်နှင်းအေး

အယူခံတရားလိုအတွက် — ဦးသန်းအောင်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် — ဒေါ်ခင်လေး၊ ဗဟိုတရားရုံးရှေ့နေ

တရားနိုင် ဒေါ်နှင်းအေးက ကွယ်လွန်သူ တရားရှင် ဦးစိန်အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(င)အရ ဒီကရီအတည်ပြုပေးရန် မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၊ တရားမဇာရီမှုအမှတ် ၃၇/၇၃အရ ဆောင်ရွက်ရာတွင် မြို့နယ်တရားရုံးက တရားရှင် ဦးစိန်အပေါ် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊နည်း ၃၅အရ အိမ်အပ်ဝရမ်း ထုတ်ဆင့်ခဲ့သည်။ အယူခံတရားလို ဒေါ်သန်းကြည်က ကွယ်လွန်သူ တရားရှင် ဦးစိန်၏ အတူနေသမီးဖြစ်၍ ဒီကရီအတိုင်း လိုက်နာဖယ်ရှားပေးရန် တာဝန်ရှိသည့် အားလျော်စွာ၊ ၁၂-၄-၇၀ ရက်နေ့တွင် အချင်းဖြစ်အိမ်မှ ထွက်ခွာ၍ တရားနိုင် ဒေါ်နှင်းအေးသို့ လက်ရောက်ပေးအပ်ခဲ့သည်။ ထိုရက်မတိုင်မီ ၁-၃-၇၀ ရက်နေ့တွင် တရားနိုင် ဒေါ်နှင်းအေးကအဆိုပါဥပဒေပုဒ်မ ၁၂(၁)(င)အရ လိုအပ်သည့် ခံဝန်ကို မြို့နယ်တရားရုံး၌ ချုပ်ဆိုခဲ့ရာ၊ အဆိုပါခံဝန်ချုပ်တွင် တရားနိုင် ဒေါ်နှင်းအေးက အချင်းဖြစ် ဥပစာကို တရားရှင်များ ပြောင်းရွှေ့ထွက်ခွာသည့်နေ့မှ ၆ လအတွင်း ပြီးစီးအောင် ပြုပြင်မည့်အကြောင်း၊ ပြုပြင်ပြီးသည့်အခါ ဥပစာမှ ဖယ်ရှားပေးရသော အိမ်ငှားက ပြန်လည်ရယူလိုက ဥပစာကို ပြန်လည်ပေးအပ်မည့်အကြောင်းနှင့်၊ ထိုခံဝန်ကို ဖောက်ဖျက်ပါက ငွေကျပ် ၁၀၀၀၀/-ကို အစိုးရဘဏ္ဍာအဖြစ် ပေးလျော်မည့်အကြောင်း ဖော်ပြပါရှိသည်။ အဆောက်အအုံ ဆောက်လုပ်ပြီးစီး၍ အဆိုပါ ခံဝန်ချုပ်ပါအတိုင်း ပြန်လည်နေရာချထားပေးရန် ဒေါ်သန်းကြည်က တောင်းဆိုသောအခါ တရားနိုင် ဒေါ်နှင်းအေးက လိုက် နာ ဆောင် ရွက် ရန် ငြင်းဆန်လာသောကြောင့် ဒေါ်သန်းကြည်က ဒေါ်နှင်းအေးအပေါ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၂)(၃)(၄)အရ အရေးယူဆောင်ရွက်ပေးရန် မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံး၊ တရားမ အထွေထွေမှုအမှတ် ၇/၇၃ တွင် လျှောက်ထားသည်။ မြို့နယ်တရားရုံးက ဒေါ်သန်းကြည်သည် ကွယ်လွန်သူ **အိမ်ငှား ဦးစိန်၏ အတူနေ သမီးဖြစ်၍ မြို့ပြဆိုင်ရာ ငှားရမ်းခ**

၁၉၈၅
ဒေါ်သန်း
ကြည်
နှင့်
ဒေါ်နှင်းအေး

ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂(ဆ)အရ အိမ်ငှားပင်ဖြစ်သည်ဟု ကောက်ယူကာ ဒေါ်သန်းကြည်၏လျှောက်ထားချက်ကို ခွင့်ပြုခဲ့သော်လည်း၊ ယင်းအမိန့်ကို ရန်ကုန်တိုင်းတရားရုံးက ပယ်ဖျက်လိုက်သောကြောင့်၊ ဒေါ်သန်းကြည်က မကျေနပ်၍ ဗဟိုတရားရုံး၌ ဤအထွေထွေအယူခံကိုတင်သွင်းသည်။

ရန်ကုန်တိုင်း တရားရုံးက ဒေါ်သန်းကြည်သည် တရားရှင် ဦးစိန်၏ သမီးသာဖြစ်၍ အိမ်ငှားမဟုတ်ကြောင်း ကောက်ယူဆုံးဖြတ်ကာ မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ခဲ့ခြင်း ဖြစ်သည်။

အယူခံ တရားလို၏ အကျိုးဆောင်က အယူခံတရားလို ဒေါ်သန်းကြည်သည် ကွယ်လွန်သူ အိမ်ငှား ဦးစိန်၏ သမီးဖြစ်၍ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂(ဆ)အရ အိမ်ငှားဖြစ်ကြောင်းတင်ပြ၍၊ အယူခံ တရားပြိုင်၏ အကျိုးဆောင်ကလည်း ဦးစိန်သာလျှင် အိမ်ငှားဖြစ်၍ ဒေါ်သန်းကြည်သည် အိမ်ငှားမဟုတ်ကြောင်းနှင့်၊ ဦးစိန် ကွယ်လွန်ပြီးနောက် ကာလ စည်းကမ်းသတ်ရက် ၉၀ အတွင်း တရားဝင် ကိုယ်စားလှယ်အဖြစ် ပါဝင်ခွင့်ပြုရန် လျှောက်ထားခဲ့ခြင်း မရှိကြောင်း စသည်ဖြင့် တင်ပြလျှောက်ထားသည်။

အိမ်ငှားနှင့်စပ်လျဉ်း၍ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂(ဆ)တွင် အဓိပ္ပာယ်ဖွင့်ဆိုထားရာ မူလအိမ်ငှား၏ တရားဝင် ကိုယ်စားလှယ် ပါဝင်ကြောင်း တွေ့ရသည်။ အယူခံ တရားလို ဒေါ်သန်းကြည်မှာလည်း ကွယ်လွန်သူ အိမ်ငှားဦးစိန်၏ အတူနေသမီးဖြစ်၍၊ တရားဝင်ကိုယ်စားလှယ် ဖြစ်ကြောင်းမှာလည်း အမှုတွဲ၌ ပေါ်ပေါက်သည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၅၀ နှင့် ၁၄၆ ပါ ပြဋ္ဌာန်းချက်များအရဆိုလျှင်လည်း ကွယ်လွန်သူ တရားရှင်၏ တရားဝင် ကိုယ်စားလှယ်အပေါ် ဒီကရီ အတည်ပြုရန် ဆောင်ရွက်ခွင့်ရှိပေသည်။ တရားမကျင့်ထုံးအမိန့် ၂၂၊ နည်း ၃ နှင့် ၄ ပါ ပြဋ္ဌာန်းချက်များသည် နည်း ၁၂အရ တရားမဇာရီမှုများနှင့် အကျုံးမဝင်သောကြောင့်၊ ကွယ်လွန်သူ တရားရှင် ဦးစိန်၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ဇာရီမှု၌ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက်၊ ကာလစည်းကမ်းသတ်ရက် ၉၀ အတွင်း လျှောက်ထားရန်ပင် လိုသည်မဟုတ်ပေ။ တရားနိုင် ဒေါ်နှင်းအေးသည် တရားမကျင့်ထုံး အမိန့် ၂၁၊ နည်း ၃၅ အရ တရားရှင် ဦးစိန်အပေါ် ထုတ်ဆင့်သည့် အိမ်အပ်စရမ်းကို၊ သူ၏သမီးဖြစ်၍ တရားဝင် ကိုယ်စားလှယ်ဖြစ်သူ အယူခံတရားလို ဒေါ်သန်းကြည်အပေါ် ချမှတ်အတည်ပြု၍ အချင်းဖြစ် ဥပစာမှ ဖယ်ရှားထွက်ခွာစေခဲ့ပြီးနောက်၊ ခုံဝန်ချုပ်အရ ဥပစာကို ပြန်လည်ပေးအပ်ရတော့မည့် ယခုအချိန်တွင်မှ ဒေါ်သန်းကြည်အား

တရားရှုံးမဟုတ်၊ အိမ်ငှားမဟုတ်ဟု ငြင်းဆိုနိုင်ခွင့် မရှိတော့ပေ။ ထိုသို့ ငြင်းဆိုခြင်းကို သက်သေခံ အက်ဥပဒေပုဒ်မ ၁၁၅ အရ တားမြစ်ပိတ်ပင်ထားပေသည်။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံး၏အမိန့်ကို ပြန်လည်အတည်ပြုလိုက်သည်။ တရားရုံး အဆင့်ဆင့်စရိတ်ကို အယူခံ တရားပြိုင်က ကျခံစေရမည်။ ရှေ့နေခကို ကျပ် ၅၀/—သတ်မှတ်သည်။

# အမှားပြင်ဆင်ချက်

## ( တရားမမှုများ )

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁ | ၂၄ | တိုင်းတရားရုံးများ၏ | တိုင်းတရားရုံး၏ |
| ၁၂ | ၄ | မရွှေ့ပြောင်းနိုင်သော | မရွှေ့ မပြောင်း နိုင်သော |
| ၁၅ | ၄ | ပစ္စည်းစာရင်းကောက် ရုံမပြီးခြင်း | ပစ္စည်းစာရင်း ကောက်ယူရုံမျှဖြင့် မပြည့်စုံခြင်း |

# ပြည်ထောင်စုဆို ရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် တရားစီရင်ထုံးများ

## ၁၉၈၅–ခုနှစ်၊ ပထမနှင့် ဒုတိယ သုံးလပတ် (ပြစ်မှု)အမှားပြင်ဆင်ချက်

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၃ | ၂၄ | သက်သေခခွင့် | သက်သေခံခွင့် |

## ၁၉၈၅–ခုနှစ်၊ ပထမနှင့် ဒုတိယ သုံးလပတ်(တရားမ)အမှားပြင်ဆင်ချက်

| | | | |
|---|---|---|---|
| ၁ | ၂၇ | တိုင်းတရားရုံးများ၏ | တိုင်းတရားရုံး၏ |
| ၁၂ | ၇ | မရွှေ့ပြောင်းနိုင်သော | မရွှေ့မပြောင်းနိုင်သော |
| ၁၅ | ၇ | ကောက်ရုံမပြီးခြင်း | ကောက်ယူရုံမျှဖြင့်မပြီးခြင်း |

## ၁၉၈၅-ခုနှစ်၊ တတိယ သုံးလပတ်(တရားမ)အမှားပြင်ဆင်ချက်

| | | | |
|---|---|---|---|
| ၆၆ | ၁၆ | မရှိ | ကိုယ်စားလှယ်စာရသူ<br>ဦးအောင်ကြည်။ |
| ၆၆ | ၁၇ | မရှိ | ကိုယ်စားလှယ်စာရသူ<br>ဦးသောင်းတင် |

## ၁၉၈၅-ခုနှစ်၊ စတုတ္ထ သုံးလပတ် (တရားမ)အမှားပြင်ဆင်ချက်

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ဏ | ၁၅ | ခြင်–း | ခြင်း- |
| ဏ | ၁၅ | မေ့ဝေစု | အမွေဝေစု |
| ဏ | ၂၇ | ဥပရေ | ဥပဒေ |
| တ | ၁၄ | မရနိုင်၊ | မရနိုင်– |
| တ | ၁၆ | မေးခွန်းမျိုး | မေးခွန်းမျိုး၊ |
| ၇၇ | ၁၃ | တားမြစ်ခြင်းမရှိ- | တားမြစ်ထားခြင်းမရှိ- |
| ၇၈ | ၂၅ | ဒေါ်စီတို့၏ | ဒေါ်စီတို့၏ |
| ၈၀ | ၂၃ | ဒိဂရီ | ဒီကရီ |
| ၈၇ | ၁၇ | မေးမြန် | မေးမြန်း |

## ၁၉၈၅-ခုနှစ်၊ စတုတ္ထ သုံးလပတ် (အထွေထွေ) အမှားပြင်ဆင်ချက်

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| မာတိကာ | ၂၈ | ၉၅ | ၅၉ |
| ၉ | ၂၀ | စွဲဆိုလွှာများ | သည့်စွဲဆိုလွှာများ |
| ၁၀ | ၂ | ကြပ်မတ် | ကြပ်မ |
| ၁၂ | ၃ | ACTS | ACT |
| ၁၃ | ၁၉ | ဖျက်သိမ်း | ဖျက်ဆီး |
| ၁၄ | ၄ | တံဆိပ်ခေါင်း | တံဆိပ်ခေါင်း |
| ၁၄ | ၇ | အရာရှိ | အရာရှိက |
| ၁၅ | ၃ | | |


တရားဘက်ဆိုင်ရာ အမှုတွဲခန်း
လှည့်လည်သောနေ့၌
ဖောက်ပြီး

တရားဘက်ဆိုင်ရာ အမှုတွဲခန်း
လှည့်လည်သောနေ့၌
ဖောက်ပြီး

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၅ | ၉ | မပြုရ၊ | မပြုရ။ |
| ၁၅ | ၁၄ | တံဆိပ်ခေါင်း | တံဆိပ်ခေါင်း |
| ၁၅ | ၂၁ | ဖျက်သိမ်းသေးသော | မဖျက်သိမ်းသေးသော |
| ၁၆ | ၁၃ | ကြေနှပ် | ကျေနပ် |
| ၁၇ | ၅ | သို့ပို့ပေးသည့် | သို့ပေးပို့သည့် |
| ၁၈ | ၄ | ဝရးမ်ပို့နှင့် | ဝရမ်းနှင့်ပို့ |
| ၁၉ | ၁၄ | စိစစ်ရေး | စီရင်ရေး |
| ၂၄ | ၆ | into jail | into any jail |
| ၂၄ | ၉နှင့်၁၀ | have jointly | have been jointly |
| ၂၄ | ၁၃ | axmitting | admitting |
| ၂၅ | ၁၁ | sentence | sentences |
| ၂၆ | ၂၇ | imprisonment for terms | imprisonment or transportation or to transportation and imprisonment for terms |
| ၂၇ | ၉ | အလုပ်မဲ့။ | အလုပ်မဲ့၊ |
| ၂၇ | ၂၁ | အစပြုရမည်၊ | အစပြုရမည်။ |
| ၂၇ | ၂၁နှင့်၂၂ | ထိုတ်ဆင့်သောနောက်၊ | ထုတ်ဆင့်သောနောက် |
| ၂၈ | ၂၀ | ရှိသော | ရှိသော် |
| ၂၉ | ၄ | တဝက်ကိုဖြစ်စေ၊ | အဝတ်ကိုဖြစ်စေ၊ |
| ၂၉ | ၁၂ | ရေးမှတ်ထားရမည်၊ | ရေးမှတ်ထားရမည်။ |
| ၃၀ | ၈ | ဓားပြ | ဒမြ |
| ၃၀ | ၂၆ | ခံရဘူးကြောင်းမရှိ | ခံရဘူးကြောင်းထင်ရှားမရှိ |
| ၃၀ | ၂၇ | ဓားပြဂိုဏ်း | ဒမြဂိုဏ်း |
| ၃၁ | ၁၁ | မပြုဘဲနေလျှင်၊ | မပြုပဲနေလျှင်၊ |
| ၃၁ | ၂၄ | ခွဲခြားရန် | မခွဲခြားရန် |
| ၃၁ | ၂၉ | တစ်ဦး | တဦး |
| ၃၂ | ၁၂ | တစ်ဦး | တဦး |
| ၃၂ | ၁၆ | မဆိုပါ | အဆိုပါ |
| ၃၂ | ၂၈ | မဆုံးဖြတ်ဘဲ | မဆုံးဖြတ်ပဲ |
| ၃၂ | ၂၈ | မဖြည့်သွင်းဘဲ | မဖြည့်သွင်းပဲ |
| ၃၄ | ၁၇ | ြ | ပြ |
| ၃၇ | ၁၅ | လည်းကောင်၊ | လည်းကောင်း၊ |
| ၄၄ | ၁၇ | အချုပ်ခံရသည် | အချုပ်ခံရသည်။ |
| ၅၉ | ၂၁ | နိုင်ယုံမက | နိုင်ရုံမက |
| ၅၉ | ၃၀ | လာဘ်ယူမှု | လာဘ်ပေးလာဘ်ယူမှု |
| ၆၀ | ၁၀ | ကြပ်မတ် | ကြပ်မ |